# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၉ ခုနှစ် ဝါခေါင်လဆန်း ၆ ရက်၊ စနေနေ့။ Saturday, 29 July 2017 (၉၀၀၀)


**မကောင်းမှုကို ရှောင်ကြဉ်**

အဖော်နည်းသော များသောဥစ္စာရှိသော ကုန်သည်ကြီးသည် ဘေးအန္တရာယ်များသော ခရီးကိုရှောင်ကြဉ်သကဲ့သို့လည်းကောင်း၊ အသက်ရှင်လိုသောသူသည် လတ်တလော သေစေတတ်သော အဆိပ်ကိုရှောင်ကြဉ်သကဲ့သို့လည်းကောင်း ပညာရှိသည် မကောင်းမှုကို ရှောင်ကြဉ်ရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၃)

**ပြည်သူ့လွှတ်တော်** မြန်မာနိုင်ငံသည် ကမ္ဘာတွင်သစ်တောပြုန်းတီးမှု အဆိုးဆုံးအခြေအနေနှင့် ရင်ဆိုင်နေရပြီး အိမ်နီးချင်းနိုင်ငံများသို့လည်း တရားမဝင်သစ်များရောက်ရှိနေ စာ » ၅

**အမျိုးသားလွှတ်တော်** ရွှေသတ္တု တူးဖော်ထုတ်လုပ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးမှုများကို ကုစားပေးခြင်း၊ နစ်နာမှုအတွက် လျော်ကြေးငွေ ပေးအပ်ခြင်းတို့ကို ဆောင်ရွက်သွားမည် စာ » ၅

# ကူးစက်မြန်ပြင်းထန် ကြက်ငှက်တုပ်ကွေးရောဂါ(A/H5N1)ရောဂါဖြစ်ပွားမှု ထားဝယ်မြို့နယ်တွင် ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၈**

ထားဝယ်မြို့နယ် ဝဲကျွန်းထိန်သစ် ရပ်ကွက်ရှိ ကြက်မွေးမြူရေးခြံတွင် မွေးမြူထားသည့် အသက် (၃)လမှ (၁၂)လအရွယ် ဥစားကြက်ကောင်ရေ ၅၀၀၀ သည် ဇူလိုင် ၁၆ ရက်မှ စတင်ကာ ပုံမှန်မဟုတ်သော သေဆုံးမှုဖြစ်ပေါ်ခဲ့ကြောင်း သိရှိရပြီး ရန်ကုန်တိရစ္ဆာန်ရောဂါရှာဖွေရေး ဓာတ်ခွဲခန်းသို့ ပို့ဆောင်စစ်ဆေးရာ ကူးစက်မြန်ပြင်းထန် ကြက်ငှက်တုပ်ကွေးရောဂါ (A/H5N1) ကြောင့်ဖြစ်ကြောင်း စစ်ဆေးအတည်ပြုနိုင်ခဲ့ပြီး ယခုအချိန်တွင် ရောဂါပြန့်ပွားမှုမရှိစေရန် ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ထားဝယ်က ကြက်ခြံတွေမှာ ကြက်ငှက်တုပ်ကွေး H5N1 ဖြစ်ပွားတာကို ရှင်းလင်းပြီးဖြစ်ပါတယ်။ ရောဂါက ပြန့်ပွားမှုရှိသလားဆိုတဲ့ စစ်ဆေးမှုတွေကိုလည်း ရောဂါထိန်းချုပ်ရေးအဖွဲ့တွေနဲ့ စစ်ဆေးဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူတွေကိုလည်း အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်။ ကြက်တွေမှာ H5N1 ရောဂါဖြစ်ပွားပြီဆိုရင် လူကိုကူးစက်နိုင်တဲ့အတွက် စနစ်တကျဆောင်ရွက်လျက်ရှိပါတယ်။ ကုသမှုအတွက် တိုက်ရိုက်ဆေးမရှိပါဘူး။ အထောက်အပံ့ ဆေးပဲရှိပြီးတော့ ရောဂါပျောက်ကင်းဖို့အတွက် အာမခံချက်နည်းပါတယ်။ လူကိုကူးစက်ခံရရင် အသက်အန္တရာယ်ထိခိုက်နိုင်ပါတယ်။ ဒါကြောင့် လူတွေကို မကူးစက်နိုင်ဖို့အတွက် **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻**



**ထားဝယ်မြို့ ဝဲကျွန်းထိန်သစ်ရပ်ကွက်၌ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့သည့် ကြက်မွေးမြူရေးခြံအား ဇူလိုင် ၂၇ ရက်က ပိုးသတ်ဆေးဖျန်းနေစဉ်။**

## မောင်တောကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာလေးသန်းကျော် ပြည်ပသို့ ကုန်ပစ္စည်းတင်ပို့နိုင်ဟုဆို

**မောင်တော ဇူလိုင် ၂၈**

မောင်တောကုန်သွယ်ရေးစခန်းမှ ယခုနှစ်ဝက် (၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ)ကာလအတွင်း ပြည်ပသို့ ကုန်ပစ္စည်းတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၄၆၅၂၅၇၆ ဒေါ်လာရှိကြောင်း မောင်တောကုန်သွယ်ရေးစခန်းမှ သိရသည်။

မောင်တောခရိုင်တွင် ၂၀၁၆ ခုနှစ် အောက်တိုဘာလ အကြမ်းဖက်တိုက်ခိုက်ခံရမှုကြောင့် နယ်စပ်ကုန်သွယ်ရေးအပေါ် ရိုက်ခတ်မှုရှိခဲ့ပြီး ကုန်ပစ္စည်းတင်ပို့မှု နှောင့်နှေးခဲ့ရသော်လည်း ယခုအခါ ပုံမှန်ပြည်လည်တင်ပို့နိုင်ပြီဖြစ်ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံရှိ နယ်စပ်ကုန်သွယ်ရေးစခန်းများအနက် မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းသည် သွင်းကုန်ပစ္စည်းထက် ပို့ကုန်ပစ္စည်းပိုမိုတင်ပို့ရသည့် ကုန်သွယ်ရေးစခန်းဖြစ်ပြီး သွင်းကုန် ၁၀ ရာခိုင်နှုန်း၊ ပို့ကုန် ၉၀ ရာခိုင်နှုန်းရှိသည့် ကုန်သွယ်ရေးစခန်းတစ်ခုဖြစ်ကြောင်း မောင်တောနယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းက ပြောသည်။

**စာမျက်နှာ ၃ ကော်လံ ၅ သို့ ✻**










# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုး

**နေပြည်တော် ဇူလိုင် ၂၈**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက် ၇ နာရီတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ ကျင်းပသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ရေဆင်းဆည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ဒုတိယအကြိမ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့ ရေဆင်းဆည် ပတ်ဝန်းကျင်တွင် ၂၀၁၁ ခုနှစ်မှစတင်၍ နှစ်စဉ်သစ်ပင်များ စိုက်ပျိုးခဲ့ရာ ခုနစ်နှစ်အတွင်း ရတနာတန်းဝင်ပင်၊ နှစ်ရှည်ပင်၊ အရိပ်ရလေကာပင်များ စုစုပေါင်း တစ်သိန်းကျော် စိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်း၊ ရှင်သန်ဖြစ်ထွန်းမှုများရှိသကဲ့သို့ စိုက်ပျိုးမှုနည်းစနစ်အားနည်းခြင်း၊ တောမီးလောင်ခြင်း စသည်ဖြင့် အကြောင်းအမျိုးမျိုးကြောင့် သေဆုံးမှုတချို့လည်းရှိကြောင်း၊ အချိန်ပေးပြီး ဆောင်ရွက်ကြရခြင်းဖြစ်၍ အပင်များရှင်သန်စေရန်၊ အကျိုးရှိစေရန်၊ အောင်မြင်စေရန် လုပ်ဆောင်ကြရမည် ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။



ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးတို့က မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအထိမ်းအမှတ် ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးကြသည်။ ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အခမ်းအနားတက်ရောက်လာကြသူများက ပျိုးပင်များအား သတ်မှတ်နေရာအသီးသီးတွင် စိုက်ပျိုးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည်၊ မိသားစုများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယနေ့ကျင်းပသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ၂၀၁၇ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်းပင် ၈၀၀၀ စိုက်ပျိုးခဲ့ကြသည်။

ရေဆင်းဆည်ပတ်ဝန်းကျင်တွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ၂၀၁၁ ခုနှစ်မှစတင်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများက မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများပြုလုပ်၍ နှစ်စဉ်စိုက်ပျိုးခဲ့ရာ ယနေ့အထိ အကြိမ် ၂၀ စိုက်ပျိုးခဲ့ပြီး ကျွန်း၊ ပိတောက်၊ ပျဉ်းကတိုး၊ သရက်၊ မန်ကျည်း၊ ပိန္နဲ၊ တမာ၊ သစ်စိမ့်၊ မဲဇလီ၊ ကုက္ကို၊ ငုဝါ၊ စိန်ပန်း၊ ခရေ၊ ကံ့ကော်၊ ဧကရာဇ်ပင်နှင့် အော်ရေးရှားပင် စသည့်စိုက်ပျိုးပင် စုစုပေါင်းအပင် ၁၀၀၉၅၀ ကို စိုက်ပျိုးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**✽ ရှေ့ဖုံးမှ**

ကြက်ခြံတွေမှာ ရောဂါရှင်းလင်းရေးကို သေချာစွာ ဆောင်ရွက်ရပါတယ်။ ရှင်းလင်းပြီးရင် ရောဂါထိန်းချုပ်မှုအနေနဲ့ ဒီဒေသမှာ ကြက်၊ ကြက်သား၊ ကြက်ဥ စတာတွေကို တားဆီးပိတ်ပင်ထားပါတယ်”ဟု မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းက ပြောကြားသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် Virus မျိုးကွဲအားသိရှိနိုင်ရန်အတွက် ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)နှင့် ပူးပေါင်း၍ ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးအဖွဲ့၏ ဒေသဆိုင်ရာ ရည်ညွှန်းကိုးကား ဓာတ်ခွဲခန်း ဖြစ်သည့် Australia နိုင်ငံ Geelong ရှိ Australia Animal Health Laboratory (AAHL) သို့ ရောဂါနမူနာပစ္စည်းများ ပေးပို့ထားကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ထားဝယ်မြို့နယ်အတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုနှင့် ပတ်သက်ပြီး ဇူလိုင် ၂၆ ရက် ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်ရပ်ထုတ်ပြန်ခဲ့ပြီး အဆိုပါထုတ်ပြန်ချက်တွင် ဒေသခံများအနေဖြင့် ကြက်/ဘဲ ထွက်ကုန်ပစ္စည်းအမျိုးမျိုးကို စားသုံးခြင်းမပြုကြရန်နှင့် ကြက်/ဘဲ ထွက်ကုန်အမျိုးမျိုးကို ထပ်မံ၍သတင်းထုတ်ပြန်ခြင်း မပြုမီကာလပတ်လုံး ရောင်းဝယ်သယ်ဆောင်ခြင်းမပြုကြရန် ဖော်ပြထားသည်။

“ဇူလိုင် ၂၂ ရက်မှာ ထားဝယ်က ကြက်ခြံမှာ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ပါတယ်။ ဒီလိုဖြစ်ပွားလာရင် ဖြစ်ပွားတဲ့ ခြံတင်မကဘဲ အနီးအနားက ခြံတွေကိုပါ စစ်ဆေးရှင်းလင်းရပါတယ်။ အနီးမှာ ခြံငါးခြံရှိတယ်။ ဒီထဲက ခြံလေးခြံမှာ ကြက်ရှိတယ်။ ကျန်တဲ့ခြံတစ်ခြံက ကြက်မရှိဘူး။ ကြက်မွေးထားတဲ့ ခြံလေးခြံကို ဇူလိုင် ၂၇ ရက်ညမှာ ရှင်းလင်းပြီးပါတယ်။ ရှင်းလင်းတဲ့အခါ ရောဂါပိုးမပျံ့နှံ့နိုင်အောင် ပိုးရှိတဲ့ ကြက်တွေကို အရင်မီးရှို့ဖျက်ဆီးပြီးမှ အနည်းဆုံးအနက် ၁၀ ပေလောက်ရှိတဲ့ တွင်းထဲမှာ မြှုပ်နှံရပါတယ်။ ပြီးရင် ပိုးသတ်ဆေးဖျန်းတဲ့ လုပ်ငန်းကိုလည်း စနစ်တကျလုပ်ဆောင်ရပါတယ်။ ဒီလိုစနစ်တကျ လုပ်ဆောင်ပြီး ရောဂါ ရှိ၊ မရှိ ထပ်မံစစ်ဆေးတဲ့ စမ်းသပ်ကာလ ရက် ၉၀ ရှိပါတယ်။ ရက် ၉၀ မှာ ပိုးမတွေ့တော့ရင် ရောဂါကင်းရှင်းကြောင်း ကြေညာပြီး တွေ့သေးတယ်ဆိုရင် နောက်ထပ် ရက် ၉၀ သတ်မှတ်ပြီး လုပ်ဆောင်ရပါတယ်”ဟု ရောဂါထိန်းချုပ်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းက ပြောသည်။

ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်ရေးပူးပေါင်းအဖွဲ့သည် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ ထားဝယ်မြို့နယ် ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ရေး ကော်မတီဝင်များနှင့် ပူးပေါင်းလျက် ရောဂါစတင်ဖြစ်ပွားသည့်ကြက်ခြံ၊ အဆိုပါ ခြံပတ်ဝန်းကျင်ရှိ ကြက်ခြံများနှင့် ကြက်ဒိုင်များမှ စုဆောင်းထားသောကြက်များ ပါဝင်သည့် ကြက်ကောင်ရေ ၂၀၉၀၇ ကောင်ကို ပိုင်ရှင်များ၏ သဘောတူညီချက်ဖြင့် ရှင်းလင်းခဲ့ကြောင်း သိရသည်။

“ကြက်ငှက်တုပ်ကွေးက အေ၊ ဘီ၊ စီ အုပ်စု သုံးခုရှိပါတယ်။ အေအုပ်စုက လူနဲ့ တိရစ္ဆာန်မှာ အများဆုံးဖြစ်တတ်ပြီးတော့ ကပ်ရောဂါအသွင်ဖြစ်ပွားနိုင်တဲ့ ပိုးအမျိုးအစားလည်း ဖြစ်ပါတယ်။ H5N1 ရောဂါဟာ ကြက်၊ ငှက်တွေမှာတင်မကဘဲ လူသားတွေကို ကူးစက်ဖြစ်ပွားခဲ့တာ ရှိခဲ့ပါတယ်။ WHO ရဲ့ ၂၀၁၇ ဇူလိုင် ၁၅ ရက်အထိစာရင်းတွေအရ နိုင်ငံ ၁၆ နိုင်ငံလောက်မှာ ကြက်၊ ငှက်တွေကနေတစ်ဆင့် လူ ၈၅၉ ဦး ကူးစက်ခံရပြီးတော့ ၄၅၃ ဦး သေဆုံးခဲ့တယ်လို့ သိရပါတယ်။ အကြမ်းအားဖြင့် ကူးစက်ခံရတဲ့သူ တစ်ဝက်လောက် သေဆုံးတာတွေ့ရပါတယ်”ဟု မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဒေါက်တာမင်းသိမ်းမော်က ပြောသည်။

မြန်မာနိုင်ငံတွင် ကူးစက်မြန်ပြင်းထန် ကြက်ငှက်တုပ်ကွေးရောဂါ (A/H5N1) သည် ၂၀၀၆ ခုနှစ်မှ စတင်ကူးစက်ဖြစ်ပွားခဲ့ကြောင်းနှင့် စတင်ဖြစ်ပွားခဲ့သည့် ၂၀၀၆ ခုနှစ်မှ ယခုနှစ်အထိ ကိုးကြိမ်ဖြစ်ပွားခဲ့ပြီး ဖြစ်ပွားခဲ့သည့် ဖြစ်စဉ် ကိုးကြိမ်လုံးတွင် အရေးပေါ်ကာကွယ်ထိန်းချုပ်ရေး စီမံချက်ပါအတိုင်း ရောဂါထိန်းချုပ်ခြင်းကို ဆောင်ရွက်ခဲ့ကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

“ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ဗဟိုကော်မတီကို ဖွဲ့စည်းထားတာရှိပါတယ်။ သက်ဆိုင်ရာတိုင်းဒေသကြီးမှာလည်း ကော်မတီရှိပါတယ်။ ဒီကော်မတီကို လုပ်ဆောင်ရမယ့် စီမံချက်တွေပေးပို့ပြီး ဆောင်ရွက်ပါတယ်။ ထားဝယ်မှာ ဖြစ်ပွားတာနဲ့ ကျန်တဲ့တိုင်းဒေသကြီး/ပြည်နယ်တွေမှာလည်း ကြက်ငှက်တုပ်ကွေးဖြစ်ပွားမှု ရှိ၊ မရှိကို တစ်ပြိုင်တည်း စစ်ဆေးနေပါတယ်။ ကျန်တဲ့နေရာတွေမှာတော့ ဖြစ်ပွားမှုမရှိပါဘူး။ ဖြစ်ပွားတာ တွေ့ရှိရင်လည်း ချက်ချင်းအကြောင်းကြားဖို့ ပြောကြားထားပါတယ်။ ကြက်မွေးမြူတဲ့ ခြံတွေကို ကိုယ့်ခြံကို သေချာစောင့်ကြည့်ဖို့နဲ့ ကြက်ကောင်ရေ ၁၀၀ မှာ ငါးကောင်သေဆုံးမှုရှိတာနဲ့ စစ်ဆေးမှုပြုလုပ်နိုင်ဖို့အတွက် အကြောင်းကြားဖို့ ပြောကြားထားပါတယ်”ဟုလည်း ညွှန်ကြားရေးမှူးချုပ်က ဆိုသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ရောဂါကာကွယ်ထိန်းချုပ်တားဆီးရေးအဖွဲ့သည် ကြက်ငှက်တုပ်ကွေးရောဂါပိုး ပြန့်ပွားမှုမရှိစေရေးအတွက် သေဆုံးကြက်များအား တွင်းတူးမြေမြှုပ်ခြင်း၊ ဇီဝလုံခြုံရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းများဆောင်ရွက်ခြင်း၊ ရောဂါဖြစ်ပွားရာခြံသို့ ဝင်/ထွက်သွားလာမှုများ ကန့်သတ်ခြင်း၊ ကြက်ဥ/ကြက်သားများ ကူးသန်းရောင်းဝယ်မှုထိန်းချုပ်ခြင်း၊ ဇီဝလုံခြုံမှု စည်းမျဉ်းစည်းကမ်းများ တိကျစွာလိုက်နာဆောင်ရွက်ရန် ပညာပေးဟောပြောပွဲများဆောင်ရွက်ခြင်း၊ ရောဂါဖြစ်သည့် တစ်ကီလိုမီတာအတွင်း ရောဂါစူးစမ်းထောက်လှမ်းခြင်း၊ ရောဂါပိုးတွေ့ရှိသော ကြက်များနှင့် သေဆုံးကြက်များအား သုတ်သင်ဖယ်ရှားရှင်းလင်းခြင်း၊ သန့်ရှင်းရေးနှင့် ပိုးသတ်သန့်စင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့်အပြင် ခြံလုပ်သားများအား ကျန်းမာရေးစစ်ဆေးဆောင်ရွက်ပေးခြင်းကို ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း-ရှင်မင်း**

**ဓာတ်ပုံ- KYS၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**

# (၅၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီသည် (၅၄) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ဩဂုတ် ၂ ရက်မှ ၁၁ ရက်အထိ နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ရတနာပြပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြပွဲဗဟိုကော်မတီ ဥက္ကဋ္ဌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ယနေ့တွင် ပြပွဲကျင်းပမည့် မဏိရတနာ ကျောက်စိမ်းခန်းမသို့ လာရောက်ပြီး ရတနာပြပွဲဆိုင်ရာ လုပ်ငန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ပြပွဲဗဟိုကော်မတီဝင်များ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များ အသင်းချုပ်နှင့်



လုပ်ငန်းကော်မတီအသီးသီးမှ တာဝန်ရှိသူများက သက်ဆိုင်ရာလုပ်ငန်းများအလိုက် ရှင်းလင်းတင်ပြကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ရတနာပြပွဲတွင်ရောင်းချမည့် ကျောက်စိမ်းအတွဲများ မဏိရတနာကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ပြပွဲဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ လိုအပ်သည်များမှာကြားခဲ့သည်။

၂၀၁၇ ခုနှစ် (၅၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်မျက်ရတနာအတွဲပေါင်း ၃၂၆ တွဲကို အခြေခံဈေး ယူရို ၁၃ ဒသမ ၀၁၆ သန်းဖြင့်လည်းကောင်း၊ ကျောက်စိမ်းအတွဲပေါင်း ၆၅၆၁ တွဲကို အခြေခံဈေး ယူရို ၁၉၅ ဒသမ ၇၈၃ သန်းဖြင့်လည်းကောင်း ရောင်းချသွားမည်ဖြစ်ကြောင်း၊ ရတနာပြပွဲတက်ရောက်ကြမည့် ပြည်တွင်း၊ ပြည်ပရတနာ ကုန်သည်များအတွက် မှတ်ပုံတင်ခြင်းကို နေပြည်တော် မဏိရတနာ ကျောက်စိမ်းခန်းမရှိ ရတနာကုန်သည် မှတ်ပုံတင်အဆောက်အအုံ၌ ဇူလိုင် ၂၀ ရက်မှစ၍ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



**✽ မောင်တောမှ**

မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းမှ အဓိကတင်ပို့သော ကုန်ပစ္စည်းများမှာ လယ်ယာထွက်ကုန်ပစ္စည်းများအနေဖြင့် ချင်းအစို၊ တညင်းသီး၊ မြေပဲ၊ မတ်ပဲ၊ ကြက်သွန်ဖြူ၊ နှံစားပြောင်း၊ ဆီးသီးခြောက်၊ မရန်းသီး၊ ဆန်စပါး စသည်တို့ဖြစ်သည်။

ရေထွက်ပစ္စည်းများမှာ ရေငန်ပုစွန်၊ ငါးသလောက်၊ ငါးခေါင်းပွ၊ ငါးနီတူခြောက်၊ ငါးစုံလေးခြောက်၊ ငါးကုန်ညိုခြောက် စသည်တို့ဖြစ်ပြီး သစ်တောထွက်ပစ္စည်းအနေဖြင့် ဝါးများကို တင်ပို့သည်။

စက်မှုကုန်ချောပစ္စည်းများအနေဖြင့် စောင်အပါး၊ ကွေကာအုပ်၊ ဝက်ခြံပျောက်ခရင်မ်၊ သနပ်ခါးခဲ၊ ဖိနပ်၊ ထွန်းရွှေဝါ၊ သကြားလုံး၊ ဆီးယိုထုပ် စသည်တို့ဖြစ်သည်။

**သတင်းနှင့် ဓာတ်ပုံ - အေဝမ်းစိုး၊ မျိုးသူဟိန်း**

# ပါကစ္စတန်ဝန်ကြီးချုပ် နာဝပ်ရှရစ်ဖ် တရားရုံးချုပ်၏ဆုံးဖြတ်ချက်ဖြင့် ရာထူးမှဖယ်ရှားခံရ

**အစ္စလာမ္မာဘတ် ဇူလိုင် ၂၈**
မိသားစုပိုင်ဆိုင်သော ခနဥစ္စာများနှင့်ပတ်သက်၍ ကြေညာခြင်းမရှိသည့်အတွက် ဝန်ကြီးချုပ်ရာထူးတွင် ဆက်လက်တာဝန်ထမ်းဆောင်ခြင်းငှာ ထိုက်တန်ခြင်းမရှိဟု ပါကစ္စတန်တရားရုံးချုပ်က ဇူလိုင် ၂၈ ရက်တွင် ဆုံးဖြတ်လိုက်ရာ ဝန်ကြီးချုပ် နာဝပ်ရှရစ်ဖ်မှာ ရာထူးမှ ဖယ်ရှားခံလိုက်ရပြီဖြစ်ကြောင်း၊ အဂတိလိုက်စားမှုဆိုင်ရာ စွပ်စွဲချက်များနှင့်ပတ်သက်၍ တရားရုံးချုပ်တရားသူကြီးအဖွဲ့က တစ်ခဲနက်ဆုံးဖြတ်ချက် ချမှတ်လိုက်ခြင်းကြောင့် ယင်းနိုင်ငံတွင် နိုင်ငံရေးအရ ဝရုန်းသုန်းကား အခြေအနေတစ်ရပ်သို့ ဆိုက်ရောက်စေကြောင်း ရိုက်တာသတင်းဌာနက သတင်းထုတ်ပြန်သည်။

၂၀၁၆ ခုနှစ်တွင် "ပနားမား ပေါက်ကြားမှုကြီး"၏ အကျိုးဆက်အဖြစ် ဝန်ကြီးချုပ်နာဝပ်ရှရစ်ဖ်မှာ အဂတိလိုက်စားမှု စွပ်စွဲချက်များကိုရင်ဆိုင်ခဲ့ရပြီး တစ်နှစ်ကြာမျှ နိုင်ငံရေးအရ အငြင်းပွားပြောဆိုလာမှုများမှာ တရားရုံးချုပ်၏ ဆုံးဖြတ်ချက်အရ အထွတ်အထိပ်သို့ ရောက်ရှိသွားခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

"ပနားမားပေါက်ကြားမှုကြီး"ဆိုသည်မှာ ပနားမားအခြေစိုက် မော့ဆက်ဖွန်ဆေကာအမည်ရှိ ဥပဒေအကျိုးဆောင်ကုမ္ပဏီတစ်ခုနှင့် သက်ဆိုင်နေသော စာလွှာစာတမ်းများကို အမည်မသိ အရင်းအမြစ်တစ်ခုက ဖွင့်ချခဲ့ခြင်းဖြစ်သည်။ "ပနားမား စာလွှာစာတမ်းများ"ဟု ရည်ညွှန်းပြောဆိုသော ယင်းဖြစ်စဉ်တွင် ပင်လယ်ရပ်ခြားနိုင်ငံတကာကုမ္ပဏီများနှင့် သက်ဆိုင်နေသော ဘဏ္ဍာရေးဆိုင်ရာ သတင်းအချက်အလက်များ၊ ဥပဒေအကျိုးဆောင်နှင့် အမှုသည်တို့အကြား ဆက်သွယ်မှုမှတ်တမ်းများဖြစ်သည့် စာလွှာစာတမ်း ၁၁ ဒသမ ၅သန်းမှာ ပေါက်ကြားခဲ့သည်။

ဝန်ကြီးချုပ်နာဝပ်ရှရစ်ဖ်သည် အဂတိလိုက်စားမှုစွပ်စွဲချက်များအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဗျူရို၏ စုံစမ်းစစ်ဆေးမှုကိုခံခဲ့ရပြီး အစိုးရအဖွဲ့အကြီးအကဲရာထူးနှင့် ထိုက်တန်ခြင်းမရှိတော့ဟု တရားသူကြီး ငါးဦးပါ ဂျူရီအဖွဲ့က တစ်ခဲနက်ဆုံးဖြတ်ခဲ့သည်။




ဝန်ကြီးချုပ်နာဝပ်ရှရစ်ဖ်သည် တရားရုံးချုပ်၏ ဆုံးဖြတ်ချက်ပေါ်ထွက်ခဲ့အပြီး ချက်ချင်းပင် ရာထူးမှ ဆင်းပေးခဲ့ကြောင်း အာဏာရပါတီဖြစ်သည့် ပါကစ္စတန်မွတ်စလင်လိဂ်က ပြောကြားသည်။ **ရိုက်တာ။**

# ငါးပွင့်ဆိုင် လုံခြုံရေးဆိုင်ရာဆွေးနွေးပွဲ မြို့တော်ပေကျင်း၌ နှစ်ရက်ကြာကျင်းပခဲ့

**ပေကျင်း ဇူလိုင် ၂၈**
တရုတ်နိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် BRICS ငါးပွင့်ဆိုင် လုံခြုံရေးဆိုင်ရာ ဆွေးနွေးပွဲကို မြို့တော်ပေကျင်း၌ ဇူလိုင် ၂၇ ရက်မှ ၂၈ ရက်အထိ ကျင်းပခဲ့ကြောင်း၊ တရုတ်နှင့် အိန္ဒိယတို့အကြား ဒိုခလမ်နယ်မြေပိုင်နက် အငြင်းပွားမှုကို အကြောင်းပြု၍ တင်းမာမှုဖြစ်ပေါ်နေချိန်အတွင်း ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့် တောင်အာဖရိကနိုင်ငံတို့ဖြစ်သည့် BRICS လုံခြုံရေးဆိုင်ရာ ဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇူလိုင် ၂၈ ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံတော် ကောင်စီဝင်၏ ယန်ကျိချင်က အိမ်ရှင်အဖြစ် လက်ခံကျင်းပသော ငါးပွင့်ဆိုင်လုံခြုံရေး ဆွေးနွေးပွဲသို့ အိန္ဒိယ အမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ် အေဂျစ်ဒိုဗာအပါအဝင် BRICS အဖွဲ့ဝင်နိုင်ငံများမှ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

နှစ်ပတ်လည် လုံခြုံရေးဆိုင်ရာ ဆွေးနွေးပွဲ၌ အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းတွင် အဖွဲ့ဝင်နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေး၊ ကွန်ပျူတာကွန်ရက်(ဆိုက်ဘာ)လုံခြုံရေး၊ စွမ်းအင်လုံခြုံရေး၊ အမျိုးသားလုံခြုံရေးနှင့် ဖွံ့ဖြိုးရေးဆက်နွယ်မှု၊ ဒေသဆိုင်ရာနှင့် နိုင်ငံတကာလုံခြုံရေး အခြေအနေတို့နှင့် သက်ဆိုင်နေသော အကြောင်းခြင်းရာများကို ဆွေးနွေးကြသည်။

တရုတ်နိုင်ငံတော် ကောင်စီဝင် ယန်ကျိချင်နှင့် အိန္ဒိယ အမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ် ဒိုဗာတို့သည် အိန္ဒိယ-တရုတ် နယ်စပ်ဒေသဆိုင်ရာ အထူးကိုယ်စားလှယ်များဖြစ်ကြရာ ၎င်းတို့နှစ်ဦး၏ သီးခြားတွေ့ဆုံဆွေးနွေးမှုတွင် နယ်စပ်တင်းမာမှုအရေးနှင့် ပတ်သက်၍ ဆွေးနွေးကြဖွယ်ရှိသည်ဟု သတင်းဌာနများက ရေးသားဖော်ပြသည်။



အိန္ဒိယနှင့် တရုတ်နိုင်ငံတို့အကြား နယ်စပ်ဒေသတင်းမာမှု၏ အစမှာ ဇွန် ၁၆ ရက် ဖြစ်စဉ်ဖြစ်သည်။ ယင်းနေ့တွင် ဒိုခလမ်နယ်မြေအတွင်း တရုတ်တပ်ဖွဲ့ဝင်များက လမ်းဖောက်နိုင်ရန် လုပ်ဆောင်ခဲ့ရာမှ အိန္ဒိယတပ်ဖွဲ့ဝင်များက တားမြစ်ခဲ့သည်။ နှစ်နိုင်ငံ နယ်စပ်ဒေသ နယ်မြေပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အငြင်းပွားမှုများ အရှိန်အဟုန်မြင့်တက်ခဲ့သည်။ အိန္ဒိယနှင့် တရုတ်နိုင်ငံတို့သည် ဆစ်ခင်နယ်မြေတွင် ကီလိုမီတာ ၂၂၀ အရှည်ရှိသည့် နယ်စပ်ဒေသကို မျှဝေပိုင်ဆိုင်ထားကြသည်။
**ပီတီအိုင်။**

# အမေရိကန်၏ စီးပွားရေးပိတ်ဆို့မှုအပေါ် ရုရှားအစိုးရ လက်တုံ့ပြန်မည်

**မော်စကို ဇူလိုင် ၂၈**
အမေရိကန်ကွန်ဂရက်က ရုရှားနိုင်ငံအား စီးပွားရေးပိတ်ဆို့မှုဆိုင်ရာ ဥပဒေကြမ်းကို အတည်ပြုချမှတ်ခဲ့သည့်အပေါ် လက်တုံ့ပြန်သည့်အနေဖြင့် ရုရှားနိုင်ငံက အမေရိကန်သံတမန်ဆိုင်ရာ ဝန်ဆောင်မှုများကို သိမ်းဆည်းမည်ဖြစ်ကြောင်း ရုရှားတာဝန်ရှိသူများက ယနေ့ပြောကြားခဲ့သည်။

၂၀၁၆ ခုနှစ်တွင် ကျင်းပခဲ့သော အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ရုရှားနိုင်ငံက ပါဝင်စွက်ဖက်ခဲ့သည်ဟုစွပ်စွဲကာ စီးပွားရေးပိတ်ဆို့သည့် ဥပဒေကြမ်းကို အမေရိကန်လွှတ်တော်က အတည်ပြုထောက်ခံခဲ့ပြီးနောက် တစ်ရက်အကြာတွင် ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

ရုရှားနိုင်ငံအနေဖြင့် အမေရိကန်သံတမန်များအတွက် အပန်းဖြေအနားယူနိုင်သည့် ဝန်ဆောင်မှုများအပါအဝင် အခြားသောဝန်ဆောင်မှုများကို ပြန်လည်ရုပ်သိမ်းမည်ဖြစ်ကြောင်း ယင်းကြေညာချက်တွင်ပါရှိသည်။

ထို့ပြင် ရုရှားနိုင်ငံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အမေရိကန်တာဝန်ရှိသူများ၏အရေအတွက်ကို လျှော့ချပေးရန် ရုရှားအစိုးရက တောင်းဆိုထားကြောင်း အဆိုပါကြေညာချက်တွင် ရေးသားထားသည်။

လွန်ခဲ့သောနှစ်က အမေရိကန်အစိုးရက သမ္မတဟောင်းဘာရက်အိုဘားမားဦးဆောင်သော အစိုးရအဖွဲ့အား ဆိုက်ဘာတိုက်ခိုက်မှုများ လုပ်ဆောင်သည်ဟုစွပ်စွဲကာ ရုရှားတာဝန်ရှိသူများအား အမေရိကန်ပြည်ထောင်စုမှထွက်ခွာသွားရန် အမိန့်တစ်ရပ်ထုတ်ပြန်ခဲ့သည်။

ယခုအချိန် အမေရိကန်သမ္မတဒေါ်နယ်ထရန့်လက်ထက်တွင် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး မည်သို့ပြောင်းလဲလာမလဲဆိုသည်ကို ရုရှားအစိုးရအဖွဲ့က စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

သို့သော် ရုရှားသမ္မတ ဗလာဒီမာပူတင်က နှစ်နိုင်ငံဆက်ဆံရေးကို နွေးထွေးစေလိုသည့် ဆန္ဒရှိသော်လည်း အမေရိကန်လွှတ်တော်၏ စီးပွားရေးပိတ်ဆို့မှုဥပဒေကြမ်းကို အတည်ပြုခဲ့သည့်အတွက် နည်းလမ်းတစ်မျိုးမျိုးဖြင့် လက်တုံ့ပြန်မည်ဖြစ်ကြောင်း သမ္မတပူတင်က ဆက်လက်ပြောကြားခဲ့သည်။
**အင်န်အိတ်ချ်ကေ။**

# တရုတ်နှင့် ရုရှားရေတပ် ပူးတွဲစစ်ရေးလေ့ကျင့်မှု၏ ပထမအဆင့် ပြီးစီးအောင်မြင်

**စိန့်ပီတာစဘတ် ဇူလိုင် ၂၈**
ပူးတွဲပင်လယ်-၂၀၁၇ ဟု အမည်ဝှက်ပေးထားသည့် ရုရှားနှင့်တရုတ်ရေတပ် တပ်ဖွဲ့များ၏ ပူးတွဲစစ်ရေးလေ့ကျင့်မှု ပထမအဆင့်မှာ ဇူလိုင် ၂၇ ရက်တွင် ပြီးစီးသွားပြီဖြစ်ကြောင်း ဆင်ဟွာသတင်းတွင်ဖော်ပြသည်။

ဘောလ်တစ်ပင်လယ်တွင် နှစ်ရက်ကြာ စစ်ရေးလေ့ကျင့်မှုများကို အပြင်းအထန်ပြုလုပ်ခဲ့ကြပြီးနောက် တရုတ်ရေတပ်မှ ဒုံးပျံတင်ဖျက်သင်္ဘော ဟီဖေးနှင့် ဒုံးပျံတင်ဖရီးဂိတ်သင်္ဘော ယွန်ချန်းတို့သည် ရုရှားနိုင်ငံ စိန့်ပီတာစဘတ်ဆိပ်ကမ်းသို့ ဇူလိုင် ၂၇ ရက် ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် ဆိုက်ကပ်လာခဲ့ကြသည်။

စစ်ရေးလေ့ကျင့်စဉ်အတွင်း နှစ်နိုင်ငံရေတပ်များမှ နည်းဗျူဟာဆိုင်ရာ ချေမှုန်းရေးအုပ်စုများသည် ရုရှားနှင့်တရုတ်စစ်ရေယာဉ်များနှင့် အတူတကွလေ့ကျင့်ကြသည်။ စစ်ရေယာဉ်များက အထောက်အကူပေးရေး၊ လက်နက်များဖြင့်ပစ်ခတ်ခြင်း၊ လေကြောင်းရန်ကာကွယ်ခြင်း၊ ကမ်းတက်ခြင်းနှင့် တပ်စစ်ဆေးခြင်း၊ ရေကြောင်းရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ဆောင်ခြင်း၊ ရိက္ခာပြန်လည် ဖြည့်တင်းခြင်းနှင့် သင်္ဘောပျက်ကယ်ဆယ်ခြင်းတို့နှင့်ပတ်သက်၍ လေ့ကျင့်ကြသည်။

စစ်ရေးလေ့ကျင့်မှု၌ ပါဝင်ခဲ့သော တရုတ်နှင့်ရုရှားရေတပ်များမှ စစ်သင်္ဘောများသည် ဘော်လ်တစ်ပင်လယ်အရှေ့တောင်ပိုင်းရေပြင်၌ နှုတ်ဆက်ပွဲအခမ်းအနားတစ်ရပ်ကို ကျင်းပပြီးသည့်အခါ သက်ဆိုင်ရာဒေသများသို့ ပြန်လည်ထွက်ခွာကြမည်ဖြစ်သည်။

တရုတ်နှင့် ရုရှားနိုင်ငံမှ ရေတပ်ဖွဲ့ဝင်များသည် ဇူလိုင် ၃၀ ရက်တွင် စိန့်ပီတာစဘတ်မြို့၌ ကျင်းပမည့် ရုရှားရေတပ်မတော် တည်ထောင်သည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ရန်စီစဉ်ထားသည်။
**ဆင်ဟွာ။**



# မြန်မာနိုင်ငံသည် ကမ္ဘာတွင်သစ်တောပြုန်းတီးမှု အဆိုးဆုံးအခြေအနေနှင့် ရင်ဆိုင်နေရပြီး အိမ်နီးချင်းနိုင်ငံများသို့လည်း တရားမဝင်သစ်များရောက်ရှိနေ

**နေပြည်တော် ဇူလိုင် ၂၈**

**"နိုင်ငံတစ်ဝန်းတွင် ကြီးမားစွာဖြစ်ပွားလျက်ရှိသော သစ်မှောင်ခိုမှုများ၊ သစ်ခိုးထုတ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာဖြေရှင်းဆောင်ရွက်ပေးပါရန် နိုင်ငံတော်အစိုးရအားတိုက်တွန်းကြောင်း"** အဆိုကို ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ဆွေးနွေးရာတွင် လွှတ်တော်ကိုယ်စားလှယ် ၁၁ ဦးက ထောက်ခံဆွေးနွေးခဲ့ကြပြီး အဆိုရှင်ဦးကျော်အောင်လွင်နှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းတို့က အဆိုကိုအတည်ပြုသင့်ကြောင်း တင်ပြခဲ့သည်။

ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်က သစ်ခိုးဂိုဏ်းများက စက်လှေများဖြင့် အုပ်စုဖွဲ့တရားမဝင်သစ်ခိုးထုတ်နေသော်လည်း သစ်တောဝန်ထမ်းများ အနေဖြင့် ဖမ်းဆီးရန်အခက်အခဲကြုံတွေ့နေရကြောင်း၊ တစ်နိုင်ငံလုံးကျူးလွန်နေသည့်အတွက် မြန်မာနိုင်ငံသည်ကမ္ဘာတွင် သစ်တောပြုန်းတီးမှု အဆိုးဆုံး အခြေအနေနှင့် ရင်ဆိုင်နေရပြီး အိမ်နီးချင်းနိုင်ငံများသို့လည်း တရားမဝင်သစ်များ ရောက်ရှိနေပါကြောင်း ဆွေးနွေးသည်။

တမူးမဲဆန္ဒနယ်မှ ဦးနိုင်နိုင်ဝင်းက မိမိတို့နိုင်ငံကသစ်များကို ကိုယ်တိုင်မသုံးရဘဲ အခြားနိုင်ငံများတွင် လွယ်လွယ်ကူကူဝယ်ယူနေကြသည်မှာ ရင်နာစရာကောင်းပါကြောင်း၊ အိန္ဒိယနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်ပြီး ခြံစည်းရိုးသာခြားနေသည့်အတွက် တမူးမြို့နယ်၌ မကြာခဏ သစ်မှောင်ခိုခိုးထုတ်မှုများရှိနေပါကြောင်း၊ မူဝါဒများ မည်မျှကောင်းပါစေ၊ ဥပဒေများ မည်သို့ပြဋ္ဌာန်းပါစေ၊ လုပ်ငန်းစဉ်များမည်သို့ချမှတ်ပါစေ၊ လက်တွေ့လိုက်နာကျင့်သုံးမည့်သူများက အမှန်တကယ်လိုက်နာကျင့်သုံးရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ဗန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်စိုးက တရားမဝင်သစ်ဖမ်းဆီးနိုင်ရေးအတွက် သတင်းပေးတိုင်တန်းသူအများစုသည် တာဝန်သိပြည်သူများဖြစ်ပါကြောင်း၊ သတင်းအတည်ပြုနိုင်ရန် ကျေးရွာ၊ ကျေးရွာအုပ်စု တာဝန်ရှိသူများထံ ဖုန်းဆက်မေးမြန်းရာတွင် မသိဘူးဟုသာ ဘူးခံကြပါကြောင်း၊ မြို့နယ်တာဝန်ရှိသူများထံ သတင်းပို့၊ မြို့နယ်ကလည်း ဆောင်ရွက်မည်ဆိုလျှင်၊ တာဝန်ကျေကြမည်ဆိုလျှင် အများစုကို တားဆီးနိုင်မည်ဖြစ်ပါကြောင်း၊ လမ်းဆုံဂိတ်များသာ တာဝန်ကျေမည်ဆိုပါက သစ်ခိုးထုတ်မှုအများစုကို တားဆီးနိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။


ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း


ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်

ထို့ပြင် မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု၊ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း၊ လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ၊ အောင်လံမဲဆန္ဒနယ်မှ ဦးအောင်ထူးမြင့်၊ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်၊ ဘုတလင်မဲဆန္ဒနယ်မှ ဦးမြင့်ဟန်ထွန်း၊ ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင်၊ ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးရည်မွန်(ခ)မောင်တင်သစ်တို့က အဆိုနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးကြသည်။

အဆိုနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးအုန်းဝင်းက ပြင်ဆင်ရေးဆွဲနေသည့် သစ်တောဥပဒေ(မူကြမ်း)တွင် ပြစ်မှုကျူးလွန်သူအား အနည်းဆုံးထောင်ဒဏ် ငါးနှစ်မှ အများဆုံးထောင်ဒဏ် ၁၅ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်ကျပ်သိန်း ၃၀ အထိချမှတ်နိုင်သည်ဟု ပြင်ဆင်ထားပါကြောင်း၊ သစ်တောဥပဒေသစ် ပြဋ္ဌာန်းပြီးပါက တရားမဝင်သစ်ထုတ်မှုများကို နှောင့်ကြဉ်စေသည်အထိ ထိရောက်စွာ အရေးယူဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း။

သစ်တောဦးစီးဌာနမှ တာဝန်ယူစီမံခန့်ခွဲလျက်ရှိသည့် ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ၏ ဧရိယာစုစုပေါင်းမှာ ဧက ၄၉ သန်းကျော်ရှိသဖြင့် ဝန်ထမ်းတစ်ဦးသည် သစ်တောဧရိယာ ဧက ၈၀၀၀ ကျော်ခန့်အား ထိန်းသိမ်းဆောင်ရွက်နေရပါကြောင်း၊ အင်အားနည်းပါးစွာ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နေရသည့် အခက်အခဲကို ကျော်လွှားနိုင်ရန် သစ်တောဦးစီးဌာနဖွဲ့စည်းပုံ ပြင်ဆင်တိုးချဲ့ဖွဲ့စည်းနိုင်ရေးအတွက် အဆင့်ဆင့်တင်ပြဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ တရားမဝင်သစ်ခိုးထုတ်ယူမှုနှင့် သယ်ဆောင်မှုများတွင် ပါဝင်ပတ်သက်သည့် သစ်တောဝန်ထမ်းများ၊ တာဝန်ကို ပေါ့လျော့စွာထမ်းဆောင်သည့် ဝန်ထမ်းများကိုလည်း ကျူးလွန်သည့်ပြစ်မှုအပေါ်မူတည်၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်(ဇွန်လကုန်အထိ) အရာထမ်းများအပါအဝင် သစ်တောဝန်ထမ်း စုစုပေါင်း ၁၁၁ ဦးကို အရေးယူဆောင်ရွက်ခဲ့ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

အစည်းအဝေးတွင် မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါ်ဆိုင်ဟိန်း၏ **မောက်မယ်မြို့နယ် နောင်နင်း(တောင်)ဆည်၏ ရေထိန်းတံခါးနှင့် ရေဝင်လမ်းမြောင်းပေါင်များပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့အနီးရှိ နောင်နင်း(တောင်)ဆည်မှာ သစ်ရိုက်ဝါးကပ်ကာပြီး မြေအိတ်ဖြည့်သောနည်းလမ်းဖြင့် နောင်နင်းရေထွက်မှ ရေကိုလွှဲယူထားသော ယာယီရေလွှဲဆည်ဖြစ်ပါကြောင်း။

ဒေသမှကိုယ်ထူကိုယ်ထ ထိန်းသိမ်းဆောင်ရွက်နေသည့် ကျေးလက်ဆည်တစ်ခုဖြစ်ပြီး လယ်ယာမြေဧက ၁၀၀၀ ကျော်ကို စိုက်ပျိုးရေပေးဝေလျက်ရှိပါကြောင်း၊ အဆိုပါရေလွှဲဆည်၏

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳

# ရွှေသတ္တုတူးဖော်ထုတ်လုပ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးမှုများကို ကုစားပေးခြင်း၊ နစ်နာမှုအတွက် လျော်ကြေးငွေပေးအပ်ခြင်းတို့ကို ဆောင်ရွက်သွားမည်

**နေပြည်တော် ဇူလိုင် ၂၈**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး(၃၄)ရက်မြောက်နေ့ကို ယနေ့နံနက်(၁၀)နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးတွင် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးစိုင်းဝမ်းလှိုင်းခမ်း၏ **လားရှိုးမြို့နယ် မိုင်းပိုင်ကျေးရွာအုပ်စု ဟိုပိုင်ကျေးရွာအတွင်း ရွှေသတ္တုတူးဖော်ခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်ကို သက်ဆိုင်ရာက ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကျောက်စိမ်းအားမာန်ကုမ္ပဏီသို့ တရားဝင်လုပ်ကိုင်ခွင့် ချထားပေးခြင်း ရှိ၊ မရှိ နှင့် ရွှေသတ္တုတူးဖော်ခြင်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခဲ့သောကြောင့် ဆုံးရှုံးနစ်နာခဲ့ရသော ပြည်သူများအတွက် မည်ကဲ့သို့ ပြန်လည်ကုစားဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ဟိုပိုင်ကျေးရွာအတွင်း ကျောက်စိမ်းအားမာန်ကုမ္ပဏီနှင့် အခြားကုမ္ပဏီများအား ရွှေသတ္တုတူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်ထုတ်ပေးထားခြင်း လုံးဝမရှိပါကြောင်း၊ ဟိုပိုင်ကျေးရွာဒေသသည် လုံခြုံရေးကန့်သတ်နယ်မြေအဖြစ် ထုတ်ပြန်ထားသော နေရာဒေသတွင် ပါဝင်နေသည့်အတွက် လုံခြုံရေးအခြေအနေအရသွားလာရန် အခက်အခဲရှိသည့်အတွက် မြေပြင်ကွင်းဆင်းစစ်ဆေးနိုင်ခြင်း မရှိပါကြောင်း၊ ထို့ပြင် ကျောက်စိမ်းအားမာန်ကုမ္ပဏီအမည်ဖြင့် ရွှေသတ္တုတူးဖော်ခြင်းမရှိကြောင်း လားရှိုးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မန်ပန်ပြည်သူ့စစ်အဖွဲ့တို့က အတည်ပြုထောက်ခံပေးထားပါကြောင်း။

ရွှေသတ္တုတူးဖော်ထုတ်လုပ်ခဲ့မှုကြောင့် ဆုံးရှုံးနစ်နာခဲ့ရသော ပြည်သူများအတွက် မည်ကဲ့သို့ ပြန်လည်ကုစားဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်းနှင့်စပ်လျဉ်းပြီး တရားဝင်တူးဖော်ထုတ်လုပ်သည့် လုပ်ငန်းများကြောင့် ထိခိုက်နစ်နာမှုအတွက် တရားစွဲဆို အရေးယူဆောင်ရွက်ခြင်းများအပြင် ပြန်လည်ထူထောင်ရေးအတွက် လုပ်ငန်းဆောင်ရွက်သူများက ထိခိုက်ပျက်စီးမှုများကို ကုစားပေးခြင်း၊ နစ်နာမှုအတွက် လျော်ကြေးငွေပေးအပ်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဖေတင်၏ **ယာဉ်တိုက်မှုများ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာခြင်း၊ အသေအပျောက် တိုးပွားလာခြင်းသည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာခြင်းနှင့်အတူ ယာဉ်လိုင်စင်ချပေးမှုတို့တွင်လည်း ဆက်စပ်တာဝန်ရှိပါသဖြင့် တင်းကျပ်တိကျသည့် စည်းကမ်းသတ်မှတ်ချက်များဖြင့် ပြုပြင်ကိုင်တွယ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ဝန်ကြီးဌာနအနေဖြင့် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ (NRSC)၏ ဦးဆောင်မှုဖြင့် ယာဉ်တိုက်မှုများကြောင့် ထိခိုက်သေဆုံး၊ ဒဏ်ရာရရှိမှုအရေအတွက်ကို လျှော့ချနိုင်ရန် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာကိစ္စရပ်များကို အားသွန်ခွန်စိုက် အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ ယာဉ်မောင်းလိုင်စင်နှင့် ပတ်သက်၍ စစ်ဆေးမှုများကိုလည်း စနစ်တကျစည်းကမ်းသတ်မှတ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် NRSC ၏ ဦးဆောင်မှုနှင့် သက်ဆိုင်ရာဌာန/ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အသင်းအဖွဲ့များနှင့် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ Road Safety ဆိုင်ရာ အထူးသံတမန်၊ WHO, ADB, Suu Foundation ကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် လျှော့ချနိုင်ရေးအတွက် မော်တော်ယာဉ်မောင်းသူနှင့် လိုက်ပါစီးနင်းသူများ အသက်ကယ်ထိုင်ခုံခါးပတ်ပတ်ရေး၊ မော်တော်ဆိုင်ကယ်စီးသူများ ဆိုင်ကယ်စီးဦးထုပ်များ ဝတ်ဆင်မောင်းနှင်ရေး၊ အရက်သေစာသောက်စားပြီး မော်တော်ယာဉ်မောင်းနှင်ခြင်းမရှိရေး၊ မော်တော်ယာဉ်မောင်းနှင်သူများ လက်ကိုင်ဖုန်းအသုံးမပြုရေးနှင့် မော်တော်ယာဉ်မောင်းနှင်ရာတွင် သတ်မှတ်ထားသည့် အမြန်နှုန်းထက်ပို၍ မောင်းနှင်မှုမရှိရေးဆိုသည့် ကာလတိုလုပ်ငန်းစီမံချက် (၅) ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်း၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမိုးမြင့်(ခ) ဆင်မြူရယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမင်းနိုင်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးတို့က ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

ထို့နောက် **၂၀၁၇ ခုနှစ် မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထွန်းထွန်းဦး၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာခင်မကြီး၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးခင်မောင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး(ခ) သန်းစိုး(ဘောဂဗေဒ)နှင့် ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်းတို့က အကြံပြုဆွေးနွေးကြပြီး လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များကို အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၌ ပြန်လည်ကြားနာဆောင်ရွက်ရန် လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

**ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာခင်မကြီး**က ဥပဒေကြမ်း၏ အခန်း ၆ ခွင့်ပြုမိန့်ရရှိသူ၏ တာဝန်နှင့် အခွင့်အရေးများ အခန်းတွင်ပါရှိသည့် အပိုဒ် ၂၁ အပိုဒ်ခွဲ ၅(ဆ)ပါ ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းတွင် ထိခိုက်ပျက်စီးမှုမရှိရန် စီမံဆောင်ရွက်ခြင်းဆိုသည့် အချက်ကို ယခုထက် ပိုမိုတိကျစွာ ဆောင်ရွက်သင့်ပါကြောင်း၊ ကချင်ပြည်နယ်ရှိ မြို့နယ်များအတွင်း ကျောက်သွေး၊ ကျောက်ဖြတ်လုပ်ငန်းများ၊ ဆိုင်ဖွင့်ရောင်းချသည့် အိမ်ဆိုင်များ၊ ကျောက်မျက်စျေးဆိုင်ခန်းငယ်များကို သင့်လျော်သည့်အခွန်နှုန်းထားဖြင့် လုပ်ငန်းလိုင်စင်များ ပြုလုပ်၍ စနစ်တကျရောင်းဝယ်ခွင့်ပြုမည့် အစီအစဉ်များကို ယခုဥပဒေကြမ်း၏ အခန်း ၇ အပိုဒ် ၂၅၊ ၂၆၊ ၂၇ နှင့် ၂၈ တို့တွင် ထည့်သွင်းထားသည့်အတွက် ဒေသခံပြည်သူများ ကိုယ်စားကြိုဆိုထောက်ခံပါကြောင်း စသည်ဖြင့် ဆွေးနွေးသည်။

**ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း**က ယခုဥပဒေကြမ်းကို ပြဋ္ဌာန်းရန်အတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအမြင်နှင့် အကျိုးစီးပွားခံစားခွင့်အမြင် (နိုင်ငံတော်အစိုးရ၊ ဒေသခံပြည်သူများနှင့် လုပ်ငန်းရှင်တို့၏ အကျိုးစီးပွား) စသည်တို့ကို မျှတစွာသုံးသပ်သင့်ပါကြောင်း၊ လက်ရှိကျောက်မျက်စီးပွားရေးသည် လက်ဝါးကြီးအုပ် စီးပွားရေးစနစ်ဖြစ်၍ သယံဇာတသုံးစွဲရေးမူဝါဒအရ လိုအပ်သလောက်သာ ထုတ်ယူခွင့်ပြုသင့်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရန် လူတိုင်းတွင် တာဝန်ရှိပါကြောင်း၊ ယခုကျောက်မျက်တူးဖော်ရေးလုပ်ငန်း၏ လုပ်ငန်းရှင်နှင့် အစိုးရများအနေဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကို အလေးမထားလျစ်လျူရှုနေပါက ကောင်းမွန်သောဥပဒေတစ်ရပ်အဖြစ် သတ်မှတ်၍ မရနိုင်ဟုယူဆပါကြောင်း စသည်ဖြင့် ဆွေးနွေးပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော် **ပညာရေးမြှင့်တင်မှု ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ** အား ကော်မတီအတွင်းရေးမှူး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်က လွှတ်တော်သို့ ဖတ်ကြားတင်သွင်းပြီး အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာ**အား ကော်မတီအတွင်းရေးမှူး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစခင်ဇော်လင်းက လွှတ်တော်သို့ ဖတ်ကြားတင်သွင်းပြီး အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ထို့ပြင် အမျိုးသားလွှတ်တော် **တောင်သူလယ်သမားရေးရာကော်မတီ၏ အစီရင်ခံစာ**နှင့် စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်မေသန်းနွဲ့က ကော်မတီအနေဖြင့် အစီရင်ခံစာ၌ တောင်သူလယ်သမားများ ကြုံတွေ့နေရသည့် အခက်အခဲများ၊ အဆင်ပြေနိုင်မည့် အကြံပြုချက်များကို ထည့်သွင်းတင်ပြသင့်ကြောင်း စသည့်ဖြင့် အကြံပြုဆွေးနွေးသည်။

အမျိုးသားလွှတ်တော် **တောင်သူလယ်သမားရေးရာကော်မတီ၏ အစီရင်ခံစာ**အား လွှတ်တော်မှ အတည်ပြုပေးရန် ကော်မတီအတွင်းရေးမှူး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုးဝင်းက အဆိုတင်သွင်းရာ လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော်ပဉ္စမပုံမှန်အစည်းအဝေး(၃၅)ရက်မြောက်နေ့ အစည်းအဝေးကို ဇူလိုင် ၃၁ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**သူရဇော်၊ မီမီဖြိုး(သတင်းစဉ်)**

# နိုင်ငံတကာမြင်ကွင်း

## ရဲရင့်လင်းလက်

**(ယခင်အပတ်မှ အဆက်)**

တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်ဟာ တရုတ်-အိန္ဒိယနယ်စပ်မျဉ်းရဲ့ အလယ်ပိုင်းကို အာရုံစိုက်ဆောင်ရွက်ဖို့ သုံးသပ်နေပါတယ်။ ပြောရရင် ဒီအပိုင်းဟာ အငြင်းပွားမှု အနည်းဆုံးအပိုင်းပါ။ ဒီအပိုင်းမှာရှိတဲ့ စစ်ရေးအရအရေးပါတဲ့ တောင်ကြားလမ်းငါးခုစလုံးကို ဝင်ထွက်သွားလာနိုင်စွမ်းမှာ တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်က သိသိသာသာ အပေါ်စီးရယူထားနိုင်လို့ပါ။ သိပ်မကြာသေးတဲ့ကာလတွေမှာ တရုတ်ရဟတ်ယာဉ်တွေဟာ အိန္ဒိယလေပိုင်နက်ကို ချိုးဖောက်ဝင်ရောက်ခဲ့တယ်လို့ ဆိုပါတယ်။ တရုတ်နိုင်ငံဟာ ပုံရိပ်ဖော်ရေဒါစနစ်တပ်ဆင်ထားတဲ့ ရုရှားလုပ်လေယာဉ်ပျံ (Tu-154)တွေ အသုံးပြု ချိုးဖောက်ဝင်ရောက်ခဲ့တာပါ။ ဒီနယ်စပ်ဒေသမှာ တချို့နေရာတွေကို တရုတ်တပ်ဖွဲ့တွေက လက်ဦးမှုရယူသိမ်းပိုက်ထားခဲ့ရင် နောက်ပိုင်းမှာ အိန္ဒိယတပ်ဖွဲ့တွေအဖို့ ပြန်မောင်းထုတ်ဖို့ ခက်ခဲမှာပါ။ ဒါပေမယ့် ကျူးကျော်ဝင်ရောက်မယ့် တရုတ်တပ်ဖွဲ့တွေအဖို့ ဒီဒေသမှာ ရေရှည်တပ်စွဲဖို့ကတော့ မလွယ်ပါဘူး။ ဘာလို့လဲဆိုတော့ ဒီတောင်ကြားလမ်းတွေဟာ တစ်နှစ်မှာ ခြောက်လကနေ ရှစ်လအထိ ပိတ်နေလို့ပါ။

လေကြောင်းတပ်ဖွဲ့ အနေအထားတွေကို ကြည့်တဲ့အခါ အိန္ဒိယ-တရုတ်နယ်စပ်မျဉ်းနဲ့ ပိုနီးတဲ့နေရာဒေသတွေမှာ အိန္ဒိယလေတပ်မတော်က လေယာဉ်ကွင်း ၃၁ ကွင်းရှိတဲ့အတွက် တိဗက်ဒေသမှာ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် (လေတပ်)နဲ့ စစ်ခင်းခဲ့ရရင် အသာစီးအနေအထားမျိုးရှိပါတယ်။ အိန္ဒိယလေတပ်မတော်ရဲ့ လေယာဉ်ကွင်းတွေက အနောက်ဘက်ဒေသမှာ ကိုးကွင်းရှိပြီး အရှေ့ဘက်ဒေသမှာ ၂၂ ကွင်းရှိပါတယ်။ အိန္ဒိယလေတပ်မတော် တိုက်လေယာဉ်ပျံတွေဟာ မြေပြန့်လွင်ပြင်မှာရှိတဲ့ လေယာဉ်ကွင်းတွေကို အသုံးပြုပျံတက်ရမှာဖြစ်တဲ့အတွက် သယ်ဆောင်ရမယ့် ဝန်ချိန်များလည်း ပြဿနာမရှိသလို ကိုယ့်ရဲ့ ပစ်မှတ်ကိုရောက်ဖို့ အသုံးပြုရတဲ့ ဆီပမာဏကလည်း နည်းပါတယ်။ တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော်လေတပ် တိုက်လေယာဉ်ပျံတွေဟာ လေယာဉ်ပြေးလမ်းတွေ တိုးချဲ့ထားခဲ့ရင်တောင်မှ တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကနေ ပျံသန်းရမှာမို့လို့ သယ်ဆောင်ရမယ့် ဝန်များရင် အခက်အခဲရှိပါတယ်။ မြေမြင့်ဒေသက ပျံသန်းရတာမို့လို့ပါ။ တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ ပျမ်းမျှအမြင့်က မီတာ ၄၀၀၀ ရှိတာပါ။ နောက်တစ်ချက်ကလည်း တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်လေတပ်ဟာ ဝေးလံတဲ့ မြေနိမ့်ဒေသတွေကနေ ပစ်မှတ်ရှိရာ ပျံသန်းဖို့ လေယာဉ်ဆီဖြည့်ပေးနိုင်စွမ်းမှာ




အကန့်အသတ်ရှိပါတယ်။ ဒါ့အပြင် တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာရှိတဲ့ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော် လေတပ် လေယာဉ်ကွင်းတွေဟာ အခြေခံ အဆောက်အအုံပိုင်းမှာ အားနည်းပါတယ်။ လေကြောင်းစစ်ပွဲဖြစ်ပြီဆိုရင် အဖွင့်ပိုင်းမှာပဲ တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် လေတပ်တိုက်လေယာဉ်ပျံတွေဟာ သတ်ကွင်းမှာ တိုက်ခိုက်ခံရသလိုဖြစ်နိုင်ပါတယ်။ အိန္ဒိယလေတပ်မတော်ဟာ တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအနီးဝန်းကျင် ရှေ့တန်းစခန်းတွေမှာ ခေတ်မီတိုက်လေယာဉ်ပျံ(Su-30 MKI) (ရုရှားနိုင်ငံလုပ် ဆူခွိုင်း(Sukhoi) တိုက်လေယာဉ်ပျံတွေကို အိန္ဒိယလေတပ်မတော်ရဲ့ လိုအပ်ချက်နဲ့အညီ အိန္ဒိယနိုင်ငံမှာပဲ လိုင်စင်ယူထုတ်လုပ်ထားတာပါ)တွေကို ဖြန့်ကြက်ထားပြီး အပေါ်စီးရယူထားလို့ပါ။ အိန္ဒိယလေတပ်မတော်ဟာ ဘူတန်နိုင်ငံ နယ်စပ်အနီးက ဟာရှီမာရာ (Hashimara)နဲ့ ဟာရားနား (Haryana) ပြည်နယ်က အမ်ဘိုးလာ(Ambala)မှာ ပြင်သစ်နိုင်ငံလုပ် ခေတ်မီတိုက်လေယာဉ်(Rafales) တပ်ရင်းတစ်ရင်းစီ ဖြန့်ကြက်ဖို့စီစဉ်နေပါတယ်။ ဒီမြို့နှစ်မြို့စလုံးဟာ တရုတ်-အိန္ဒိယနယ်စပ်အနီးမှာ ရှိတာပါ။ အိန္ဒိယလေတပ်မတော်ဟာ အာရုန်နချယ်ပရာဒက်ရှ် ပြည်နယ်မှာ ရှေ့တန်းစစ်မြေပြင် လေယာဉ်ကွင်း (advanced Landing ground-ALG)ခုနစ်ခု တည်ဆောက်ထားသလို ဂျမ္မူနဲ့ ကက်ရှ်မီးယားမှာရှိတဲ့ လာဒက်(Ladakh)မှာလည်း သုံးခု တည်ဆောက်ထားပါတယ်။ ဒီရှေ့တန်းစစ်မြေပြင် လေယာဉ်ကွင်းတွေရဲ့ ထိရောက်တဲ့စွမ်းဆောင်ရည်ဟာ ၂၀၁၆ ခုနှစ် ဩဂုတ်လက ပဆိုင်းအာ(Pasighat)မှာ တိုက်လေယာဉ်ပျံ (Su-30 MKI)ဆင်းသက်ခဲ့တာနဲ့ နှစ်လအကြာ မန်ချူကာ(Menchuka)မှာ အကြီးစားစစ်ဘက်သယ်ယူပို့ဆောင်ရေး လေယာဉ်ပျံ (C-17)ဆင်းသက်ခဲ့တာကိုကြည့်ရင် သိသာပါတယ်။

တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် ဒုံးပျံတပ်ဖွဲ့ခြိမ်းခြောက်နိုင်စွမ်းကို လျော့ပါးစေဖို့ အိန္ဒိယတပ်မတော်ဟာ သူ့ရဲ့တုံ့ပြန်နိုင်စွမ်းကို မြှင့်တင်ထားပါတယ်။ အိန္ဒိယတပ်မတော်ဟာ နိုင်ငံရဲ့ အရှေ့မြောက်ပိုင်းမှာ ဒုံးပျံ(Brahmos Block III)တွေ ဖြန့်ကြက်ထားပါတယ်။ အလစ်အငိုက်တိုက်ခိုက်နိုင်တဲ့အနေအထားမျိုး မရှိတဲ့အတွက် မြန်မြန်ဆန်ဆန် အဆုံးမသတ်နိုင်တဲ့ အဓိကထိုးစစ်မျိုးကို တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်ကြည်းတပ်က ရွေးချယ်မှာ မဟုတ်ပါဘူး။ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်က တပ်ဖွဲ့တွေ မြန်မြန်ဆန်ဆန် ရွှေ့လျားနိုင်တဲ့စွမ်းရည်ကို အသုံးချပြီး နည်းဗျူဟာမြောက်ဒေသတချို့နဲ့ နယ်စပ်မှာရှိတဲ့ တောင်ကြားတစ်ခု၊ နှစ်ခုကို သိမ်းပိုက်နိုင်ပါတယ်။ ဒီလိုဖြစ်စဉ်မျိုးမှာ တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော်က ရနိုင်သမျှ နယ်မြေကို ချင်းနင်းကျူးကျော်ပြီး အိန္ဒိယတပ်ဖွဲ့တွေက တန်ပြန်ထိုးစစ်ဆင်နိုင်တဲ့ နေရာတွေကို ကြိုတင်ပိတ်ဆို့ဟန့်တားထားမှာပါ။ တရုတ်နိုင်ငံဟာ လက်ဦးမှုယူ အရင်တိုက်ပြီးမှ အိန္ဒိယနိုင်ငံနဲ့ ညှိနှိုင်းဆွေးနွေးဖို့ များပါတယ်။

အိန္ဒိယတပ်မတော်ကလည်း သူ့ရဲ့အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ရဲ့ လက်အောက်မှာ တောင်ပေါ်ထိုးစစ်တပ်ဖွဲ့တွေ ဖွဲ့စည်းထားပါတယ်။ ရည်မှန်းချက်ကတော့ တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသထဲက နယ်စပ်မျဉ်းအနီး နယ်မြေတွေကို အရင်သိမ်းပိုက်ပြီးမှ ဆွေးနွေးပွဲတွေမှာ အိန္ဒိယက အပေါ်စီးရယူနိုင်ဖို့ပါ။ ဒီတောင်ပေါ်တပ်ဖွဲ့တွေဟာ တရုတ်နိုင်ငံက အဓိကထိုးစစ်ကြီးတွေ ဆင်နွှဲခဲ့ရင် အိန္ဒိယတပ်ဖွဲ့တွေရဲ့ အနေအထား ယိမ်းယိုင်မသွားအောင်ထိန်းထားမှာပါ။ ဥပမာအနေနဲ့ ပြောရရင် ဒုတ်ကလမ် (Doklam)တောင်တန်းရဲ့ ဒိုကလာ (Dokala)တောင်ကြားလမ်းကို တိုက်ခိုက်တာမျိုးပါ။ ဒီဒိုကလာတောင်ကြားလမ်းဟာ အိန္ဒိယနိုင်ငံ ဆစ်ကင်ပြည်နယ်နဲ့ တိဗက်ကို ဆက်စပ်ပေးထားသလို ဆစ်ကင်ပြည်နယ်နဲ့ ဘူတန်နိုင်ငံကို ဆက်စပ်ပေးထားတာပါ။ ဒိုကလာတောင်ကြားလမ်းဟာ မဟာဗျူဟာမြောက်အရေးပါတဲ့ ဆယ်လီဂူရီစင်္ကြံလမ်း (Siliguri Corridor) (ကြက်လည်ပင်းလို့လည်းခေါ်ပါတယ်) အနီးမှာရှိတာပါ။ ဆယ်လီဂူရီစင်္ကြံလမ်းဟာ အိန္ဒိယနိုင်ငံ အရှေ့မြောက်ဒေသကို ကျန်အိန္ဒိယတစ်နိုင်ငံလုံးနဲ့ ဆက်စပ်ပေးထားပြီး ဆယ်လီဂူရီစင်္ကြံလမ်းရဲ့ တစ်ဖက်တစ်ချက်မှာ နီပေါနိုင်ငံနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွေ ရှိပါတယ်။

ပထမဦးဆုံး တောင်ပေါ်ထိုးစစ်တပ်ဖွဲ့ကို အနောက်ဘန်ဂေါလ်(Bengal)ပြည်နယ်မှာရှိတဲ့ ပန်နဂါးရှာ (Panagarh)မှာ အခြေစိုက်ထားပြီး ဒီနှစ်ထဲမှာ ပုံမှန်တာဝန်တွေကို ထမ်းဆောင်နိုင်တော့မှာပါ။ ဒီတောင်ပေါ် ထိုးစစ်တပ်ဖွဲ့ကို တရုတ်-အိန္ဒိယနယ်စပ်မျဉ်းအရှေ့ပိုင်းကို ကာကွယ်ဖို့ရည်ရွယ်ဖွဲ့စည်းထားတာပါ။ ဒုတိယမြောက်တောင်ပေါ်တပ်ဖွဲ့ကို ပန်ဂျပ်(Punjab)ပြည်နယ်က ပန်သော့ကတ် (Pathankot)မြို့မှာ အခြေစိုက်ဖို့ ပြင်ဆင်နေပါတယ်။ ဒီဒုတိယမြောက် တောင်ပေါ်တပ်ဖွဲ့ကတော့ ၂၀၂၀ ခုနှစ်ကျမှပဲ ပုံမှန်တာဝန်တွေကို ထမ်းဆောင်နိုင်မှာပါ။ ပန်သော့ကတ်တောင်ပေါ်တပ်ဖွဲ့ရဲ့ လုပ်ငန်းတာဝန်က နှစ်ခုပါ။ ပင်မတာဝန်ဖြစ်တဲ့ အိန္ဒိယ-တရုတ်နယ်စပ်မျဉ်းအနောက်ပိုင်းကို ကာကွယ်ပြီးရင် ဒီနယ်စပ်မျဉ်းအရှေ့ပိုင်း ကာကွယ်ရေးကိုလည်း ပံ့ပိုးပေးရမှာပါ။ တောင်ပေါ်ထိုးစစ်တပ်ဖွဲ့တွေအနေနဲ့ အလစ်အငိုက်ယူတိုက်ခိုက်မယ်ဆိုရင် လေထီးဆင်းလေကြောင်းချီတပ်မဟာတစ်ခုလောက်ကို အချိန်တိုအတွင်း ရန်သူ့နယ်မြေထိုးဖောက်နိုင်တဲ့ လမ်းကြောင်းတွေတစ်လျှောက် နေရာယူနိုင်ရပါမယ်။ တစ်ပြိုင်တည်းမှာပဲ ရန်သူ့နယ်မြေအထိ ထိုးဖောက်နိုင်တဲ့လမ်းကြောင်းတွေ များလာအောင်ဆောင်ရွက်ဖို့ လိုပါတယ်။ အထူးသဖြင့် နယ်စပ်မျဉ်းရဲ့ အရှေ့ဘက်ဒေသမှာပါ။ အိန္ဒိယတပ်ဖွဲ့တွေက တရုတ်တပ်ဖွဲ့တွေကို ထိုးစစ်ဆင်ပြီဆိုရင် နယ်စပ်မျဉ်းအရှေ့ပိုင်းဒေသဟာ ဗဟိုအချက်အချာဒေသ ဖြစ်လာမှာပါ။ ရှေ့လာမယ့်နှစ်တွေမှာ အိန္ဒိယနိုင်ငံဟာ ရေရှည်မဟာဗျူဟာစီမံကိန်းအရ နယ်စပ်ဒေသလမ်းမကြီးများ ကွန်ရက်ကို တိုးချဲ့ဖောက်လုပ်မှာပါ။ ဒီအထဲမှာ ဘရာမာပူထရာ (Brahmaputra) မြစ်တစ်လျှောက် ရေပေါ်ရုပ်ပြေးယာဉ်တွေ ထိထိရောက်ရောက်အသုံးချနိုင်ရေးပါဝင်သလို မဟာဗျူဟာမြောက် တောင်ပေါ်မီးရထားလမ်းတွေ တိုးချဲ့ဖောက်လုပ်ရေးလည်း ပါဝင်ပါတယ်။ ဒီလှုပ်ရှားမှု အားလုံးရဲ့ ရည်ရွယ်ချက်ဟာ အိန္ဒိယတပ်မတော် တပ်မဟာတွေကို ရှေ့တန်းအခြေစိုက်စခန်းတွေအထိ အချိန်တိုအတွင်း ပေးပို့နိုင်ဖို့ဖြစ်သလို မတူကွဲပြားတဲ့ စစ်ဒေသတွေကြား တပ်မဟာတွေနဲ့ တပ်ရင်းတွေကို အလျင်အမြန်နေရာလဲလှယ်ချထားနိုင်ဖို့ပါ။

အိန္ဒိယတပ်မတော်က ပြင်ဆင်လှုပ်ရှားနေတဲ့အချိန်မှာ တရုတ်နိုင်ငံကလည်း ငြိမ်နေတာတော့ မဟုတ်ပါဘူး။ လာဆာကနေ နင်ဂျီ (Nyngchi)၊ နင်ဂျီကနေ ယူနန်ပြည်နယ် ဒါလီ(Dali)အထိ တိုးချဲ့ဖောက်လုပ်နေတာပါ။ ဒါလီအထိ ဆက်စပ်ဖောက်လုပ်ပြီးသွားပြီဆိုရင်တော့ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်ကြည်းတပ်ဟာ အာရုန်နချယ်ပရာဒက်ရှ်ပြည်နယ်ရဲ့တစ်ဖက်မှာရှိတဲ့ တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တောင်ပိုင်းကို တပ်ဖွဲ့တွေ အလျင်အမြန်ခေါ်ယူနေရာချထားနိုင်မှာပါ။ တရုတ်နိုင်ငံဟာ ဒိုကလာတောင်ကြားလမ်းအနီးက ချွန်ဘိုင်း (Chumbi)လွင်ပြင်မှာရှိတဲ့ ရီတောင်း (Yatong)အထိ ရထားလမ်းဖောက်လုပ်ဖို့ ဆောင်ရွက်နေတာပါ။ ဒိုကလာတောင်ကြားကနေ ဘူတန်နိုင်ငံရဲ့ ဒုတ်ကလမ် တောင်တန်းအထိသွားနိုင်တာပါ။ တရုတ်နိုင်ငံရဲ့ ပြင်ဆင်လှုပ်ရှားမှုတွေဟာ ချွန်ဘိုင်းလွင်ပြင်မှာ သူတို့ရဲ့အားနည်းချက်ကို လျှော့ချဖို့ ရည်ရွယ်တာဖြစ်ပေမယ့် ဒီဒေသရဲ့ အရှေ့တောင်ကြောမှာ အိန္ဒိယတပ်ဖွဲ့တွေ နေရာယူထားတာမို့လို့ အနာဂတ်ကာလမှာ တရုတ်-အိန္ဒိယတပ်ဖွဲ့တွေ ထိပ်တိုက်ရင်ဆိုင်ရာ ဒေသဖြစ်လာနိုင်ပါတယ်။ ပြောရရင် လက်ရှိဖြစ်ပွားနေတဲ့ တရုတ်-အိန္ဒိယနယ်စပ်ပဋိပက္ခဟာ အစပျိုးအဆင့်ပဲရှိသေးတယ်။ မနှစ်က တရုတ်သမ္မတ ရှီကျင့်ဖျင်ဟာ ချွန်ဘိုင်းလွင်ပြင်အဝင် ကပ်ဘာဇာ (Khamba Dzong)မှာ တပ်စွဲထားတဲ့ တပ်ဖွဲ့အမှတ် (၇၇၆၅၆)ကို စံပြတပ်ဖွဲ့အဖြစ် ဂုဏ်ပြုခဲ့ပါတယ်။ ထွက်နေတဲ့သတင်းတွေအရဆိုရင် တရုတ်နိုင်ငံဟာ ဘူတန်နိုင်ငံရဲ့ ဒုတ်ကလမ်တောင်တန်းကို ဒီထက်ကျယ်ပြန့်တဲ့ နယ်မြေနဲ့အပေးအယူလုပ်လဲလှယ်ဖို့ လုပ်နေတယ်လို့ဆိုပါတယ်။ တရုတ်-အိန္ဒိယ စစ်ရေးအားပြိုင်မှုကိုဖတ်ရင်း စစ်ရေးမှာ မော်တော်ကားလမ်းနဲ့ မီးရထားလမ်းလို အခြေခံအဆောက်အအုံတွေရဲ့ အရေးပါမှုကို အတွေးပွားမိပါတယ်။ ။

# Vision Fund က မြစ်ကြီးနားတွင် အသေးစားချေးငွေရုံးခွဲဖွင့်

**မြစ်ကြီးနား ဇူလိုင် ၂၈**

မြန်မာနိုင်ငံတွင် လူသားချင်းစာနာထောက်ထားရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် World Vision Myanmar ၏ ညီအစ်မအဖွဲ့အစည်းဖြစ်သော Vision Fund Myanmar သည် မိတ်ဖက်အဖွဲ့အစည်းဖြစ်သော အသက်မွေးမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေအဖွဲ့ (Livelihoods and Food Security Trust Fund-LIFT) နှင့်အတူ ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် အသေးစားချေးငွေရုံးခန်းတစ်ခုကို ဇူလိုင် ၂၄ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ရုံးခန်းဖွင့်ပွဲသို့ ကချင်ပြည်နယ် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်နယ်ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ အရာရှိများ၊ မြစ်ကြီးနားမြို့နယ်အာဏာပိုင်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ Vision Fund မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်။ နိုင်ငံလူဦးရေ၏ ၃၂ ရာခိုင်နှုန်းသည် ရရှိသင့်သည့် ဝင်ငွေအောက်တွင်သာ ဆင်းရဲမှုဖြင့် နေထိုင်နေရသဖြင့် Vision Fund သည် ကျေးလက်ဒေသပြည်သူများ လူနေမှုဘဝတိုးတက်စေရေးအတွက် အလေးထားဆောင်ရွက်နေသော အဖွဲ့အစည်းတစ်ခုဖြစ်သည်။

မိမိတို့အနေဖြင့် အားနည်းသောမိသားစုများနှင့် လူ့အဖွဲ့အစည်းများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် လုပ်ငန်းများတိုးချဲ့ရန် ရည်ရွယ်ထားကြောင်း၊ လုပ်ငန်းစဉ်အတွင်း အမျိုးသမီးများအား ပိုမိုပါဝင်လာစေခြင်းဖြင့် ကလေးသူငယ်များ၏ဘဝ လုံခြုံစိတ်ချရရေးအတွက်လည်း ရည်ရွယ်ထားကြောင်း မြန်မာနိုင်ငံဆိုင်ရာ World Vision Myanmar ၏ ညွှန်ကြားရေးမှူး Mr. Suresh Bartlett က ပြောကြားခဲ့ပြီး LIFT ၏ ညွှန်ကြားရေးမှူး Katy Webley က ဘဏ္ဍာရေးအထောက်အကူများဖြင့် ပေါင်းစပ်လုပ်ကိုင်မည်ဆိုပါက မြန်မာနိုင်ငံ ကျေးလက်ဒေသစီးပွားရေး ဖွံ့ဖြိုးလာမည့် အလားအလာများစွာရှိကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# H1N1နှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထား
## လူနာအားထိတွေ့ကိုင်တွယ်ရသည့် ကျန်းမာရေးဝန်ထမ်းများအား သင်တန်းပေး

**မန္တလေး ဇူလိုင် ၂၈**

မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီးတွင် H1N1 သံသယရှိလူနာ ရောက်ရှိလာခြင်းမရှိကြောင်း၊ ပြည်သူများ သိသင့်သိထိုက်သည်များကိုလည်း အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း၊ ကျန်းမာရေး ဝန်ထမ်းများကိုလည်း သင်တန်းများပေးနေကြောင်း ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန မန္တလေး အထွေထွေရောဂါကုဆေးရုံအုပ်ကြီးထံမှ သိရသည်။

မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးတွင် H1N1 သံသယရှိလူနာရောက်ရှိနေသည်ဟု သတင်းများထွက်ပေါ် နေခြင်းနှင့်ပတ်သက်၍ သတင်းမီဒီယာများမှ ဇူလိုင် ၂၇ ရက် ညနေ ၄ နာရီဝန်းကျင်က မန္တလေးအထွေထွေရောဂါ ကုဆေးရုံအုပ်ကြီးထံသို့ သွားရောက်သတင်းရယူခဲ့ခြင်းဖြစ်သည်။

"မန္တလေးဆေးရုံကြီးသို့ တက်ရောက်လာတာမရှိပါဘူး။ ရှိရင်သတင်းထုတ်ပြန်ပေးသွားမှာပါ။ ပြည်သူတွေက ရောဂါ အကြောင်းသိပြီး ကိုယ့်ကိုယ်ကိုယ် ကာကွယ်ပြီးနေရမယ်။ ရောဂါဖြစ်လာရင်လည်း နေထိုင်၊ ပြုမူဆောင်ရွက်ရမှာတွေ ကို သိဖို့လိုတယ်။ လူစုလူဝေးထဲမသွားသင့်တာတွေ၊ သွားမယ်ဆိုရင်လည်း အကာအကွယ်လေးနဲ့ အုပ်ပြီးသွား သင့်ပါတယ်။ လူတိုင်းလူတိုင်း ဂရုစိုက်ရမယ်။ သတိထားရ မယ်။ ဒီလိုအချိန်မှာ နှာချေ၊ ချောင်းဆိုးဖြစ်ရင် တတ်ကျွမ်း နားလည်တဲ့ ဆေးရုံဆေးခန်းက ဆရာဝန်ဆီသွားပြီး ကုသ မှုကို စနစ်တကျခံယူသင့်ပါတယ်။

H1 N1နဲ့ ပတ်သက်ပြီး မိမိတို့ကျန်းမာရေးဝန်ထမ်း တွေကိုလည်း ကူးစက်မှုမရှိအောင် ပြည်သူလူထုအတွင်း ရောဂါပျံ့နှံ့မှုတွေ နည်းနိုင်သမျှနည်းအောင်၊ ဆောင်ရွက်ဖို့ ကျန်းမာရေးဝန်ထမ်းတွေ သိသင့်သိထိုက်တဲ့လုပ်ငန်းတွေ ဆောင်ရွက်ရမယ့်အဆင့်တွေ၊ မိမိကိုယ်ကိုကာကွယ်ရမယ့် ဝတ်စုံတွေစနစ်တကျဝတ်ဖို့၊ infection ကနေထွက်လာတဲ့ waste တွေကို စနစ်တကျစွန့်ပစ်ဖို့ သင်တန်းတွေလည်းပေး နေပါတယ်"ဟု ဆေးရုံအုပ်ကြီး ဒေါက်တာတင်တင်မိုးက ပြောသည်။

H1N1 သံသယရှိလူနာ ရောက်ရှိလာပါကလည်း စစ်ဆေးကုသမှုခံယူနိုင်ရန် ကိုးထပ်ဆောင်တွင် သီးသန့် ခန်းများထားရှိပေးထားကြောင်းနှင့် ကျန်းမာရေးဝန်ထမ်း များမှ လူနာအားထိတွေ့ကိုင်တွယ်သည့်အခါတွင်လည်း ရောဂါကူးစက်မှုများမဖြစ်ပွားအောင် ကျန်းမာရေးဝန်ထမ်း များအား သင်တန်းများပေးလျက်ရှိကြောင်း သိရသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ရာသီတုပ်ကွေးရောဂါ [(Seasonal Influenza A(H1N1) pdm 2009)] ဖြစ်ပွားမှုနှင့်ပတ်သက်၍ အထူးဦးစားပေးပြီး ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများနှင့် ကာကွယ် ထိန်းချုပ်ခြင်းလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိကြောင်း၊ မန္တလေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှလည်း ရာသီတုပ်ကွေးရောဂါနှင့်ပတ်သက်၍ ပြည်သူလူထုအနေ ဖြင့် ကြိုတင်ကာကွယ်နိုင်ရန် အသိပညာပေးလုပ်ငန်းများ ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အောင်စေပိုင်စေ)**





# မဟုတ်မမှန်လုပ်ကြံသတင်းဖြန့်သူကို ရှာဖွေအရေးယူသွားမည်ဖြစ်ကြောင်း ရှင်းလင်း

**မုံရွာ ဇူလိုင် ၂၈**

ကောလာဟလဖြစ်ကာ လူအများကြားအလန့်တကြားဖြစ် အောင် ဖေ့ဘွတ်မှတစ်ဆင့် မုံရွာတွင် H1N1 ဖြစ်နေသူတစ် ဦးတွေ့သည့်အကြောင်းနှင့် မုံရွာကြက်ဇုန်တွင် ယခင်ကကဲ့ သို့ ကြက်ငှက်တုပ်ကွေးဖြစ်၍ ကြက်စတင်သေနေပြီဆို သော သတင်းမှားကို တိတိကျကျသိရှိစေရန်၊ ကြိုတင် ကာကွယ်ရေးကို အရှိန်မြှင့်ဆောင်ရွက်ကြရန်အတွက် မမှန်သတင်းဖြန့်သည့် သတင်းနှင့်ပတ်သက်ပြီး စစ်ကိုင်း တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းနှင့် အဖွဲ့သည် မုံရွာဆေးရုံကြီးနှင့် မုံရွာကြက်ဇုန်တို့သို့ ဇူလိုင် ၂၈ ရက် နေ့လယ်ပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ သည်။

"မုံရွာဆေးရုံကြီးနဲ့ မုံရွာဥစားကြက်ဇုန်ကိုရောက်လာ တော့ ပိုပြီးရှင်းရှင်းလင်းလင်းသိရပါတယ်။ ပြည်သူလူထု ကို ထိတ်လန့်ချောက်ချားအောင် တချို့က ရည်ရွယ်ချက်ရှိရှိ နဲ့ ဖြန့်နေတာတွေ့ရပါတယ်။ ဒါတွေကို လိုအပ်သလိုအရေး ယူဆောင်ရွက်ဖို့ရှိပါတယ်။ မုံရွာကြက်ဇုန်မှာ H5N1ပျံ့နှံ့မှု မရှိသလို ကြက်အသေအပျောက် လုံးဝမရှိဘူးဆိုတာ သေချာသွားပါပြီ။ မုံရွာဆေးရုံကြီးမှာ H1N1 က အခု လောလောဆယ်မှာဖြစ်တဲ့သူမရှိသေးပါဘူး။ ဒါပေမယ့် အားလုံးကိုတော့ နိုးနိုးကြားကြားရှိအောင် လှုံ့ဆော်ထားပါ တယ်။ ဇူလိုင်၂၆ ရက်ကလည်း မြို့နယ်ခရိုင်တွေက ဆရာ ဝန်တွေအားလုံး ညှိနှိုင်းဆွေးနွေးထားပြီး ပညာပေးတာ ကာကွယ်တာနဲ့ ကုသတာတွေ လုပ်နိုင်အောင် ကြိုတင်စီစဉ် ဆောင်ရွက်မှုတွေ လုပ်နေပါတယ်။ တကယ်လို့ဖြစ်လာလို့ ရှိရင်လည်း သီးသန့်ထားကုသဖို့အတွက် နေရာတွေကို စီစဉ်ထားပါတယ်။ ကျန်းမာရေးဌာနတစ်ခုထဲတင်မကပါ ဘူး။ NGO တွေနဲ့ မြို့မိမြို့ဖတွေ ပူးပေါင်းပြီး တကယ်လို့ ဖြစ်လာခဲ့ရင် မုံရွာဆရာဝန်အသင်းကို စောစောစီးစီးလွှဲအပ် ဖို့နဲ့ အပြင်ဆေးခန်းတွေအနေနဲ့ ရောဂါလက္ခဏာကိုတွေ့ လာရပြီဆိုရင် နီးစပ်ရာဆေးရုံကြီးက တာဝန်ကျဆရာဝန်ကြီး တွေနဲ့ပြသဖို့ မှာကြားထားပါတယ်"ဟု ဝန်ကြီးဒေါက်တာ ဇော်ဝင်းက ပြောသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးနှင့်အဖွဲ့သည် မုံရွာပြည်သူ့ဆေးရုံကြီးအတွင်း H1N1 ဖြစ်လျှင် လက်ခံ ကုသပေးနိုင်ရန် ကြိုတင်ဆောင်ရွက်ထားမှုနှင့် ဆေးရုံ အတွင်း လက်ရှိဆေးကုသခံမှုယူနေသော လူနာများအား လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များကို မေးမြန်းဖြည့် ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် မုံရွာဥစားကြက်မွေးမြူရေးဇုန်ရှင်းလင်း ဆောင်ခန်းမ၌ ကြိုတင်ဆောင်ရွက်ထားရန်နှင့် ဇီဝလုံ ခြုံရေးကို ယခုထက်ပိုပိုဆောင်ရွက်ရန်များကို ကြက်မွေးမြူ နေသူများအား ဝန်ကြီးဒေါက်တာဇော်ဝင်းက မှာကြားကာ မုံရွာကြက်မွေးမြူရေးဇုန်အတွင်း ကြက်မွေးမြူနေမှုအခြေ အနေများကို ကြည့်ရှုစစ်ဆေးသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ဖျာပုံမြို့၌ ရာသီတုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းများ လူတန်းစားအလွှာစုံ ပူးပေါင်းဆောင်ရွက်လျက်ရှိ

**ဖျာပုံ ဇူလိုင် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့ ၌ ရာသီတုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်း များကို လူတန်းစားအလွှာစုံ ပူးပေါင်းပါဝင် ဆောင်ရွက်နေကြောင်း သိရသည်။

"ဒီရောဂါက ကြိုတင်ကာကွယ်ရေး လုပ်ငန်းကိုဦးစားပေးလုပ်ရပါတယ်။ အဲဒီအတွက် ပြည်သူတွေလိုက်နာရမယ့် ကျန်းမာရေးအသိ ပညာပေးလုပ်ငန်းတွေကို ပြည်သူတွေထဲ ထဲထဲဝင်ဝင် နားလည်သိရှိစေဖို့ ရပ်ကွက်နေ ပြည်သူတွေ၊ ကျောင်းသားကျောင်းသူတွေပါ မကျန် ကျန်းမာရေးအသိပညာတွေပေးနေပါ တယ်။ ပရဟိတအဖွဲ့တွေ၊ ဒေသခံပြည်သူတွေ ကလည်း လိုအပ်တဲ့နေရာတွေမှာ ပူးပေါင်း ဆောင်ရွက်ပေးနေပါတယ်"ဟု ဖျာပုံဆေးရုံ အုပ်ဒေါက်တာစိန်စိန်က ပြောသည်။

ရန်ကုန်ဆေးရုံကြီးတွင် ဇူလိုင် ၂၆ ရက် က H1N1 တုပ်ကွေးဖြင့် သေဆုံးသွားသည့် အသက်(၄၃)နှစ်အရွယ် အမျိုးသားသည် ဖျာပုံမြို့ စာတိုက်လမ်းရှိ ဇော်ဂျီ ၂၄ နာရီ ပုဂ္ဂလိက ဆေးခန်းမှ လွှဲပြောင်းပေးလိုက်သည့် လူနာဖြစ်သည့်အတွက် ဖျာပုံမြို့၌ ဇူလိုင် ၂၆ ရက် ညနေပိုင်းမှစတင်ကာ တုပ်ကွေး ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နေခြင်းဖြစ်သည်။



အဆိုပါသေဆုံးသူ၏ ကျန်ရစ်သူမိသားစု ကျန်းမာရေးအခြေအနေနှင့် ပတ်သက်၍ ဖျာပုံဆေးရုံအုပ်ဒေါက်တာစိန်စိန်က "သေဆုံး သူ၏ မိသားစုဝင်တွေ ကျန်းမာလျက်ရှိပါ တယ်။ ဖျားနေတဲ့ကလေးလည်း ကျန်းမာနေ ပါပြီ။ မိသားစုတွေကို နေအိမ်မှာပဲထားပြီး သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းတွေက နေ့စဉ်သွားရောက် စောင့်ကြည့်ပေးလျက်ရှိပါ တယ်"ဟု ပြောသည်။

"ဒီရောဂါက ကပ်ရောဂါအသွင်လိုဖြစ်နေ တယ်။ မိမိအတွက်လည်းစိုးရိမ်တယ်။ မိသားစု အတွက်လည်းစိုးရိမ်တယ်။ မြို့သူမြို့သားတွေ အတွက်ပါ စိုးရိမ်ပါတယ်။ စိုးရိမ်မှုတွေက အားလုံးကိုယ်စီရှိကြပါတယ်။ အဓိကပိုပြီး စိုးရိမ်နေတဲ့ပြဿနာက ဒီရောဂါရဲ့ ဇာစ်မြစ်ကို ကျန်းမာရေးအသိတွေ ပြည်သူတွေက ဂဃနဏကြိုမသိထားတာရယ်၊ ဖြစ်တဲ့အချိန် မှာလည်း အချိန်နဲ့တစ်ပြေးညီ သတင်းအချက် အလက်တွေ ပြည့်ပြည့်စုံစုံ မရနိုင်တာရယ် ဖြစ်တဲ့အခါကျတော့ လူတိုင်းကစိုးရိမ်နေကြ မှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ ဒီရောဂါက တစ်ယောက်ဖြစ်ပြီဆို ကိုယ်နဲ့မဆိုင်ဘူးဆိုပြီး နေလို့မရဘူး။ ကျန်တဲ့သူတွေပါ အားလုံးသတိ ထားကြရမယ်။ အခုလက်ရှိမြို့မှာ သက်ဆိုင်ရာ တာဝန်ရှိသူတွေ၊ NGO/INGOတွေ၊ မြို့သူ မြို့သားတွေပါမကျန် ကျန်းမာရေးအသိ ပညာပေးလုပ်ငန်းတွေမှာ ပူးပေါင်းပါဝင် ဆောင်ရွက်နေတာ တွေ့ရပါတယ်။ အဲဒီ ပညာပေးခြင်း အစီအစဉ်တွေကို မြို့ပေါ်တင် မဟုတ်ဘဲ ကျေးရွာတွေအထိ တစ်ပြိုင်နက် တည်း မြန်မြန်ဆန်ဆန် အသိပညာတွေရောက် နိုင်ဖို့၊ ပြည်သူတွေနားလည်အောင် ကျန်းမာ ရေးအသိတွေပေးနိုင်ဖို့ အရှိန်အဟုန်မြှင့် ဆောင်ရွက်စေချင်ပါတယ်"ဟု ဖျာပုံမြို့နယ်မှ ဦးအုန်းဟန်က ပြောသည်။

**သူဇာနွယ်(ဖျာပုံ)**



## ပြည်တွင်းရေးရာ

**✻ စာမျက်နှာ ၅ မှ**

ရေလျှံထိန်းတာပေါင် အလျားပေ ၁၀၀၀ ခန့်အား ပုံစံကျမြေဖို့ပြုပြင်ခြင်းလုပ်ငန်း၊ ရေပေးတူးမြောင်းပေါင် ပုံစံကျပြုပြင်ခြင်းလုပ်ငန်းနှင့် ရေပေးတူးမြောင်းထိပ်ရှိ ရေထိန်းတံခါးတွင် သစ်သားရေတံခါးရွက်တပ်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးအတွက် လိုအပ်ရန်ပုံငွေကို ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေတွင် တင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်း၊ ဖြည့်စွက်ရန်ပုံငွေမရရှိပါက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ မူလရန်ပုံငွေတွင်ထည့်သွင်းတင်ပြလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်ကာ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

လွိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ၏ **လွိုင်လင်မြို့ပေါ် ရပ်ကွက် (၁)/(၂)/(၃)/(၄)တို့တွင် သောက်ရေသုံးရေ အလုံအလောက် ဖြန့်ဝေပေးရန် နောင်တောင်းကန်ရှိ ရေသွင်းရေထုတ်ပိုက်များပြုပြင်ခြင်း၊ ရေအနည်ချကန်အသစ်တည်ဆောက်ခြင်း၊ ရေစုကန်၊ ရေအနည်ချကန်အဟောင်းများ အသုံးပြု၍ ရေပေးဝေခြင်း၊ မြကန်သာရေကန်မှ ရေပေးဝေရန် စီစဉ်ခြင်း၊ ကုန်းမြင့်နေရာများတွင် စက်ရေတွင်း၊ အဝီစိတွင်းများ တူးဖော်ခြင်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က လွိုင်လင်မြို့အနေအထားအရ ကုန်းမြင့်ပိုင်းရပ်ကွက်များ ရေရရှိရေးအတွက် အဝီစိတွင်းတူးဖော်ဆောင်ရွက်မည်ဆိုပါက လိုအပ်သည့် စူးစမ်းလေ့လာမှုလုပ်ငန်းများကိုဆောင်ရွက်ပြီး ရေလုံလောက်စွာရရှိနိုင်မှု ရှိ၊ မရှိတွက်ချက်၍ ရေလုံလောက်စွာရရှိမှသာ ရေဖြန့်ဝေပေးနိုင်မည်ဖြစ်ပါကြောင်း။

လွိုင်လင်မြို့နယ်စည်ပင်သာယာရေးဌာနအနေဖြင့် လွိုင်လင်မြို့ပေါ် ရပ်ကွက် (၁၊၂၊၃၊၄) တို့အား သန့်ရှင်းသော သောက်သုံးရေ အလုံအလောက်ဖြန့်ဝေပေးနိုင်ရေးအတွက် နောင်တောင်းကန်တိုးချဲ့ရေပေးရေးလုပ်ငန်းများအား လက်ရှိအချိန်တွင် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း၊ မြကန်သာရေကန်မှ တိုးချဲ့ရေပေးရေးဆောင်ရွက်နိုင်ရန် ကွင်းဆင်းတိုင်းတာတွက်ချက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကုန်းမြင့်ပိုင်းရပ်ကွက်များတွင် အဝီစိတွင်းတူးဖော်၍ ရေဖြန့်ဝေပေးနိုင်ရန် စူးစမ်းလေ့လာမှု လုပ်ငန်းများကို ကွင်းဆင်းတိုင်းတာဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး၊ တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့်၊ တမူးမဲဆန္ဒနယ်မှ ဦးနိုင်နိုင်ဝင်းနှင့် ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်တို့၏ စိုက်ပျိုးရေရရှိရေး၊ ချောင်းနယ်လက်ယာကမ်းဆည် ပြန်လည်ပြုပြင်ပေးရေး၊ ကျေးရွာချင်းဆက်လမ်းများအား လမ်းပုံစံထုတ်ပြီး တည်ဆောက်ပေးရေးနှင့် တံတားအဆင့်မြှင့်တင်ပေးရေးဆိုင်ရာ မေးခွန်းများကိုလည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ပြန်လည်ဖြေကြားခဲ့သည်။

ယင်းနောက် ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်းက **ရာသီတုပ်ကွေးရောဂါ Seasonal Influenza A (H1N1) pdm 2009 နှင့်ပတ်သက်၍ ရောဂါကူးစက်ပြန့်ပွားမှု မရှိစေရန်နှင့် အသေအပျောက်နည်းပါးရေးအတွက် လူနေထူထပ်သော ကျောင်း၊ ဈေး၊ စက်ရုံ၊ အလုပ်ရုံ၊ ရထား၊ ဘတ်စ်ကား၊ သင်္ဘောဆိပ်၊ လေဆိပ်များအထိ ပညာပေးရေးလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း** အရေးကြီးအဆိုကို လွှတ်တော်သို့ တင်သွင်းသည်။

အဆိုရှင် ဦးသိန်းထွန်းက အဆိုတင်သွင်းရာတွင် ၂၀၁၇ ခုနှစ် ဇူလိုင် ၁၉ ရက်မှ ၂၀၁၇ ခုနှစ် ဇူလိုင် ၂၇ ရက် မွန်းလွဲ ၂ နာရီအထိ တစ်နိုင်ငံလုံးတွင် ရရှိသောအချက်အလက်အရ လတ်တလောပြင်းထန်အသက်ရှူလမ်းကြောင်းပိုးဝင်ရောဂါ လူနာ ၅၀ အား ဆေးကုသမှုပေးခဲ့ကြောင်း၊ Seasonal Influenza A (H1N1) pdm 2009 Positive စုစုပေါင်းလူနာ ၃၀ ရှိခဲ့ပြီး ၎င်းတို့အနက် ၆ ဦးသေဆုံးခဲ့သည်ဟု သိရှိရပါကြောင်း၊ H1N1 လူနာ ၃၀ ဖြစ်ပွားခဲ့ရာ ၆ ဦးသေဆုံးခဲ့ရာ ၂၀ ရာခိုင်နှုန်းဖြစ်၍ ရာခိုင်နှုန်းများသော သေဆုံးမှုဖြစ်ပါကြောင်း။

ထိုသို့ဖြစ်ရခြင်းမှာ ပြည်သူလူထုအနေဖြင့် H1N1 ရောဂါလက္ခဏာများကို သာမန်တုပ်ကွေးဟု မှတ်ယူ၍ နောက်ကျမှရောက်လာရခြင်းဖြစ်သည်ဟု ယူဆသည့်အတွက်ကြောင့် H1N1 ပညာပေးရေးလုပ်ငန်းကို လူစုလူဝေးရှိသော ကျောင်းများ၊ ရုံးများ၊ အလုပ်ရုံစက်ရုံများ၊ ဘတ်စ်ကား၊ မီးရထား၊ သင်္ဘောနှင့် လေဆိပ်တို့တွင် လူထုပညာပေးရေး အစီအစဉ်များဆောင်ရွက်သင့်ပါကြောင်း လွှတ်တော်သို့ တင်ပြခဲ့သည်။

ယင်းအရေးကြီးအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပြီး အဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကို တောင်းခံထားသည်။

ယနေ့အစည်းအဝေးတွင် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော "အုပ်ထိန်းသူနှင့်အုပ်ထိန်းခြင်းခံရသူများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း" နှင့် "မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း"တို့ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး(၃၅)ရက်မြောက်နေ့ကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်ပြီး အစည်းအဝေး(၃၆) ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ် ဇူလိုင် ၃၁ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ကျော်သူထက်၊ မွှေးကြူဇင်(သတင်းစဉ်)**

## မြန်မာ့ဒီမိုကရေစီပွဲတော်ကို ရုပ်ရှင်ပြပွဲ၊ အငြိမ့်ပြိုင်ပွဲ၊ ပဒေသာကပွဲများဖြင့် ခမ်းခမ်းနားနား ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၂၈**



မြန်မာ့ဒီမိုကရေစီပွဲတော်ဖွင့်ပွဲနေ့တွင် မြန်မာတစ်နိုင်ငံလုံးရှိ ရုပ်ရှင်ရုံ ၄၆ ရုံ၌ ရုပ်ရှင်ဇာတ်ကားငါးကားအခမဲ့ပြသမှုအပါအဝင် ပွဲတော်ကာလအတွင်း ရုပ်ရှင်ပွဲတော်နှင့် ဆက်စပ်ပြီး ပဒေသာကပွဲနှင့် အငြိမ့်ပြိုင်ပွဲများလည်း တွဲဖက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့ဒီမိုကရေစီပွဲတော်ကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာ့ဒီမိုကရေစီပွဲတော်ကို ရုပ်ရှင်ပြပွဲ၊ အငြိမ့်ပြိုင်ပွဲ၊ ပဒေသာကပွဲများဖြင့် ခမ်းခမ်းနားနားကျင်းပသွားမည်ဖြစ်ကြောင်း၊ ပွဲတော်ကျင်းပမှု စနစ်တကျ ဖြစ်စေရေးအတွက် ဦးဆောင်ကော်မတီနှင့် ဆပ်ကော်မတီများအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် ဆက်လက်လုပ်ဆောင်ရန် ရှိသည်များကို ပွင့်လင်းစွာဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးလူမင်း၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးတင်ဦးလေး၊ မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံး ဥက္ကဋ္ဌကိုယ်စား ဒေါ်ပတ္တမြားကေခိုင်နှင့် တက်ရောက်လာကြသူများက ကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးသည်။

မြန်မာ့ဒီမိုကရေစီ ပွဲတော်ကို စက်တင်ဘာ ၁၅ ရက်မှ ၂၁ ရက်အထိ ကျင်းပမည်ဖြစ်ရာ ပွဲတော်စနစ်တကျနှင့် အောင်မြင်စွာကျင်းပနိုင်ရေး အတွက် မြန်မာ့ဒီမိုကရေစီရုပ်ရှင်ပွဲတော်နှင့် ဆက်စပ်သောအငြိမ့်ပြိုင်ပွဲနှင့် ပဒေသာကပွဲများ ကျင်းပရေးကော်မတီနှင့် ဆပ်ကော်မတီများကို ဖွဲ့စည်းခဲ့ပြီး ၎င်းတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံးတို့မှ ကိုယ်စားလှယ်တစ်ဦးစီတို့က နာယကများအဖြစ် ပါဝင်ကြမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့ဒီမိုကရေစီပွဲတော် ဖွင့်ပွဲနေ့ဖြစ်သည့် စက်တင်ဘာ ၁၅ ရက်တွင် နေခြည်မှာရွှေရည်လောင်း၊ သရာစောထီး၊ ဒီမိုရပ်ကွက်၊ တိမ်ပြာသောနေ့၊ ကြီးမြတ်သောမြန်မာ အမည်ရှိ ရုပ်ရှင်ဇာတ်ကား ငါးကားကို ရန်ကုန်မြို့ရှိ ရုပ်ရှင်ရုံခုနစ်ရုံအပါအဝင် မြန်မာတစ်နိုင်ငံလုံးရှိ ရုပ်ရှင်ရုံ ၄၆ ရုံ၌ အခမဲ့ပြသသွားမည်ဖြစ်သည့်အပြင် အငြိမ့်ပြိုင်ပွဲများ၊ ပဒေသာကပွဲများ၊ တေးဂီတဖျော်ဖြေပွဲများကိုလည်း တွဲဖက်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ နာမည်ကျော်အနုပညာရှင်များလည်း ပါဝင်ဖျော်ဖြေကြမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းအုံအား အမြဲတမ်းအတွင်းဝန်တာဝန်များကို ပူးတွဲထမ်းဆောင်ရန်လည်းကောင်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးချစ်ဝေအား အမြဲတမ်းအတွင်းဝန်တာဝန်များကို ထမ်းဆောင်ရန်လည်းကောင်း တာဝန်ပေးအပ်လိုက်သည်။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပညာရေးဝန်ကြီးဌာန၊ ကျောင်းပြင်ပပညာရေး/Alternative Education ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်မြဲကို ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူး ဒေါက်တာသာထွန်းကျော်ကို ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့် နေ့မှစ၍အစမ်းခန့်ထားလိုက်သည်။

### မစ္စတာ ဖာနန်ဒို ဟိုလီယို အန်တိုနီယို ကေးရစ် ကမ်ပို့စ် အား မြန်မာနိုင်ငံတော်ဆိုင်ရာ ပီရူးသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူ

**နေပြည်တော် ဇူလိုင် ၂၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပီရူးသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ ဖာနန်ဒို ဟိုလီယို အန်တိုနီယို ကေးရစ် ကမ်ပို့စ် အား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရက သဘောတူညီပြီးဖြစ်သည်။ ၎င်းသည် ဗန်ကောက်မြို့တွင် အခြေစိုက်မည်ဖြစ်သည်။

မစ္စတာ ဖာနန်ဒို ဟိုလီယို အန်တိုနီယို ကေးရစ် ကမ်ပို့စ် သည် ၁၉၈၃ ခုနှစ်တွင် ပီရူးနိုင်ငံ ကက်သလစ်တက္ကသိုလ်မှ ဥပဒေဘွဲ့ကိုလည်းကောင်း၊ ၁၉၉၃ ခုနှစ်တွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ နိုင်ငံတကာလေ့လာရေးတက္ကသိုလ်မှ နိုင်ငံတကာဆက်ဆံရေး မဟာဘွဲ့ကိုလည်းကောင်း ရရှိခဲ့သည်။ ၁၉၈၆ ခုနှစ်တွင် ပီရူးသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီးနောက် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဂျီနီဗာမြို့၊ ကာရာကတ်မြို့၊ ဝါရှင်တန်ဒီစီမြို့များရှိ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ သံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးတို့တွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၇ ခုနှစ်မှ ယခုလက်ရှိအချိန်အထိ ထိုင်းနိုင်ငံဆိုင်ရာ ပီရူးနိုင်ငံ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ မစ္စတာ ဖာနန်ဒိုသည် အိမ်ထောင်သည် တစ်ဦးဖြစ်ပြီး သားသမီး ၃ ဦး ရှိသည်။ **(သတင်းစဉ်)**

## Mobile Payment စနစ်ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၈**

မြန်မာ့စီးပွားရေးဘဏ်သည် မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ အင်းဝဘဏ်လီမိတက်၊ Myanmar Mobile Money (MMM) နှင့် အကျိုးတူပူးပေါင်းကာ Mobile Payment ဝန်ဆောင်မှုလုပ်ငန်းကို ချင်းပြည်နယ်မှအပ နေပြည်တော်နှင့် ကျန်တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြန်မာ့စီးပွားရေးဘဏ်၊ ခရိုင်နှင့်မြို့နယ်ဘဏ်ခွဲ ၂၆၃ ဘဏ်တွင် Cash in ငွေသားလက်ခံပေးခြင်း၊ Cash out ငွေသားထုတ်ပေးခြင်း၊ Top-up တယ်လီဖုန်းပြောဆိုခဖြည့်တင်းပေးခြင်း၊ Pension Payment အငြိမ်းစား လစာထုတ်ပေးခြင်းတို့ကို အေးဂျင့်အဖြစ် ဆောင်ရွက်ပေးလျက်ရှိသည်။

MPT, MECTel Sim Card အသုံးပြုသူ ပြည်သူများနှင့် အငြိမ်းစားများသည် မိုဘိုင်းဖုန်းအသုံးပြု၍ မိုဘိုင်းဝန်ဆောင်မှုစနစ် ချိတ်ဆက်ခြင်းဖြင့် မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ ၂၆၃ ဘဏ်ရှိ Point of Sale (POS) စက်တွင်လည်းကောင်း၊ MMM က ခန့်အပ်ထားသော ပြင်ပအေးဂျင့်များရှိ POS စက်တွင်လည်းကောင်း ထုတ်ယူနိုင်ပြီး ကိုယ်တိုင်အငြိမ်းစားလစာဖြစ်ပါက ခြောက်လတစ်ကြိမ်၊ မိသားစုအငြိမ်းစားလစာဖြစ်ပါက သုံးလတစ်ကြိမ် လူတွေ့စစ်ဆေးခံရန် လိုအပ်ပြီး မိမိတို့၏ မိုဘိုင်းဖုန်းအတွင်းသို့ အငြိမ်းစားလစာထည့်သွင်းပေးရန် Standing Instruction ပေးထားခြင်းဖြင့် ဘဏ်သို့ အကြိမ်ကြိမ်လာရောက်ရန်မလိုဘဲ အငြိမ်းစားဆန္ဒရှိသည့် ငွေပမာဏကို အလီလီထုတ်ယူနိုင်သည့်အပြင် ခရီးသွားနေစဉ်ဖြစ်ပါက မိမိရောက်ရှိရာနေရာဒေသရှိ နီးစပ်ရာမည်သည့်မြန်မာ့စီးပွားရေးဘဏ်ခွဲ (သို့မဟုတ်) MMM မှ ခန့်အပ်ထားသော ပြင်ပအေးဂျင့်တို့တွင် အလွယ်တကူထုတ်ယူနိုင်မည်ဖြစ်သည်။

**(သတင်းစဉ်)**

# လတ်တလောပြင်းထန်အသက်ရှူလမ်းကြောင်းပိုးဝင်ရောဂါ လူနာ ၆၈ ဦးမှ Seasonal Influenza A (H1N1) pdm09-Positive လူနာစုစုပေါင်း ၃၅ ဦးရှိခဲ့ပြီး ယနေ့အထိ ခြောက်ဦးသေဆုံးခဲ့ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတင်းထုတ်ပြန်

**နေပြည်တော် ဇူလိုင် ၂၈**
ဇူလိုင် ၁၉ ရက်မှ ၂၈ ရက် မွန်းလွဲ ၂ နာရီအထိ ရရှိသော ရောဂါဖြစ်ပွားမှု အချက်အလက်များအရ ဆေးရုံတက်ရောက်သည့် လတ်တလောပြင်းထန် အသက်ရှူလမ်းကြောင်းပိုးဝင်ရောဂါ (Severe Acute Respiratory Illness) လူနာ ၆၈ ဦးရှိသည့်အနက် Seasonal Influenza A (H1N1) pdm09 – Positive လူနာစုစုပေါင်း ၃၅ ဦးရှိခဲ့ပြီး ယနေ့အထိ ခြောက်ဦးသေဆုံးခဲ့ကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ယနေ့ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ရာသီတုပ်ကွေးရောဂါ (Seasonal Influenza A (H1N1) pdm09) ဖြစ်ပွားမှုနှင့်ပတ်သက်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများနှင့် ကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများကို အထူးဦးစားပေးဆောင်ရွက်လျက်ရှိရာ ယမန်နေ့ မွန်းလွဲ ၂ နာရီမှ ယနေ့ မွန်းလွဲ ၂ နာရီအထိ သံသယလူနာ ၁၂ ဦးအား စမ်းသပ်စစ်ဆေးခဲ့ရာ အတည်ပြုလူနာငါးဦးတွေ့ရှိပြီး ထပ်မံသေဆုံးသူမရှိကြောင်း သိရသည်။

ထို့ပြင် ချင်းပြည်နယ် မတူပီမြို့နယ် ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူနေသော Seasonal Influenza A(H1N1) pdm09-Positive လူနာ ၁၀ ဦးမှာ ရောဂါသက်သာကောင်းမွန်သဖြင့် ဇူလိုင် ၂၅ ရက်တွင် လူနာအားလုံး ဆေးရုံမှဆင်းသွားပြီးဖြစ်ကြောင်း သိရသည်။

လတ်တလောရာသီတုပ်ကွေးရောဂါဖြစ်ပွားမှုကို ထိရောက်စွာတုံ့ပြန်ဆောင်ရွက်နိုင်ရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းကော်မတီသည် ရောဂါကုသရေးနှင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းစဉ်များကို ပြန်လည်စိစစ်ခြင်း၊ ရောဂါဖြစ်ပွားကူးစက်ခံရသောလူနာများအား ထိရောက်စွာဆေးဝါးကုသမှုပေးနိုင်ရန်နှင့် ရောဂါပျံ့နှံ့မှုမရှိစေရေးအတွက် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဝေဘာဂီအထူးကုဆေးရုံကြီးအပါအဝင် ဆေးရုံများတွင် လိုအပ်သောဆေးနှင့်ဆေးပစ္စည်းများ အရန်သင့်ထားရှိခြင်း၊ အထူးကြပ်မတ်ဆောင်များကို အရန်သင့်ထားရှိပြီး ဆေးရုံရှိကျန်းမာရေးဝန်ထမ်းများအား ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းစဉ်များကို လေ့ကျင့်သင်ကြားပေးခြင်းနှင့် ပြည်သူလူထုအတွင်းသတင်းမှန်ရရှိရန် အချိန်မီသတင်းထုတ်ပြန်ခြင်း၊ ပြည်သူလူထုအတွင်း ကျန်းမာရေးပညာပေးလုပ်ငန်း ပိုမိုထိရောက်စေရန်အတွက် ပိုစတာများ လုံလောက်စွာဖြန့်ဝေနိုင်ရန် စီစဉ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ကုသရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ ဆေးရုံကြီးများ၊ ကျန်းမာရေးဆေးပေးခန်းများ၊ နယ်စပ်ဝင်ထွက်ဂိတ်များနှင့် ပြည်သူလူထုအတွင်း တုပ်ကွေးဆန်သောရောဂါလက္ခဏာများ (Influenza like illness –ILI) ဖြစ်ပွားမှုနှင့် လတ်တလောပြင်းထန် အသက်ရှူလမ်းကြောင်းပိုးဝင်ရောဂါ (Severe Acute Respiratory Illness) လူနာဖြစ်ပွားမှုစသည်တို့ကို စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ယခင်ထက်ပိုမိုတိုးမြှင့်ဆောင်ရွက်လျက်ရှိပြီး ရောဂါဖြစ်ပွားသူလူနာများနှင့် အနီးကပ်ထိတွေ့သူများအား ရောဂါထပ်မံဖြစ်ပွားကူးစက်ခံရမှုမရှိစေရေးအတွက် ကျန်းမာရေးအသိပညာပေးခြင်း၊ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းနှင့် လိုအပ်ပါကဆေးဝါးကုသမှုပေးခြင်းလုပ်ငန်းများကို တိုင်းဒေသကြီး/ ပြည်နယ်ကျန်းမာရေးဌာနများနှင့် အချိန်နှင့်တစ်ပြေးညီချိတ်ဆက်၍ လိုအပ်သလိုဖြည့်ဆည်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်မြို့ ဗဟိုဆေးသိုလှောင်ရေးဌာနမှလည်း ဆေးပစ္စည်းများဖြန့်ဝေခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ရန်ကုန်မြို့ပေါ်ရှိဆေးရုံကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ကျန်းမာရေးဌာနများသို့ N 95 စုစုပေါင်း ၁၅၀၀၀၀ ခန့်ကို လည်းကောင်း၊ ကာကွယ်ရေးဝတ်စုံ ၄၅၀ ကို လည်းကောင်း၊ အသက်ရှူစက်များနှင့် အခြားလိုအပ်သည့် ဆေးပစ္စည်းကိရိယာများကို လည်းကောင်း ထပ်မံ၍ထောက်ပံ့ဖြည့်ဆည်းပေးပြီးဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ရုံးချုပ်)၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (အရှေ့တောင်အာရှရုံး)နှင့် အိန္ဒိယနိုင်ငံသံရုံးတို့မှထောက်ပံ့မည့် ရောဂါကာကွယ်ရေးဝတ်စုံနှင့် ပစ္စည်းများ၊ N 95 Mask များ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ Oseltamivir (Tamiflu) ဆေးနှင့် တုပ်ကွေးရောဂါ ကာကွယ်ထိုးဆေးများကိုလည်း လိုအပ်သလိုသုံးစွဲသွားနိုင်ရန် ဆောင်ရွက်လျက်ကြောင်း။

လတ်တလောဖြစ်ပွားနေသောရာသီတုပ်ကွေးရောဂါ (Seasonal Influenza A(H1N1) pdm09) ဖြစ်ပွားမှုနှင့်ပတ်သက်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကထုတ်ပြန်သော ရောဂါကြိုတင်ကာကွယ်ရေး နှိုးဆော်ချက်များကို အရေးတယူ လိုက်နာဆောင်ရွက်သွားပါက ရောဂါကူးစက်ဖြစ်ပွားမှုများ လျော့နည်းကျဆင်းသွားမည်ဖြစ်ပြီး ရာသီတုပ်ကွေးဆန်သောရောဂါလက္ခဏာများ၊ ပြင်းထန်ရာသီတုပ်ကွေးရောဂါလက္ခဏာများ ဖြစ်ပွားသည်ဟု ထင်မှတ်ပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ ချက်ချင်းသတင်းပေးပို့ကုသမှုခံယူပါက အသက်အန္တရာယ်ဆုံးရှုံးရမှုများမှ ထိရောက်စွာကာကွယ်နိုင်မည်ဖြစ်ကြောင်း။

ရောဂါဖြစ်ပွားမှုအခြေအနေ၊ ရောဂါကာကွယ်တားဆီးရေးနည်းလမ်းများနှင့် ပတ်သက်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ၊ Myanmar CDC facebook စာမျက်နှာများအပြင် ပြည်သူလူထုအတွင်း ကျယ်ပြန့်စွာသိရှိနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ ဆက်လက်သတင်းထုတ်ပြန်သွားမည်ဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**(သတင်းစဉ်)**

# တန်ဖိုးမြှင့်စိုက်ပျိုးရေးထွက်ကုန်ထုတ်လုပ်ရေး စက်ရုံဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်

**နေပြည်တော် ဇူလိုင် ၂၈**
“တန်ဖိုးမြှင့်စိုက်ပျိုးရေးထွက်ကုန် ထုတ်လုပ်ရေးစက်ရုံ” ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိစက်မှုဇုန်ရှိ မြန်မာရွှေသစ်သီးဝလံကုမ္ပဏီလီမိတက်၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်သည်။

ရှေးဦးစွာ မြန်မာရွှေသစ်သီးဝလံကုမ္ပဏီလီမိတက်၏ တန်ဖိုးမြှင့်စိုက်ပျိုးရေးထွက်ကုန်ထုတ်လုပ်ရေး စက်ရုံဆိုင်းဘုတ်ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ စင်ကာပူနိုင်ငံ စိုက်ပျိုးရေးပညာရှင် Mr. Loy Hwee Chow နှင့် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြန်မာရွှေသစ်သီးဝလံကုမ္ပဏီလီမိတက် ဒါရိုက်တာ ဒေါ်လှဲ့လှဲ့ဦးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် တောင်သူများစိုက်ပျိုးထုတ်လုပ်သော သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်များ ကမ္ဘာအနှံ့ တင်ပို့ရောင်းချနိုင်ပါက နိုင်ငံတော်၏စီးပွားရေး များစွာတိုးတက်ပြောင်းလဲလာမည်ဖြစ်ကြောင်း။

သစ်သီးဝလံ၊ဟင်းသီးဟင်းရွက်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်ပနိုင်ငံများသို့ ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေးတို့အတွက် အားပေးကူညီဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လက်ရှိ ဆောင်ရွက်လျက်ရှိသည့် အမျိုးသားပို့ကုန် မဟာဗျူဟာ (National Export Strategy- NES) တွင်လည်း သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ကဏ္ဍကို ဦးစားပေးကဏ္ဍအဖြစ် ထည့်သွင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက သစ်သီးဝလံဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရာတွင် တွေ့ကြုံသည့် အခက်အခဲများကို ရှင်းလင်းပြောကြားပြီး မြန်မာရွှေသစ်သီးဝလံကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်နှောင်းနှောင်းဝင်းက ရှေ့ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ရှမ်းပြည်နယ်တောင်ပိုင်း သစ်သီးဝလံ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးခင်အောင်၊ မြန်မာရွှေသစ်သီးဝလံကုမ္ပဏီလီမိတက် ဒါရိုက်တာ ဒေါ်ကြူကြူသန်းတို့က ဂုဏ်ပြုစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့ အမှတ်(၁)ချစ်ကြည်ရေးတံတားမှ ဝင်ထွက်သွားလာသူများအား H1N1 ရောဂါလက္ခဏာရှိမရှိ စစ်ဆေးဆောင်ရွက်လျက်ရှိ

**မြဝတီ ဇူလိုင် ၂၈**
ထိုင်း-မြန်မာနယ်စပ်ချစ်ကြည်ရေး တံတားကြီးဂိတ်ဝတွင် H1N1 ရောဂါရှာဖွေရေးလုပ်ငန်းများကို မြဝတီခရိုင် ကျန်းမာရေးဝန်ထမ်းများက ဇူလိုင် ၂၇ ရက် နံနက်ပိုင်းမှ စတင်ဆောင်ရွက်နေကြောင်း သိရသည်။



ချစ်ကြည်ရေးတံတားကြီးတွင်တာဝန်ထမ်းဆောင်နေသည့်မြဝတီခရိုင် ပြည်သူ့ဆေးရုံကြီးမှ ကျန်းမာရေးတာဝန်ခံဆရာမ ဒေါ်ခိုင်ဇာသင်းက “ထိုင်းနိုင်ငံက ပြန်လာကြတဲ့ မြန်မာတွေရော နိုင်ငံခြားသားဧည့်သည်တွေကိုပါ ကျွန်မတို့ကျန်းမာရေးစစ်ဆေးမှုခံယူဖို့ သီးသန့်စီစဉ်ထားတဲ့အခန်းထဲကို ဝင်ရောက်စေပြီး နဖူးကို အပူချိန်တိုင်း ကိရိယာနဲ့ တိုင်းတာစစ်ဆေးပါတယ်။ အဲဒီလိုစစ်ဆေးတဲ့အခါ ဖျားနေတာကို တွေ့ရင် ဖျားနေတာဘယ်နှရက်ရှိပြီလဲ။ သုံးရက်နဲ့ အထက်ဖျားနေပြီး ချောင်းတွေဆိုးနေမယ်၊ နှာတွေစေးနေမယ်စတဲ့လက္ခဏာတွေတွေ့ရင် H1N1ရောဂါနဲ့ ပတ်သက်နိုင်တာကြောင့် ဆေးရုံတင်ပြီးကုသဖို့လိုအပ်တဲ့အတွက် မြဝတီဆေးရုံကြီးကို ပို့ဆောင်ကုသရမှာ ဖြစ်ပါတယ်။ ဒီဂိတ်မှာတော့စမ်းသပ်မှုတွေပြုလုပ်နေပါတယ်။ ဇူလိုင် ၂၇ ရက်မှာတော့ ထိုင်းကပြန်လာသူ မြန်မာစုစုပေါင်း ၅၀ နဲ့ နိုင်ငံခြားသား ခုနစ်ဦးကို ကျန်းမာရေးစစ်ဆေးခဲ့ပါတယ်။ ဒါပေမဲ့ H1N1 နဲ့ပတ်သက်တဲ့ လက္ခဏာတစ်ဦးမှ မတွေ့ရပါဘူး” ဟု ပြောကြားသည်။

အဆိုပါ H1N1 ရောဂါရှာဖွေရေးလုပ်ငန်းကို မြဝတီခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာသီတာစိုး၏ ညွှန်ကြားမှုဖြင့် ဇူလိုင် ၂၇ ရက်မှ ရက်အကန့်အသတ်မရှိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**

# မြန်မာအမျိုးသားဖူဆယ်အသင်း ထိုင်းနိုင်ငံ၌ ခြေစမ်းပွဲဆက်လက်ကစား

**နေပြည်တော် ဇူလိုင် ၂၈**
(၂၉) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအကြို ပြင်ဆင်မှုအဖြစ် ထိုင်းနိုင်ငံ၌ လေ့ကျင့်မှုများပြုလုပ်နေသည့် မြန်မာအမျိုးသားဖူဆယ်အသင်းသည် စတုတ္ထမြောက်ခြေစမ်းပွဲအဖြစ် ယနေ့ညနေပိုင်းက ထိုင်းဆိပ်ကမ်းအသင်းနှင့် ယှဉ်ပြိုင်ကစားရာ သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာအမျိုးသားဖူဆယ်အသင်းသည် နိုင်ပွဲရယူနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ရှုံးပွဲနှင့် ထပ်မံရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။ မြန်မာအမျိုးသားဖူဆယ်အသင်းသည် ထိုင်းနိုင်ငံ၌ ခြေစမ်းပွဲလေးပွဲ ကစားထားရာ လေးပွဲစလုံးရှုံးနိမ့်ထားပြီး နောက်ဆုံးခြေစမ်းပွဲအဖြစ် ဇူလိုင် ၃၀ ရက်တွင် ထိုင်းလက်ရွေးစင်အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအမျိုးသားဖူဆယ်အသင်းသည် ထိုင်းခြေစမ်းခရီးစဉ်တွင် ဘန်ကောက် BTS အသင်း၊ ကန်ဆန်ဘမ်ဒစ်တက္ကသိုလ်အသင်း၊ ထိုင်းလက်ရွေးစင်အသင်း၊ ထိုင်းဆိပ်ကမ်းအသင်းတို့နှင့် ခြေစမ်းပွဲများ ကစားထားပြီး ထိုင်းလက်ရွေးစင်အသင်းနှင့် ပထမခြေစမ်းပွဲတွင် ခုနစ်ဂိုး-လေးဂိုးဖြင့် ရှုံးနိမ့်ထားသည်။

**(ဖိုးသော်ဇင်)**

# ၂၀၁၇-၂၀၁၈ ခုနှစ် မိုးစပါးရာသီ အကျိုးတူကန်ထရိုက်လယ်ယာဝန်ဆောင်မှုလုပ်ငန်း စာချုပ်ချုပ်ဆို စိုက်ပျိုးစရိတ်၊ မျိုးနှင့် သွင်းအားစုများ ပေးအပ်ခြင်းအခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၂၈**

အကျိုးတူလယ်ယာစနစ်ကို အကောင်အထည်ဖော်ရန် ပုဂ္ဂလိကလုပ်ငန်းရှင်၊ အဖွဲ့အစည်းများနှင့် တောင်သူများအကြား သဘောတူစာချုပ်ချုပ်ဆိုရာတွင် အစိုးရ၊ ပုဂ္ဂလိက၊ တောင်သူများ တိတိကျကျ လိုက်နာရမည့် အချက်အလက်များနှင့် သိနားလည်ထားရမည့် အချက်အလက်များကိုလည်း ရေးဆွဲလျက်ရှိပြီး ဌာနမှ ပူးပေါင်းညှိနှိုင်းပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ယမန်နေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော် ပျဉ်းမနားမြို့နယ် မယ်ဇလီကုန်းကျေးရွာအနီးရှိ MAPCO အဆင့်မြင့်ဆန်စက်၌ ကျင်းပသည့် ၂၀၁၇-၂၀၁၈ ခုနှစ် မိုးစပါးရာသီ အကျိုးတူ ကန်ထရိုက်လယ်ယာဝန်ဆောင်မှုလုပ်ငန်း စာချုပ်ချုပ်ဆိုခြင်းနှင့် စိုက်ပျိုးစရိတ်၊ မျိုးနှင့် သွင်းအားစုများ ပေးအပ်ခြင်းအခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပြောကြားသည်။

ဆက်လက်၍ အကျိုးတူ လယ်ယာစနစ်ဖော်ဆောင်ခြင်းဖြင့် စပါးအထွက်နှုန်းနှင့် အရည်အသွေးပိုမိုတိုးတက်ကောင်းမွန်စေပြီး တောင်သူများအတွက် အာမခံဈေးနှုန်းနှင့် အာမခံဈေးကွက်ရရှိကာ အစားအသောက် ဘေးကင်းလုံခြုံမှုနှင့် ကောင်းမွန်သော လယ်ယာစိုက်ပျိုးရေး အလေ့အထကောင်းများကို လက်တွေ့ထိရောက်စွာ အကောင်အထည်ဖော်မည့် အစိုးရ၊ ပုဂ္ဂလိကနှင့် တောင်သူတို့ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်သော အကျိုးတူလယ်ယာစနစ် ပိုမိုအောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

၂၀၁၇-၂၀၁၈ ခုနှစ် မိုးစပါးရာသီ အကျိုးတူကန်ထရိုက်လယ်ယာဝန်ဆောင်မှုလုပ်ငန်း စာချုပ်ချုပ်ဆိုခြင်းနှင့် စိုက်ပျိုးစရိတ်၊ မျိုးနှင့် သွင်းအားစုများ ပေးအပ်ခြင်းအခမ်းအနားတွင် နေပြည်တော် ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်များမှ တောင်သူ ၁၆၉ ဦးနှင့် အကျိုးတူကန်ထရိုက်လယ်ယာဝန်ဆောင်မှုလုပ်ငန်း စာချုပ်ချုပ်ဆိုခဲ့ပြီး စိုက်ပျိုးစရိတ်၊ မျိုးနှင့် သွင်းအားစုများအတွက် ငွေကျပ် ၂၈၄ သိန်းကျော် ပေးအပ်ခဲ့သည်။

မြန်မာနိုင်ငံ လယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်းလီမိတက် (MAPCO) မှ ၂၀၁၇-၂၀၁၈ ခုနှစ် မိုးစပါးရာသီအတွက် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင်လည်း အကျိုးတူကန်ထရိုက်လယ်ယာဝန်ဆောင်မှုလုပ်ငန်းစာချုပ်များ ချုပ်ဆိုဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# Quarantine နှင့်ပတ်သက်၍ စစ်ဆေးဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး



**နေပြည်တော် ဇူလိုင် ၂၈**

နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံ၏ နယ်စပ်ဝင်ပေါက်၊ ထွက်ပေါက်များမှ လူ၊ ကုန်ပစ္စည်းများ၊ အပင်မျိုးစေ့နှင့် တိရစ္ဆာန်များ၊ စားသောက်ကုန်များ ဖြတ်ကျော် ဝင်ရောက်လာမှုများကို စစ်ဆေးဆောင်ရွက်သွားမည့် Quarantine နှင့်ပတ်သက်၍ စစ်ဆေးဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၇ ရက် နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ကုန်သွယ်ရေးဆိုင်ရာလုပ်ငန်းများကို ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိရာ Quarantine နှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို မိမိတို့ဝန်ကြီးဌာန၏ ဦးစီးဌာနတစ်ခုဖြစ်သော စားသုံးသူရေးရာဦးစီးဌာနမှ Focal ဌာနအဖြစ် တာဝန်ယူဆောင်ရွက်ရန် ပြင်ဆင်လျက်ရှိကြောင်း။

Quarantine နှင့်ပတ်သက်၍ အရည်အသွေး စစ်ဆေးဆောင်ရွက်နိုင်သော မြန်မာ့ကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက် (MITS)နှင့် ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစု(CTQM) စသော ဓာတ်ခွဲခန်းများရှိသည့်အတွက် သက်ဆိုင်ရာဌာနများနှင့် Quarantine နှင့်ပတ်သက်၍ အရည်အသွေးစစ်ဆေးသည့်အခါ ပေါင်းစပ်ချိတ်ဆက်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

ယခုအခါ ထုတ်ကုန်များ လုံခြုံစိတ်ချမှုရှိစေရေး၊ စားသုံးသူများ ကျန်းမာရေးနှင့် ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေးသည် အရေးပါသောလုပ်ငန်းဖြစ်သည့်အတွက် ဝန်ကြီးဌာနအနေဖြင့် တင်ပို့၊ တင်သွင်းသော ကုန်ပစ္စည်းများနှင့်ပတ်သက်၍ ပို့ကုန်၊ သွင်းကုန်လိုင်စင်များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျစိစစ်ခွင့်ပြုပေးလျက်ရှိကြောင်း၊ နယ်စပ်ဒေသများတွင်ရှိသော ဒေသခံပြည်သူများအတွက် လုံခြုံစိတ်ချရမှုရှိပြီး အရည်အသွေးပြည့်မီသော ကုန်စည်နှင့် ဝန်ဆောင်မှုများကို မိမိတို့နိုင်ငံအတွင်း တင်သွင်းခြင်းဖြင့် ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရန်အတွက် အသိပညာပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်ထူးက WTO ၏ Trade Facilitation Agreement အရ Cross Border ၌ ဆောင်ရွက်ရမည့် ကိစ္စရပ်များတွင် Quarantine ပိုင်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ဖြည့်စွက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသော ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ မြန်မာ့ကုန်ပစ္စည်း စစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းနှင့် ဓာတ်ခွဲခန်းကွန်ရက်ချိတ်ဆက်မှုအဖွဲ့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းပေါင်းစပ်ပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကြက်ငှက်တုပ်ကွေးရောဂါ (H5 N1) ကာကွယ်ရေး ပုလောမြို့၌ ဆောင်ရွက်

**ပုလော ဇူလိုင် ၂၈**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်အတွင်း ကြက်ငှက်တုပ်ကွေးရောဂါကူးစက်မှု မဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရေး အထူးကြပ်မတ်ဆောင်ရွက်ရန် ပုလောမြို့နယ် အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် အုပ်ချုပ်ရေးမှူးရုံးခန်းအတွင်း ယနေ့ နံနက် ၁၀ နာရီတွင် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ထိုသို့ ဆွေးနွေးရာတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်း၍ ဇူလိုင် ၂၆ ရက် မွန်းလွဲ ၂ နာရီတွင် ကြက်မွေးမြူရေးခြံရှင်များကို ကြက်ငှက်တုပ်ကွေးရောဂါ အသိပညာပေးဟောပြောခဲ့ကြောင်း၊ ဇူလိုင် ၂၇ ရက် နံနက် ၇ နာရီခွဲတွင် ပုလောမြို့ စည်ပင်သာယာရေးဈေးအတွင်း ရောင်းချလျက်ရှိသော ကြက်သားအရောင်းဆိုင်များကို လိုက်လံစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းနောက် ပုလောမြို့နယ်အတွင်းရှိ ကြက်မွေးမြူရေးခြံများကို လိုက်လံစစ်ဆေးခြင်းများနှင့် ကားအဝင်၊ အထွက်များ လိုက်လံစစ်ဆေးခြင်းနှင့် အသိပညာပေးဟောပြောခြင်းတို့ကို ထပ်မံဆောင်ရွက်သွားရန် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ပုလော(မြန်/ဆက်)**

ဖတ်စရာ မှတ်စရာ

# ပဲဟင်းချို ကန်စွန်းရွက် အမဲသားလို ခွန်အားတက်

**ယုဝတီခင်ဦး**

သိပ္ပံစာရေးဆရာ ကိုကိုအောင် ရေးသားသော“ဗီတာမင်(သို့မဟုတ်)သင့်ရဲ့ ထာဝရမိတ်ဆွေ” ဆောင်းပါးကို မြန်မာ့အလင်းသတင်းစာတွင် ဇူလိုင် ၁၃ ရက်၌ ဖတ်ရှုရ၍ များစွာဝမ်းမြောက်ဝမ်းသာဖြစ်ရပါသည်။

လွန်ခဲ့သော နှစ်ပေါင်း ၅၀ ကျော်က ရန်ကုန်မြို့ ကလေးဆေးရုံကြီးတွင် ထိုဗီတာမင်ဓာတ်များအကြောင်း မိခင်များ မသိရှိကြ၍ ကလေးပေါင်းများစွာ ဗီတာမင်ချို့တဲ့ရောဂါအမျိုးမျိုးနှင့် ဆေးရုံသို့ရောက်လာကြသည့်အခါ ဆေးဝါးလည်းကုရင်း ကျန်းမာရေးပညာပေးရသည်ကို မမေ့နိုင်ပါ။

ထိုအချိန်က ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များက မိမိတို့၏ ရင်သွေးကို ချစ်လွန်း၍ အစားရှောင်ကြသည့်အတွက် ကလေးတွေဒုက္ခရောက်ရသည်ကို ရင်ထုမနာဖြစ်ခဲ့ရပါသည်။

ဗီတာမင်များသည် အသက်ကယ်ဆေးများဖြစ်သည်။ ဗီတာမင်အေ၊ ဘီ၊ စီ၊ ဒီ၊ အီး၊ ကေ များထဲမှ ဗီတာမင်ဘီအုပ်စုအပါအဝင် ဘီဝမ်း(ခေါ်) (Thiamine)အကြောင်းကို ရေးသားလိုပါသည်။ မိခင်အချို့သည် ကိုယ်ဝန်ရှိလာသောအခါ ကလေးကြီးထွားလွန်းလျှင် မွေးရမှာခက်သည်ကိုစိုးရိမ်ပြီး ထမင်းစားလျှင် အသား၊ ငါး၊ အသီးအရွက် မျှတစုံလင်အောင် မစားရဲကြပေ။ နို့တိုက်မိခင်အများစုမှာကား သူတို့စားသည့်အစားအစာကြောင့် ကလေးနှင့် မတည့်မှာစိုးရိမ်ပြီး ငါးခြောက်ဖုတ်၊ ပုစွန်ခြောက်ဆီဆမ်း၊ ဘူးသီးဟင်းခါးနှင့် ထမင်းစားကြသည်။

ကလေးများအတွက် မိခင်နို့၊ နွားနို့၊ စိမ်းလန်းသော ဟင်းသီးဟင်းရွက်၊ ဝါသောသစ်သီးသစ်နှံ၊ ဂျုံ၊ ဆန်၊ ပြောင်း၊ ပဲအမျိုးမျိုး၊ ကြက်ဥ၊ ဘဲဥ၊ ငုံးဥများတွင် ဗီတာမင်ဘီဝမ်း များစွာပါဝင်သော်လည်း အစားရှောင်သော နို့တိုက်မိခင်များတွင် ဗီတာမင်ဘီဝမ်းဓာတ် အလွန်နည်းပါးသဖြင့် လသားအရွယ်ကလေးငယ်များတွင် “ဘယ်ရီဘယ်ရီ” ဟုခေါ်သော “ထုံနစို၊ ထုံနချောက်ရောဂါ”(Thiamine Deficiency)ရတတ်သည်။ ဘယ်ရီဘယ်ရီရောဂါသည် မွေးစကလေးမှ လသားအရွယ်၊ တစ်နှစ်အရွယ်ကလေးတို့တွင် ပို၍ဖြစ်တတ်သည်။ ဗီတာမင်ဘီဝမ်းပါသော အစားအစာများမစားလျှင် ကလေး၊ လူငယ်၊ လူလတ်၊ လူကြီးများတွင်လည်း ဘယ်ရီဘယ်ရီရောဂါဖြစ်သည်။ လူငယ်၊ လူကြီးများတွင် ဘယ်ရီဘယ်ရီရောဂါဖြစ်လျှင် ခြေလက်အင်္ဂါများ ထုံကျဉ်ခြင်းမှစပြီး ဖြစ်သည်။

ကလေးငယ်များသည် ဘယ်ရီဘယ်ရီရောဂါစဖြစ်လျှင် မရွှင်မလန်းဘဲ အီနေမည်။ မျက်ခွံများတွဲပြီး အသံအက်ကွဲ၍ ငိုမည်။ ဝမ်းဗိုက်ဖောင်းကာ အသည်းကြီးလာမည်။ ထို့နောက် အသက်ရှူကျပ်ပြီး နှလုံးခုန်နှုန်းအလွန်မြန်၍ နှလုံးရောဂါရမည်။ ကောင်းကောင်းအသံမထွက်နိုင်တော့ဘဲ အသံယဲ့ယဲ့နှင့် ငိုနေမည်။ ကလေးကိုကောက်ချီလိုက်လျှင် ပျော့စိပျော့ဖပ် ဖြူဖပ်ဖြူရော်ဖြစ်နေလျှင် ထုံနချောက် (Dry Beri Beri)ရောဂါ ဖြစ်နေခြင်းပင်ဖြစ်သည်။

ထုံနစို(Wet Beri Beri)ရောဂါဖြစ်လျှင် ခြေထောက်တွေဖော၊ လက်တွေဖော၊ မျက်နှာရောင်အန်း၊ အသက်ရှူကျပ်၊ အော့အန်ပြီး နှလုံးခုန်နှုန်းမှာလည်း ရေတွက်၍မရနိုင်အောင် သွက်သွက်ခါခုန်နေမည်။ ဝမ်းဗိုက်ဖောင်းကာ အသည်းကြီးမည်။ အသည်းကိုစမ်းကြည့်လျှင် ညာဘက်နံရိုးအောက်နားမှာ လက်နှစ်လုံး၊ သုံးလုံးခန့် အသည်းကြီးပြီး ထွက်နေသည်ကို စမ်းမိမည်။ ဆီးမသွားနိုင်တော့ဘဲ ကော့လန်နေမည်။ အသားအရောင် ပြာနှမ်းကာ တစ်ခါတစ်ရံ သတိမရဘဲ အသားတဆက်ဆက်တုန်၍ အသက်ပါ ပါသွားနိုင်သည်။

ထို့ကြောင့် ဆေးကုသရာတွင် အရေးပေါ်ဖြစ်လာလျှင် ကလေးကို ဗီတာမင်ဘီဝမ်း အသားဆေး(သို့မဟုတ်) အကြောဆေးထိုးပေးလိုက်လျှင် မကြာမီပင် အသည်းမှာပျော့ပြီး သေးငယ်သွားသည်။ ထိုအချိန်တွင် မိခင်ကိုလည်း ကလေးနှင့်အတူ ဗီတာမင်ဘီဝမ်း ထိုးဆေး၊ စားဆေးတို့ဖြင့် ကုသရလေသည်။

မိခင်နှင့် မိသားစုအားလုံးကို ပဲပင်ပေါက်နှင့် ပဲအမျိုးမျိုး၊ အသားငါး၊ အသီးအရွက်၊ ဥအမျိုးမျိုး စားသုံးရန်နှင့် အစားမရှောင်ရန် ဆရာဝန်၊ ဆရာမများက ဆေးဝါးလည်းကု ကျန်းမာရေးပညာလည်း ပေးရပေတော့သည်။

အကောင်းဆုံးမှာ အသားငါးမစားလိုလည်း. . .

“ပဲဟင်းချို၊ ကန်စွန်းရွက်

အမဲသားလို၊ ခွန်အားတက်” ဟု မိခင်တို့ကို လက်ဆောင်ပါးလိုပါသည်။

# အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု အခြေခံသင်တန်းအမှတ်စဉ်(၁၀) သင်တန်းဖွင့်လှစ်မည်

**ရန်ကုန် ဇူလိုင် ၂၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု အခြေခံသင်တန်းအမှတ်စဉ်(၁၀)ကို ဩဂုတ်လ နောက်ဆုံးပတ်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

သင်တန်းတွင် ကုမ္ပဏီတစ်ခုတည်ထောင်သည်မှစ၍ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်း၊ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြုလုပ်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ နိုင်ငံတကာကုန်သွယ်မှုသီအိုရီနှင့် သဘောတရားများ၊ စီးပွားရေးဆိုင်ရာကျင့်ဝတ်များ၊ စံချိန်စံညွှန်းများ၊ ဈေးကွက်သုတေသန၊ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာမူဝါဒများ အစရှိသည့် ဘာသာရပ်များကို စီးပွားရေးပညာရှင်များ၊ ကုန်သွယ်မှုနှင့်ဆက်စပ်သည့် ဝန်ကြီးဌာနအသီးသီးမှ ကျွမ်းကျင်သူများနှင့် နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များက ပို့ချဆွေးနွေးမည်ဖြစ်သည်။ ထို့ပြင် စီးပွားရေးဆိုင်ရာ ဟောပြောပွဲများနှင့် လေ့လာရေးခရီးစဉ်များလည်း သင်တန်းတွင် ပါဝင်မည်ဖြစ်သည်။

သင်တန်းကို အမှတ် (၂၂၈-၂၄၀) ကမ်းနားလမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီးရုံး) စတုတ္ထထပ်ရှိ သင်တန်းခန်းမ၌ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်လျှင် သုံးရက် (တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ) နံနက် ၉ နာရီခွဲမှ မွန်းလွဲ ၁၂ နာရီခွဲအထိဖြစ်ပြီး သုံးလခွဲကြာမြင့်မည်ဖြစ်သည်။ သင်တန်းသားလက်ခံခြင်းကို ဩဂုတ်လ ပထမပတ်မှ စတင်လက်ခံပြီး သင်တန်းဖွင့်လှစ်မည့်ရက်ကို ထပ်မံ အကြောင်းကြားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ယာဉ်ကြီး/ယာဉ်ငယ်အများစုတွင် အပိုတပ်ဆင်ထားသော နှင်းခွဲမီး၊ ဆလိုက်မီးများကြောင့် ဘေးအန္တရာယ်များ မကြာခဏကြုံတွေ့လျက်ရှိ

နိုင်ငံတစ်ဝန်းရှိ အဝေးပြေးလမ်းမကြီးများပေါ်တွင် ဖြတ်သန်းမောင်းနှင်နေကြသော ယာဉ်ကြီး/ယာဉ်ငယ်အများစုတွင် မူလရှိပြီးမီးကြီးများအပြင် အပိုတပ်ဆင်ထားသော နှင်းခွဲမီး၊ ဆလိုက်မီးများကြောင့် အခြားယာဉ်များနှင့် လမ်းဘေးခရီးသွားများအတွက် အနှောင့်အယှက်နှင့် ဘေးအန္တရာယ်များ မကြာခဏကြုံတွေ့လျက်ရှိကြောင်း သိရသည်။

မော်တော်ယာဉ်များတွင် ညအခါမောင်းနှင်ရန် မီးကြီး Dim Light / Full Light စသည်ဖြင့် ပြည့်စုံစွာပါရှိပြီးဖြစ်သော်လည်း အဝေးပြေးလမ်းမကြီးများပေါ်တွင် မောင်းနှင်ကြသော ခရီးသည်တင်နှင့် ကုန်တင်ယာဉ်အများစုတွင် Silver Light / Day Light ထုတ်လွှတ်နိုင်သော အလင်းဝပ်အားများသည့် ဆလိုက်မီးအပိုများ တပ်ဆင်မောင်းနှင်လျက်ရှိသည်ကို တွေ့ရသည်။ တစ်ဖက်မျက်နှာချင်းဆိုင်မှ မောင်းနှင်လာသောယာဉ်အား အနှောင့်အယှက်ဖြစ်စေလောက်သည်အထိ စူးရှသော အပိုဆလိုက်မီးများမှာ လားရာတူရှေ့ယာဉ်၏ နောက်ကြည့်မှန်မှတစ်ဆင့် ယာဉ်မောင်းသူ၏ မျက်စိကိုထိခိုက်စေပြီး အန္တရာယ်ဖြစ်စေသကဲ့သို့ ဆန့်ကျင်ဘက်ယာဉ်ကြောမှ ယာဉ်မောင်းသူ၏ မျက်စိကိုလည်း ပြာဝေစေသည်။ ထို့ကြောင့် ရှေ့မြင်ကွင်းပျောက်ပြီး လမ်းနယ်ပျောက်၍ လမ်းဘေးသို့ကျခြင်း၊ ယာဉ်ငယ်များ လမ်းဘေးမှ အရာဝတ္ထုတို့ကို မမြင်တွေ့တော့ဘဲ တိုက်မိခြင်း၊ ချိတ်မိခြင်းတို့ကို မကြာခဏကြုံဖူးသည်။

ယခုရက်ပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ်အတွင်းရှိ အဝေးပြေးလမ်းမပေါ်တွင် ညပိုင်း အလုပ်လုပ်ရန်လာသော ဝန်ထမ်းနှစ်ဦး စီးနင်းလာသော မော်တော်ဆိုင်ကယ်မှာ ဆလိုက်မီးများ အပြိုင်ထိုး၍ အရှိန်ဖြင့်မောင်းနှင်ကျော်တက်လာသော ယာဉ်ကြီးများအား ရှောင်တိမ်းရန် လမ်းဘေးသို့ချပေးသော်လည်း မျက်စိပြာ၍ ရှောင်ဆင်းရန်လမ်းမမြင်တော့ဘဲ မြောင်းထဲကျကာ ဒဏ်ရာများရရှိခဲ့ဖူးသည်။ လမ်းပေါ်မှ ယာဉ်ကြီးများနှင့်မတိုက်မိသော်လည်း ယင်းတို့၏ အပိုဆလိုက်မီးများနှင့် အရှိန်မြင့်ကျော်တက်လာခြင်းများကြောင့် ယာဉ်ငယ်များရှောင်ပြေးရင်းမှ မမျှော်လင့်ဘဲ အန္တရာယ်နှင့်ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။

ရန်ကုန်၊ မန္တလေး စသည့်မြို့ကြီးများ၏ မြို့တွင်းလမ်းများတွင် Dim Light သုံး၍ မောင်းနှင်ရမည်ဖြစ်သော်လည်း Full Light သုံး၍ မောင်းနှင်သူ၊ ယာဉ်အသုံးပြုမှုနားမလည်သူများရှိနေသလို အဝေးပြေးလမ်းမများပေါ်တွင် Full Light သာမက အပိုဆလိုက်မီးများပင် ထပ်မံတပ်ဆင်အသုံးပြုနေကြသည်ကို တွေ့မြင်နေရသည်။ တစ်ချိန်က အသုံးမပြုရန် ပိတ်ပင်ထားခဲ့သော်လည်း ယခုအခါ မိမိတို့၏ ဖြစ်လိုသည့်ဆန္ဒဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတို့ကို လိုက်နာမှုမရှိဘဲ အသုံးပြုမောင်းနှင်မှုများကြောင့် ယာဉ်၊ လူတို့အတွက် အန္တရာယ်များ ဆက်လက်မဖြစ်ပွားစေရေး ထိန်းသိမ်းကြပ်မတ်ပေးရန် လိုအပ်နေပြီဖြစ်ပါသည်။

**(ကိုကိုနေ)**



## ပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့်စီမံကိန်းများကို ဦးစားပေးအစီအစဉ်သတ်မှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၈**

အမျိုးသားပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံကိန်းများ အကောင်အထည်ဖော်ရေးကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်၌ ကျင်းပသည်။

အစည်းအဝေးတွင် ပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် စီမံကိန်းများကို ဦးစားပေး အစီအစဉ်သတ်မှတ်၍ တစ်ဆက်တစ်စပ်တည်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ ပို့ဆောင်ရေးစီမံကိန်းများ အကောင်အထည်ဖော်မှုကို ညှိနှိုင်းစောင့်ကြည့်စစ်ဆေးနိုင်ရေး၊ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ပုံမှန်တွေ့ဆုံညှိနှိုင်းရေး၊ လိုအပ်သလို တွေ့ဆုံညှိနှိုင်းရေး၊ လုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရန် လိုအပ်သည့် ကော်မတီနှင့် အဖွဲ့ဝင်များ ဖွဲ့စည်းသတ်မှတ်ပေးနိုင်ရေး၊ နိုင်ငံတော်ဘတ်ဂျက်တွင် ဘဏ္ဍာငွေလိုအပ်ချက် ထည့်သွင်းတောင်းခံနိုင်ရေး၊ စီမံကိန်းများကို ပြည်ပမှ ချေးငွေ၊ အထောက်အပံ့ (သို့မဟုတ်) ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများဖြင့် ဆောင်ရွက်သွားနိုင်ရေးတို့ကို ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၌ ၂၀၁၆ ခုနှစ် ဇူလိုင် ၂၂ ရက်တွင် ကျင်းပခဲ့ပြီး အဆိုပါ အမျိုးသားပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံကိန်းများ အကောင်အထည်ဖော်ရေးကော်မတီကို ၂၀၁၆ ခုနှစ် ဇွန် ၂၀ ရက်တွင် ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

အစည်းအဝေးသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ အမြဲတမ်းအတွင်းဝန်များ၊ သက်ဆိုင်ရာဌာနများမှ ဌာနအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

**ဖြူစင်မေတ္တာ ရေလှူတော်အသင်း အဖွဲ့သားများနှင့် အမေရိကန်နိုင်ငံမှ ကျောင်းသားကျောင်းသူများက သောက်သုံးရေရှားပါးသည့် ညောင်ဦးမြို့နယ်ရှိ ရွာသစ်တောင်ကျေးရွာ၊ ထန်းပေါက်ရုံကျေးရွာနှင့် သဲတွင်းကျေးရွာတို့သို့ ဇူလိုင် ၂၇ ရက် နံနက်ပိုင်းက ရေဂါလန် ၄၅၀၀ ကို အိမ်တိုင်ရာရောက် လိုက်လံပို့ဆောင်လှူဒါန်းပေးစဉ်။**

ရဲဝင်းနိုင်(ညောင်ဦး)



## ဥတစ်လုံးထဲမှ အချင်းဆက်နေသော မြန်မာ့ကြယ်လိပ် အမြွှာနှစ်ကောင်ကို အောင်မြင်စွာခွဲစိတ်ပေးနိုင်ခဲ့

**နေပြည်တော် ဇူလိုင် ၂၈**

လောကနန္ဒာဘေးမဲ့ဥယျာဉ်တွင် ဥတစ်လုံးထဲမှ အချင်းဆက်နေသော မြန်မာ့ကြယ်လိပ် အမြွှာနှစ်ကောင်ကို သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)နှင့် လိပ်မျိုးဆက်ရှင်သန်ရေးအဖွဲ့မှ ဒေါက်တာတင့်လွင်တို့က ဇူလိုင် ၂၄ ရက်က အောင်မြင်စွာ ခွဲစိတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။



"လိပ်ဥတစ်ဥထဲကနေ လိပ်လေး နှစ်ကောင်ထွက်တာ ထူးခြားပါတယ်။ ပြီးတော့ အခု လိပ်နှစ်ကောင်က အချင်းဆက်နေတာ ဖြစ်ပါတယ်။ လိပ်တွေက မွေးလာရင် ဥအနှစ်က သူ့ရဲ့ဗိုက်ထဲကို စုပ်ပြီးတော့ ဝင်သွားရတာ၊ သူ့ရဲ့ အာဟာရဖြစ်လာဖို့ပါ။ အချင်းကတစ်ကြိုးတည်းဖြစ်နေတော့ ဥအနှစ်ကို တစ်ကောင်ကဆွဲသွင်းရင် နောက်တစ်ကောင်က ဆွဲသွင်းလို့မရတော့ဘူး။ အဲဒါကြောင့် ဆရာဝန်က ဥအနှစ်လေးကို တစ်ဝက်စီခွဲပြီး သူတို့ အချင်းလေးကို ပြန်ချုပ်ကာ ခွဲစိတ်မှုတွေ သေသေချာချာ လုပ်ပေးလိုက်တာပါ"ဟု သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)နှင့် လိပ်မျိုးဆက်ရှင်သန်ရေးအဖွဲ့မှ ဒေါက်တာကလျာက ပြောကြားသည်။

လောကနန္ဒာဘေးမဲ့ဥယျာဉ်တွင် မြန်မာနိုင်ငံ၏ ရှားပါးလိပ်မျိုးစိတ်များဖြစ်သော မြန်မာ့ကြယ်လိပ်နှင့် မြန်မာ့တိုက်လိပ်ခြံလှောင်မွေးမြူခြင်းကို သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်)နှင့် လိပ်မျိုးဆက်ရှင်သန်ရေးအဖွဲ့တို့သည် ၂၀၀၅ ခုနှစ်မှ စတင်ကာ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

စတင်မွေးမြူစဉ်က လိပ်ထီး ၄၂ ကောင်နှင့် လိပ်မအကောင် ၄၀ စုစုပေါင်း ၈၂ ကောင် မွေးမြူခဲ့ပြီး ၂၀၁၁ မှ ၂၀၁၆ ခုနှစ်အတွင်း လိပ်ကောင်ရေ ၄၀၀၀ ကျော်အထိ တိုးပွားအောင် ထိန်းသိမ်းမွေးမြူနိုင်ခဲ့ကြောင်း သိရသည်။

ယခုအခါ နှစ်စဉ် ပျမ်းမျှလိပ်ကောင်ရေ ၁၀၀၀ ကျော် မွေးမြူနိုင်ခဲ့ပြီး ယခုနှစ်တွင် လိပ်ကောင်ရေ ၅၀၀၀ ကျော်အထိ ခြံလှောင်မွေးမြူနိုင်ခဲ့ကြောင်း သိရသည်။

**သတင်း-ရှင်မင်း၊ ဓာတ်ပုံ- WCS Myanmar**

## နောက်မှကျော်တက်လိုသောယာဉ်ကို ကျော်တက်နိုင်ကြောင်းမီးအချက်ပြမှု မှန်ကန်စွာအသုံးပြုနိုင်ရေး ယာဉ်မောင်းအားလုံးသို့ အသိပေးနှိုးဆော်ချက်

၁။ ၁၉၈၉ မော်တော်ယာဉ် နည်းဥပဒေများအရ ထုတ်ပြန်ထားသော ညွှန်ကြားချက်၏ "မော်တော်ယာဉ်တွင်တပ်ဆင်ထားသောမီးများနှင့် ယာဉ်မောင်းသူ၏ လက်ဖြင့်အချက်ပြပုံများ" အခန်း၌ မော်တော်ယာဉ်အား ကျော်တက်နိုင်ကြောင်းကို ယာဉ်၏ လက်ယာဘက်မီးဖြင့် အချက်ပြရန် သတ်မှတ်ပြဋ္ဌာန်းထားပါသည်။

၂။ ယာဉ်များကျော်တက်ရာတွင် ရှေ့မှယာဉ်သည် နောက်မှ ကျော်တက်လိုသောယာဉ်ကို ကျော်တက်နိုင်ကြောင်း ယာဉ်၏ လက်ယာဘက်မီးဖြင့် အချက်ပြခြင်းသည် အမှန်ဖြစ်သော်လည်း ယာဉ်မောင်းများ အထူးသဖြင့် ကားကြီးယာဉ်မောင်းအများစုသည် အဝေးပြေးလမ်းမကြီးများပေါ်၌ ယာဉ်၏လက်ဝဲဘက်မီးဖြင့်သာ အချက်ပြလျက် လွဲမှားစွာကျင့်သုံးနေကြပါသည်။ ထိုသို့လွဲမှားနေသည့်အတွက် မလိုလားအပ်သော ယာဉ်မတော်တဆမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။

၃။ ကျော်တက်ရန် အချက်ပြမှုအမှန်သို့ ချောမွေ့စွာပြောင်းလဲကျင့်သုံးနိုင်စေရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အသိပညာပေးမှုများ၊ စစ်ဆေးကြပ်မတ်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပြီးနောက် ၁-၉-၂၀၁၇ ရက်နေ့ နံနက် ၆ နာရီမှစ၍ တစ်နိုင်ငံလုံးရှိ မြို့တွင်းလမ်း၊ မြို့ပြင်လမ်း၊ အဝေးပြေးလမ်း၊ အမြန်လမ်းအားလုံး၌ ယာဉ်မောင်းအားလုံးသည် အမှန်မီးအချက်ပြမှုသို့ တစ်ချိန်တည်း တစ်ပြိုင်တည်း တစ်ပြေးညီ စတင်ပြောင်းလဲ ကျင့်သုံးကြရမည်ဖြစ်ပါသည်။

၄။ ထိုသို့ ပြောင်းလဲကျင့်သုံးမှုမတိုင်မီအတွင်း နားလည်မှုလွဲမှားမှုများ ရှိနိုင်သည့်အတွက် မော်တော်ယာဉ်ကျော်တက်မည်ဆိုပါက အခြေအနေအရပ်ရပ်ကိုသုံးသပ်၍ အထူးသတိပြုဆောင်ရွက်ကြရန် လိုအပ်ပါမည်။

၅။ ယာဉ်မောင်းအားလုံးအနေဖြင့် မြို့တွင်းလမ်း၊ မြို့ပြင်လမ်း၊ အဝေးပြေးလမ်း၊ အမြန်လမ်းအားလုံး၌ နောက်မှကျော်တက်လိုသော မော်တော်ယာဉ်ကို ကျော်တက်နိုင်ကြောင်း ယာဉ်၏ လက်ယာဘက်မီးဖြင့် မှန်ကန်စွာအချက်ပြခြင်းကို အလေးထားလိုက်နာကျင့်သုံးကြပါရန်နှင့် ၁-၉-၂၀၁၇ ရက်နေ့ နံနက် ၆ နာရီမှစ၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အမှန်သို့ တစ်ပြေးညီပြောင်းလဲကျင့်သုံးနိုင်ရေး ပူးပေါင်းဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ**

❖ **မြန်မာလက်ရွေးစင်မှ**

(ရန်ကုန်)၊ ပြည့်လျှံအောင်(ရတနာပုံ)၊ နောက်တန်း-ဒေးဗစ်ဒန်း၊ ဇော်မင်းထွန်း (ရန်ကုန်)၊ ကျော်စွာလင်း၊ ကျော်ဇင်လွင်(မကွေး)၊ ဝင်းမင်းထွဋ်(ရှမ်း)၊ သိန်းသန်းဝင်း(ရတနာပုံ)၊ အလယ်တန်း - ရန်အောင်ကျော်(ရန်ကုန်)၊ မင်းမင်းသူ(ဧရာဝတီ)၊ ဇင်မင်းထွန်း၊ တင်ဝင်းအောင်၊ ချစ်စုမိုး(ရှမ်း)၊ စိုးမြတ်သူ (Southern)၊ ရန်ပိုင်၊ သက်နိုင်(ရတနာပုံ)၊ ရှေ့တန်း - ကျော်ကိုကို(ရန်ကုန်)၊ ဒွေးကိုကိုချစ် (ရှမ်း)တို့ ပါဝင်ကြသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် လေ့ကျင့်မှုတောက်လျှောက် ပြုလုပ်မည်ဖြစ်ပြီး မြန်မာ ယူ-၂၂ အသင်း ဆီးဂိမ်းစ်ပြိုင်ပွဲ ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ပါက မလေးရှားအသင်းနှင့်ခြေစမ်းပွဲကို ယာယီနည်းပြအဖွဲ့၊ လက်ရှိရွေးချယ်ထားသည့် ပဏာမကစားသမား ၁၉ ဦးဖြင့်သာ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**

✪ **ကျောဖုံးမှ**

ကျေးရွာအုပ်စု (၃၈)အုပ်စုမှ တောင်သူ ၂၈၀၁ ဦး၏ မိုးစပါးစိုက်ပြီးဧက ၉၂၇၃၃ တွင် ၁၆၁၈၈ ဧက ရေနစ်မြုပ်နေပြီဖြစ်ကြောင်း မြို့နယ်ထွေ/အုပ်ရုံးမှ သိရသည်။

စာသင်ကျောင်းများအနေဖြင့် ယနေ့တွင် အလယ်တန်းကျောင်း တစ်ကျောင်းနှင့် မူလတန်းကျောင်း ရှစ်ကျောင်း ထပ်မံပိတ်လိုက်ရ၍ စုစုပေါင်း ကျောင်း ၂၀ ပိတ်ထားရပြီဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# မြစ်ကမ်းပါးပြို၍ အိမ် ၈၈ လုံး ပြောင်းရွှေ့ခဲ့ရသူများအား ထောက်ပံ့

**ညောင်တုန်း ဇူလိုင် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် မြမ္ဘာပြာသာကျေးရွာအုပ်စု ရွာသာကြီးကျေးရွာတွင် ဧရာဝတီမြစ်ရေ စတင်မြင့်တက်မှုကြောင့် ပြိုကျခဲ့သည့် အိမ် ၈၈ လုံးနှင့် လူဦးရေ ၃၃၆ ဦးအား ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးပြီး အဆိုပါအိမ်ထောင်စု ၈၈ စုအတွက် ကယ်ဆယ်ရေးပစ္စည်း ၁၀ မျိုး၊ တစ်အိမ်ထောင်လျှင် ကျပ်တစ်သိန်းစီနှင့် ဆန်ရိက္ခာ ခုနစ်ရက်စာကို တိုင်းဒေသကြီးကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန တိုင်းဦးစီးမှူး ဦးသန်းစိုးနှင့် ခရိုင်မြို့နယ်အဖွဲ့များ၊ တိုင်းဒေသကြီးလွှတ်ကိုယ်စားလှယ် ဦးကျော်ဆန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသွင်ကိုကိုမင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန့်စင်ဝင်း၊ မြမ္ဘာပြာသာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်နှင့် တာဝန်ရှိသူများက ဇူလိုင် ၇၊ ၁၀၊ ၁၆ ရက်နှင့် ၂၄ ရက်တို့တွင် သွားရောက်ထောက်ပံ့ပေးခဲ့ကြောင်း သိရပြီး အဆိုပါကျေးရွာတွင်လတ်တလောအခြေအနေအရ သောက်ရေလိုအပ်နိုင်ပြီး မြစ်ရေပြန်လည်ကျဆင်းသွားပါက နေထိုင်ရေးအတွက် စီစဉ်ပေးရန်လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

**(သပြေထွန်း)**



# မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ဥပဒေအရာရှိ ဦးလှဦးအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က အရေးယူဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၈**

ပွင့်ဖြူမြို့နယ် ဥပဒေအရာရှိ ဦးလှဦး(ဥပဒေအရာရှိ အဆင့်-၃၊ ကရင်ပြည်နယ် ဥပဒေချုပ်ရုံး)သည် အမှုသည်နှင့်လက်ခံတွေ့ဆုံ၍ ငွေကြေးတောင်းခံရယူခဲ့သဖြင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေအရ တရားစွဲဆို အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် သရက်တောကျေးရွာအုပ်စုနေ နစ်နာသူက တရားခံဘက်မှ ငွေကြေးရယူပြီး အကူအညီပေးခဲ့သော ပွင့်ဖြူမြို့နယ် ဥပဒေအရာရှိ ဦးလှဦးအား အရေးယူပေးပါရန် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ တိုင်ကြားခဲ့ခြင်းကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ လွှဲပြောင်းပေးပို့ခဲ့သည်။

လွှဲပြောင်းတိုင်ကြားစာအရ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ပွင့်ဖြူမြို့နယ် ဥပဒေအရာရှိ ဦးလှဦး(ယခု ဥပဒေအရာရှိ အဆင့်-၃၊ ကရင်ပြည်နယ် ဥပဒေချုပ်ရုံး)သည် ပွင့်ဖြူမြို့နယ် ဥပဒေရုံး၏ တာဝန်ခံဥပဒေအရာရှိအဖြစ် တာဝန်ထမ်းဆောင်စဉ် ၎င်း၏ရုံးခန်း၌ အမှုသည်နှင့် လက်ခံတွေ့ဆုံ၍ ငွေကြေးတောင်းခံရယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

သို့ဖြစ်၍ ၎င်းအပေါ် ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၆ အရ မကွေးတိုင်းဒေသကြီး တရားလွှတ်တော်တွင် ဇူလိုင် ၂၈ ရက်က တရားစွဲဆို အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၂၇ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၉၁ စီး၊ သွင်းကုန် ၅၆၂ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၇ စီး၊ သွင်းကုန် ၁၆၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၇ ရက်တွင် မူဆယ်မှ မန္တလေးသို့ သွားရောက်မည့် ခရီးသည်တင်ယာဉ်နှစ်စီးနှင့် Fuso ၁၂ ဘီးယာဉ်နှစ်စီးတို့အား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စလောင်းကြိုး အခွေ ၄၀၀၊ LED ဘုရားမီး (814) Pkgs၊ ခြင်ထောင် အလုံး ၅၀၊ ရေဒီယို(1x84) (6) Pkgs, (1x36) (31) Pkgs, (1x20) (25) Pkgs, (1x30) (5) Pkgs၊ ဓာတ်မီး (1x55) (4) Pkgs၊ မီးလုံးအခွံ (1x12) (5)Pkgs၊ LED Panel Light (1x18) (15) Pkgs, (1x90) (2) Pkgs၊ ကော်ဖွန်းခရင်း(1x20) (9)Pkgs၊ Power Adapter(1x50) (1) Pkgs နှင့် Hot Plate (1x6) (90) Pkgs စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆ ဒသမ ၀၅၈ သန်းခန့်)အား သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော စလောင်းကြိုး၊ LED ဘုရားမီး၊ ခြင်ထောင်၊ ရေဒီယို၊ ဓာတ်မီး၊ မီးလုံးအခွံ၊ LED Panel Light Power Adapter နှင့် Hot Plate။**

တန်ဖိုးရှိလှ လူငယ်ဘဝ
မူးယစ်ကင်းစင် ကျန်းမာမှ

## ကြေးမုံ သတင်းတိုများ

### စက်မှုနှင့်အသက်မွေးပညာ ရှေ့လျှောသင်တန်းဆင်း

**နေပြည်တော် ဇူလိုင် ၂၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ်ရှိ လေ့ကျင့်ရေးသင်တန်း ကျောင်းအမှတ်(၁) နန်ချွန်၌ ကျင်းပသော စက်မှုဝန်ကြီးဌာနနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် စက်မှုနှင့် အသက်မွေးပညာရှေ့လျှောသင်တန်း(အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်းသင်တန်းအမှတ်စဉ်-၁/၄၅) (Level-1) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

သင်တန်းသို့ သင်တန်းသား ၃၁ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တသုံးပတ်ကြာ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

### မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီအသစ် ရွေးချယ်

**ကျိုက်မရော ဇူလိုင် ၂၈**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ၂၀၁၄-၂၀၁၅ မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အထိ သုံးနှစ်ပြည့်မြောက်သောကြောင့် လည်ပတ်ရန်ပုံငွေအောင်မြင်မှုအတွက် ဌာနဆိုင်ရာအကြီးအကဲများနှင့် ကျေးရွာသူ ကျေးရွာသားများပူးပေါင်း၍ ကော့ဝက် ကျေးရွာအား ကော့ခလောက်ကျေးရွာနှင့် ထပ်ပေါင်း၍ ကော်မတီအသစ်ပြန်လည်ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါထပ်ပေါင်းဖွဲ့စည်းခဲ့သော ကော့ဝက်-ကော့ခလောက်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖွဲ့စည်းရခြင်းနှင့် စပ်လျဉ်း၍ ဒုတိယဦးစီးမှူး ဒေါ်တင်တင်အေးက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဦးစီးမှူး ဦးမင်းရဲလွင်ဦးက မြစိမ်းရောင်ကျေးရွာကော်မတီ ဘဏ္ဍာရေးဆပ်ကော်မတီ ဖွဲ့စည်းရခြင်းနှင့်ပတ်သက်၍ အကျယ်တဝင့်ရှင်းလင်းပြောကြားကာ ငွေစာရင်းသင်တန်းပို့ချခဲ့ကြောင်းသိရသည်။

**(ကြေးမုံ)**

### ဧရာဝတီမြစ်ရေပြန်လည်ကျဆင်း၊ ကျောင်းများဖွင့်လှစ်

**ပဲခူး ဇူလိုင် ၂၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်အတွင်း ဇူလိုင် ၁၂ ရက်မှ ၂၅ ရက်အထိ ဧရာဝတီမြစ်ရေ စိုးရိမ်ရေအမှတ် ၅၇ ဒသမ ၅၀ ပေထိ မြင့်တက်လာမှုကြောင့် မြို့နယ်အတွင်း ကျောင်းပေါင်း ၁၆၃ ကျောင်းရှိသည့်အနက် ၇၁ ကျောင်းမှာ ခေတ္တပိတ်ထားခဲ့ရာ ဇူလိုင် ၂၇ ရက်မှစတင်၍ ၆၈ ကျောင်း ပြန်လည်ဖွင့်လှစ်သင်ကြားနိုင်ပြီဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ရထားနှင့်ယာဉ်တိုက်မှုဖြစ်စဉ် လျှော့နည်းကျဆင်းရေး ပညာပေးဟောပြော

**ပဲခူး ဇူလိုင် ၂၈**

ရထားရဲတပ်ဖွဲ့ အမှတ်(၁၁)တပ်ခွဲတပ်စု(၂) (ကျောက်တံခါး)တပ်စုမှူး ရဲအုပ်ထွန်းထွန်းဦး ဦးစီးအဖွဲ့သည် ဇူလိုင် ၂၅ ရက်နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကွင်းနောက်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ရထားနှင့် ယာဉ်တိုက်မိသည့် ဖြစ်စဉ်များ၊ ရထားကြိတ်တိုက်ဖြစ်စဉ်များကြောင့် ထိခိုက်ဒဏ်ရာရ၊ သေဆုံးမှုများ လျှော့နည်းကျဆင်းရေး၊ မှုခင်းကျဆင်းရေးနှင့် ရထားခဲပေါက်မှုဖြစ်စဉ်များမဖြစ်ပွားစေရေးအတွက် အသိပညာပေးဟောပြောမှုပြုလုပ်ခြင်း၊ ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေ ချပြရှင်းလင်းခြင်းများဆောင်ရွက်ရာ ကွင်းနောက်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးကိုဦး၊ ကျောက်တံခါး ဘူတာရုံပိုင် ဦးလှသန်းနှင့် ဒေသခံပြည်သူ ၃၀ ခန့် တက်ရောက်ကြောင်း သိရသည်။

**(ကြေးမုံ)**

### မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီဖွဲ့စည်း

**မကွေး ဇူလိုင် ၂၈**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသန်းဝင်း(ဦးစီးအရာရှိ)နှင့် ဝန်ထမ်းများသည် ဇူလိုင် ၂၆ ရက်က ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် မြစိမ်းရောင်ကျေးရွာ သုံးရွာအနက် မကြီးကုန်းကြီးကျေးရွာအုပ်စု တွင်းလည်ကျေးရွာသို့ မြစိမ်းရောင်ရန်ပုံငွေလည်ပတ်နိုင်ရေးအတွက် စီမံကိန်းလုပ်ငန်းတာဝန်များ ရှင်းလင်းပြောကြားကြပြီး ကျေးရွာ၏ လူထုဆန္ဒဖြင့် မြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**



# ကိုယ်ယုံကြည်တဲ့ ဘောလုံးဒဿနကို ဆက်လက်ဆုပ်ကိုင်ထားမယ့် ကွန်တီ

မေလှဲ့သင်း - စုစည်းသည်

ချယ်လ်ဆီးနည်းပြ ကွန်တီက ပြီးခဲ့တဲ့ ရာသီက ချယ်လ်ဆီးကို ဆိုးရွားတဲ့အခြေအနေကနေ ဆွဲတင်ပြီး ပရီမီယာလိဂ်ဖလားကို ရရှိအောင် ဆွဲတင်ပေးနိုင်ခဲ့တဲ့သူပါ။ လွန်ခဲ့တဲ့တစ်ရာသီက ရလဒ်ဆိုးတွေကြောင့် စိတ်ပိုင်းဆိုင်ရာ ဆိုးရွားမှုခံစားခဲ့ရတဲ့ ချယ်လ်ဆီးကစားသမားတွေဟာ ကွန်တီ ပြောင်းလဲကိုင်တွယ်ခဲ့တဲ့ ပထမရာသီမှာပဲ ပရီမီယာလိဂ်ဖလားကို ရယူနိုင်ခဲ့တာကြောင့် သူဟာ အီတလီမြေမှာပဲ ဗိုလ်လုပ်နိုင်တဲ့ သူမဟုတ်ဘူးဆိုတာကို သက်သေပြနိုင်ခဲ့ပါတယ်။ သူဟာ ဂျူဗင်တပ်အသင်းနဲ့အတူ အောင်မြင်တဲ့ ရာသီအလီလီကို ဖြတ်သန်းပြီးနောက် အီတလီ လက်ရွေးစင်အသင်းကို ပြောင်းလဲကိုင်တွယ်ခဲ့တယ်။ ယူရို-၂၀၁၆ ပြိုင်ပွဲဝင် အီတလီအသင်းမှာ အဓိက ကစားသမားတွေအတော်များများ ဒဏ်ရာပြဿနာရှိခဲ့တာကြောင့် ဘယ်သူကမှ သိပ်ပြီးအထင်မကြီးခဲ့ပေမယ့် ရှုံးထွက်အဆင့်မှာ လက်ရှိချန်ပီယံ စပိန်ကို ဂိုးပြတ်အနိုင်ရ၊ ကွာတားဖိုင်နယ်မှာ ဂျာမနီအသင်းကို ပင်နယ်တီနဲ့သာ အရေးနိမ့်ခဲ့တာပါ။

ကွန်တီဟာ အရည်အသွေးပိုင်းနဲ့ပတ်သက်ရင် ဝေဖန်စရာမလိုအောင် တောက်ပြောင်သူဖြစ်ပေမယ့် သူ့ရဲ့ ဆုံးဖြတ်ချက်အချို့ဟာ ပရိသတ်တွေရဲ့ အမြင်နဲ့ အတော်လေးကွဲလွဲမှုရှိတတ်တာကြောင့် ပရိသတ်တွေအတွက် အတော်လေး အမြင်မကြည်စရာ ဖြစ်နေတတ်ပါတယ်။ ပရီမီယာလိဂ်ချန်ပီယံအဖြစ် ချယ်လ်ဆီး အောင်ပွဲခံပြီး တစ်လမပြည့်ခင်မှာပဲ ချယ်လ်ဆီးရဲ့ ဂိုးသွင်းစက် ကော်စတာကို သူ့ရဲ့ အနာဂတ်အစီအစဉ်မှာ မပါတော့ဘူးဆိုတဲ့အကြောင်း စာတိုပေးပို့ခဲ့တာမျိုးဟာ အချိန်ကာလအားဖြင့် သိပ်ပြီး ကြာမြင့်ခြင်းမရှိတာကြောင့် ဥပမာပြလို့ အကောင်းဆုံး ပါ။ ဒီကာလအတွင်း ချယ်လ်ဆီးလူငယ်ကစား သမားအမြား အပြားကို အသင်းကနေ ထွက်ခွာခွင့်ပေးခဲ့တာ၊ လူငယ်အကယ်ဒမီက ကစားသမားတွေကို အသင်းကြီး အတွက် ခေါ်ယူအသုံးပြုခြင်းမရှိတာ၊ ဇူးမား၊ အစ်ဗီဘရောင်း၊ လော့ဖတက်တို့ကို ကာလရှည် အငှားချခဲ့တာ၊ ပြီးခဲ့တဲ့ရာသီ ကွင်းလယ်ပိုင်းမှာ ခြေစွမ်းပြခဲ့တဲ့ မာတစ်ကို အသင်းပြောင်းဖို့ ခွင့်ပြုထားတာကြောင့် ကွန်တီရဲ့ ဘောလုံးဒဿနဟာ ဘယ်လို နည်းလမ်းနဲ့သွားနေတာလဲ။ အခြားနည်းပြတွေနဲ့ အတော်လေး ကွဲလွဲနေပြီလား။

ကွန်တီကတော့ "နည်းပြဆိုတာ အဝတ်လဲခန်းက အခြေအနေတွေအားလုံးကို ထိန်းကျောင်းနိုင်ရပါမယ်။ ဒီလိုမှ မဟုတ်ရင်တော့ ခင်ဗျားသေရမှာပဲ"လို့ သူ့ရဲ့ ဘောလုံးဒဿနကို ဖွင့်ချခဲ့တယ်။ ကွန်တီက ကစားသမားတွေကို ကောင်းကောင်းမကိုင်တွယ်နိုင်ရင် ပစ္စုပ္ပန်ကာလ ရလဒ်ကောင်းတွေ ထွက်နေရင်တောင် တစ်လ၊ နှစ်လအတွင်း ကိုယ့်ရဲ့အဆုံးသတ်ချိန်ကို လျင်လျင်မြန်မြန် ရောက်လာလိမ့်မယ်လို့ ယုံကြည်သူပါ။ စာတိုပေးပို့တဲ့ကိစ္စ သတင်းတွေ ထွက်လာချိန်မှာ အင်္ဂလန်မီဒီယာတွေက ကွန်တီဟာ ဘယ်ကစားသမားမျှ နည်းပြအထက် မရှိရဘူးဆိုတဲ့ မူဝါဒကိုစွဲကိုင်တဲ့ "ဖာဂူဆန်လက်သစ်"လို့ အမည်တပ်ခဲ့ကြပါတယ်။

ကွန်တီကတော့ ကော်စတာဟာ ပြီးခဲ့တဲ့ ဇန်နဝါရီလကတည်းက ချယ်လ်ဆီးကနေ ထွက်ခွာမယ်ဆိုတာ အသိပေးထားပြီးဖြစ်တာကြောင့် သူ့ဘက်ကလည်း အပြောင်းအလဲလုပ်မှာဖြစ်ကြောင်း ကာယကံရှင်ထံ ဆက်သွယ်အသိပေးခဲ့တာလို့ နောက်ပိုင်းမှာ ရှင်းချက်ပေးခဲ့ပါတယ်။ ကော်စတာက ဒီဖြစ်ရပ်ကို လူသိရှင်ကြား ဖွင့်ချခဲ့တာကြောင့် ချယ်လ်ဆီးတာဝန်ရှိသူတွေက ကွန်တီအပေါ် အမျက်သင့်ခဲ့ပြီး ကွန်တီနဲ့ ချယ်လ်ဆီးအနာဂတ် လှုပ်ခတ်နေပြီလို့ သတင်းတွေ ထွက်ပေါ်ခဲ့ပါသေးတယ်။ ဒါပေမယ့် ပြီးခဲ့တဲ့ ရက်သတ္တပတ်အတွင်းကပဲ ကွန်တီနဲ့ ချယ်လ်ဆီးတို့ စာချုပ်သစ် ထပ်မံချုပ်ဆိုနိုင်ခဲ့ပြီး ထွက်ပေါ်နေတဲ့ သတင်းတွေကို အဆုံးသတ်စေခဲ့ပါတယ်။

အင်္ဂလန်မီဒီယာတွေကတော့ လူငယ်ကစားသမားအများအပြားကို အသင်းကနေ ထွက်ခွာခွင့်ပြီး အကယ်ဒမီထွက် လူငယ်လေးတွေကို နေရာပေးဖို့ ဝန်လေးနေတာနဲ့ပတ်သက်ပြီး ကွန်တီကို အဓိကထားဝေဖန်ခဲ့ကြပါတယ်။ ကွန်တီက ကစားသမားလေးတွေဟာ သူတို့ ဝန်းကျင်မှာရှိနေတဲ့ လူအတော်များများရဲ့ လွှမ်းမိုးမှုကြောင့် စိတ်ရှည်မှုနည်းပါးနေတာက လူငယ်လေးတွေကို ဆက်ထိန်းဖို့ခက်တဲ့ အဓိကအကြောင်းတရားလို့ တုံ့ပြန်လိုက်ပါတယ်။ ဒါပေမယ့် ကွန်တီဟာ ပေ့ါဘာကို အားလုံးသတိပြုမိလာအောင် မြေတောင်မြှောက်ပေးခဲ့တဲ့ နည်းပြဆိုတာကို သတိပြုရပါတယ်။

မန်ယူက ကွန်တီရဲ့ ပစ်မှတ်လူကာကူကို ခေါ်ယူနိုင်ခဲ့ချိန်မှာ ကော်စတာကို အသင်းသစ်ရှာခိုင်းပြီးဖြစ်တဲ့ ကွန်တီအနေနဲ့ အကျပ်တည်းတွေ့ခဲ့ပေမယ့် မိုရာတာကို ရအောင်ခေါ်ယူနိုင်ခဲ့ပါတယ်။ ကွန်တီကတော့ မိုရာတာဟာ အသင်းရဲ့ ကစားပုံနဲ့ တစ်ထပ်တည်း အံ့ဝင်တဲ့ ကစားသမားဖြစ်ပြီး သူ့ရဲ့ထိပ်တန်း ပစ်မှတ်က လူကာကူ မဟုတ်ဘဲ မိုရာတာလို့ ချေပခဲ့ပါတယ်။ ကွင်းလယ်ပိုင်းအတွက် ဘာကာယိုကို၊ နောက်တန်းခံစစ်ပိုင်းအတွက် ရူဒီဂါကို ခေါ်ယူပြီးပါပြီ။ ကွန်တီက ကွင်းလယ်ပိုင်းအတွက် ပြင်သစ်အတွဲ ကန်တီနဲ့ ဘာကာယိုကိုကို တွဲကစားခိုင်းဖို့ ရည်ရွယ်ထားတာဖြစ်သလို အင်္ဂလန်ကွင်းလယ်အတွဲဖြစ်တဲ့ ဘာကလေနဲ့ ချိန်ဘာလိန်တို့ကိုလည်း ခေါ်ယူဖို့ ကြိုးစားနေတယ်လို့ သတင်းတွေလည်း ထွက်နေပါတယ်။

ကွန်တီကတော့ အသင်းတစ်သင်းဟာ ကိုယ့်ရဲ့ရည်မှန်းချက်က ဘာလဲဆိုတာ ရှင်းရှင်းလင်းလင်းသိပြီး ရင်းနှီးမြှုပ်နှံမှု ကောင်းကောင်းလုပ်ခြင်းဖြင့် အောင်မြင်မှုရှာဖွေရမယ်လို့ ဘီဘီစီနဲ့ပြုလုပ်တဲ့ အင်တာဗျူးမှာ ဖြေကြားခဲ့ပါတယ်။ ဒါပေမယ့် ဒီကြေးကြီးကစားသမားတွေဟာ ဘယ်လောက်ပဲ ခြေစွမ်းထက်ထက်၊ ဘယ်လောက်ပဲ ကျော်ကြားကျော်ကြား နည်းပြရဲ့အထက်မှာတော့ ရှိမနေရပါဘူးတဲ့. . . ။



# ယူရိုတစ်ဘီလီယံနဲ့ ဆရာကြီး ဂွါဒီယိုလာ

*ဘင်ဂျမင် မန်ဒီကို ပေါင် ၄၉ သန်းနဲ့ ခေါ်ယူနိုင်ခဲ့ပြီးနောက် ယခုနှစ်နွေဈေးကွက်ဟာ နာမည်ကျော်နည်းပြကြီး ဂွါဒီယိုလာအတွက် အတော်အလုပ်ရှုပ်တဲ့ ဈေးကွက်ပါပဲ။ ဒီနှစ်နွေဈေးကွက် ဥရောပတစ်ဝန်းမှာ လက်သွက်ခြေသွက်အရှိဆုံးက ဂွါဒီယိုလာနဲ့ အဲဗာတန် နည်းပြကိုးမန်းတို့ပါ။ ရာသီမကုန်ခင်ကတည်းက အသင်းရဲ့ လူစာရင်းနဲ့ပတ်သက်ပြီး ကျေနပ်မှုမရှိတဲ့ ဂွါဒီယိုလာတစ်ယောက် အပြောင်းအလဲတွေကို အကြီးအကျယ်ဖော်ဆောင်မှာဆိုတာ အားလုံးခန့်မှန်းထားပြီးကိစ္စရပ်ဖြစ်ပေမယ့် နွေဈေးကွက်မပိတ်သိမ်းခင်အချိန်မှာပဲ ပေါင်သန်း ၃၀၀ နီးပါး သုံးစွဲခဲ့တာဟာ အတော့်ကို များပြားတဲ့ပမာဏဖြစ်နေပါတယ်။*

နွေဈေးကွက်စစချင်း အခြားအသင်းတွေ ဘာမှ လှုပ်ရှားခြင်းမရှိသေးတဲ့ အချိန်မှာပဲ ကွင်းလယ်လူ ဘာနာဒို ဆေးလ်ဗားကို ပေါင် ၄၃ သန်းနဲ့ ဦးဦးဖျားဖျား ခေါ်ယူပြခဲ့ပြီး ဂိုးသမား အက်ဒါဆန်အတွက် ပေါင် ၃၅ သန်း၊ ဝေါလ်ကာကို ပေါင် ၄၅ သန်း၊ ဒန်နီလိုကို ပေါင် ၂၆ ဒသမ ၅ သန်း၊ မန်ဒီကို ပေါင် ၅၂ သန်း၊ ဘရာဇီး ဆယ်ကျော်သက်ကစားသမားလေး ဒေါက်ဂလက်စ်လုဇ်အတွက် ပေါင်၁၀သန်းအသုံးပြုခဲ့တာကြောင့် ဂွါဒီယိုလာရဲ့ ယခုနှစ်နွေဈေးကွက် အသုံးစရိတ်ဟာ ပေါင်သန်း ၃၀၀ နီးကပ်သွားပြီဖြစ်ပါတယ်။ ဂွါဒီယိုလာဟာ ယခုနှစ်နွေဈေးကွက်မှာပဲ အသုံးကြမ်းခဲ့တာကြောင့် သူ့ရဲ့နည်းပြသက်တမ်းတစ်လျှောက် ကစားသမားခေါ်ယူမှုအတွက် သုံးစွဲတဲ့ပမာဏဟာ ယူရို တစ်ဘီလီယံ(ပေါင်သန်း ၉၀၀) အထိ ရောက်ရှိလာပါတယ်။ ဘာစီလိုနာအသင်းမှာ လေးနှစ်၊ ဘိုင်ယန်မြူးနစ်အသင်းမှာ သုံးနှစ်၊ မန်စီးတီး အသင်းကို နှစ်နှစ်ကိုင်တွယ်ခဲ့ပြီး စုစုပေါင်း ကိုးရာသီ အတွင်း ယူရိုတစ်ဘီလီယံအထိ သုံးစွဲခဲ့တာဖြစ်ပါတယ်။

ဘာစီလိုနာ နည်းပြဘဝမှာတော့ တိုက်စစ်မှူး အီဗရာဟီမိုဗစ်(ပေါင် ၅၉ သန်း)၊ တိုက်စစ်မှူး ဒေးဗစ်ဗီလာ (ပေါင် ၃၇ သန်း) အပါအဝင် စုစုပေါင်း ယူရို ၃၈၃ သန်း(ပေါင် သန်း ၃၄၀)အသုံးပြုခဲ့တာပါ။ ဘိုင်ယန်နည်းပြဘဝရောက်တော့ မာရီယို ဂေါ့ဇီ(ပေါင် ၃၄ သန်း)၊ ဗီဒယ်လ် (ပေါင်သန်း၃၀) အပါအဝင် စုစုပေါင်း ယူရို ၁၉၅ သန်း (ပေါင် ၁၇၄ သန်း) သုံးစွဲခဲ့တာကြောင့် ဂွါဒီယိုလာဟာ တိုက်စစ်ကစားသမားတွေအတွက် ငွေသုံးကြမ်းခဲ့တဲ့ နည်းပြလို့ ယေဘုယျသတ်မှတ်ခဲ့ကြတာ ဖြစ်ပါတယ်။

ဒါပေမယ့် မန်စီးတီးမှာတော့ တစ်ရာသီကျော်သာ ကိုင်တွယ်ရသေးတဲ့အချိန်မှာ သုံးစွဲမှုပမာဏ ယူရို ၄၅၉ သန်း(ပေါင် ၄၁၀ သန်း) အထိရှိခဲ့သလို သူ့ရဲ့ကြေးကြီးပေးခေါ်ယူတဲ့ ကစားသမားတွေဟာ ခံစစ်ကစားသမားတွေဖြစ်နေတာကလည်း အံ့အားသင့်စရာပါ။ မန်စီးတီးနဲ့ ဂွါဒီယိုလာရဲ့ နောက်ထပ် အံ့အားသင့်စရာ မှတ်တမ်းတစ်ခုက သူ့ရဲ့နည်းပြဘဝတစ်လျှောက် တန်ဖိုးအကြီးဆုံး ခေါ်ယူမှု ခြောက်ခုထဲမှာ လေးခုက ဒီနွေဈေးကွက်အတွင်း ခေါ်ယူမှုဖြစ်နေခြင်းပါပဲ။ ယခုနှစ်နွေဈေးကွက်အတွင်း မန်ဒီနဲ့ ဝေါလ်ကာတို့လို နောက်ခံကစားသမားတွေအတွက် ငွေသုံးကြမ်းခဲ့သလို ပြီးခဲ့တဲ့ နွေဈေးကွက်ကလည်း ဂွန်စတုန်းအတွက် ပေါင် ၄၇ ဒသမ ၅ သန်းအထိ သုံးစွဲခဲ့တာကြောင့် မန်စီးတီးမှာ သူ့ရဲ့ နံပါတ် (၁) ရည်မှန်းချက်က နောက်တန်းခံစစ် အဓိကဆိုတဲ့အချက်ကို ပေါ်လွင်စေခဲ့ပါတယ်။

ဆိုရရင် ဂွါဒီယိုလာဟာ သူ့ရဲ့နည်းပြသက်တမ်း ကိုးနှစ်အတွင်း ယူရို ၁၀၃၇၀၀၀၀၀၀(ပေါင် ၉၂၅၂၀၀၀၀၀) သုံးစွဲပြီးပါပြီ။ အပြောင်းအရွှေ့ဈေးကွက်ဟာ ဩဂုတ် ၃၁ ရက်မှသာ ပိတ်သိမ်းမှာဖြစ်တာကြောင့် တကယ်လို့ ကစားသမားသစ်တွေသာ ထပ်ခေါ်ဖြစ်ရင် ပေါင် တစ်ဘီလီယံကိုတောင် ကျော်လွန်သွားဦးမှာပါ။ နောက်ဆုံး သိရသလောက် ဆန်းချက်ဇ်အတွက် ပေါင်သန်း ၅၀၊ မက်ပီအတွက် ပေါင်သန်း ၁၆၀ အထိ အသုံးပြုခေါ်ယူဖို့ရှိလို့ နွေဈေးကွက်အတွင်းမှာပဲ အသုံးစရိတ် ပေါင်သန်း ၅၀၀ လောက်အထိ တက်လာဖွယ်ရှိနေပါတယ်။ အခုယူရို တစ်ဘီလီယံကို ကျော်လွန်ခဲ့ပြီးနောက် ပေါင် တစ်ဘီလီယံ ရောက်ရှိလာဖို့တော့ လက်တစ်ကမ်းလို့ ဆိုရတော့မှာပါ။

## ဂွါဒီယိုလာ၏ တန်ဖိုးအကြီးဆုံး ကစားသမားခေါ်ယူမှုများ

| | | | |
|---|---|---|---|
| အီဗရာဟီမိုဗစ်(ဘာစီလိုနာ) | ပေါင် | ၅၉ | သန်း |
| ဘင်ဂျမင်မန်ဒီ(မန်စီးတီး) | ပေါင် | ၄၉ | သန်း |
| ဂွန်စတုန်း(မန်စီးတီး) | ပေါင် | ၄၇ ဒသမ ၅ | သန်း |
| ဝေါလ်ကာ(မန်စီးတီး) | ပေါင် | ၄၅ | သန်း |
| ဘာနာဒိုဆေးလ်ဗား(မန်စီးတီး) | ပေါင် | ၄၃ | သန်း |
| ဆာနေး(မန်စီးတီး) | ပေါင် | ၃၇ | သန်း |
| ဒေးဗစ်ဗီလာ(မန်စီးတီး) | ပေါင် | ၃၇ | သန်း |
| အက်ဒါဆန်( မန်စီးတီး) | ပေါင် | ၃၅ | သန်း |
| ဂေါ့ဇီ(ဘိုင်ယန်မြူးနစ်) | ပေါင် | ၃၄ | သန်း |
| ဗီဒယ်လ်(မန်စီးတီး) | ပေါင် | ၃၀ | သန်း |

# စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေကြမ်း

**ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။**

**ယမန်နေ့မှအဆက်**

(၂) သတ်မှတ်သည့် အချိန်ကာလအတွင်းလိုက်နာရန် ပျက်ကွက်ခဲ့မှုနှင့် ပတ်သက်သည့် ရှင်းလင်းချက်များ၊ သတင်းအချက်အလက်များ သို့မဟုတ် လိုအပ်ချက်များ အားလုံးကို ပူးတွဲတင်ပြခြင်း၊

(၃) သတ်မှတ်သည့် အချိန်ကာလအတွင်း လိုက်နာရန် ပျက်ကွက်ခဲ့မှုအတွက် အကြောင်းပြချက်များကို တောင်းဆိုချက်တွင် ဖော်ပြခြင်း၊

(၄) သတ်မှတ်သည့် အချိန်ကာလအတွင်း လိုက်နာရန် ပျက်ကွက်ခဲ့မှုမှာ မရည်ရွယ်ဘဲ ဖြစ်ပေါ်ခဲ့ကြောင်း မှတ်ပုံတင်အရာရှိက တွေ့ရှိခြင်း၊

(၅) အခကြေးငွေပေးသွင်းပြီးဖြစ်ခြင်း၊

(ခ) အယူခံတင်သွင်းထားသည့် ကာလအတွင်း ပုဒ်မခွဲ (က) အရ လျှောက်ထားချက်နှင့် စပ်လျဉ်းသည့် အခွင့်အရေး ပြန်လည်ပေးအပ်ရန် တောင်းဆိုလာလျှင် မှတ်ပုံတင်အရာရှိက ဆိုင်းငံ့ထားရမည်။

၂၇။ မှတ်ပုံတင်အရာရှိသည် စက်မှုဒီဇိုင်းမှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ -

(က) စက်မှုဒီဇိုင်းလျှောက်ထားချက်နှင့်စပ်လျဉ်းသည့် အခွင့်အရေး ဆုံးရှုံးမှုဖြစ်ပေါ်စေမည်ဆိုပါက စွန့်လွှတ်ပြီးသော စက်မှုဒီဇိုင်းကို မှတ်ပုံတင်ပေးရန် ပုဒ်မ ၂၆ ပုဒ်မခွဲ (က) အရ ပြန်လည်လျှောက်ထားလာလျှင် အဆိုပါတောင်းဆိုချက်ကို စိစစ်၍ ခွင့်ပြုနိုင်သည်။

(ခ) ပုဒ်မ ၁၈၊ ပုဒ်မ ၁၉ တို့နှင့် ညီညွတ်သော လျှောက်ထားချက်ကို အများပြည်သူသိရှိစေရန်နှင့် ကန့်ကွက်လိုပါက ကန့်ကွက်နိုင်ရန် အလို့ငှာ သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

(ဂ) လျှောက်ထားသူက ပုဒ်မ ၃၃ အရ ထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းပေးရန် တောင်းဆိုလျှင် ရွှေ့ဆိုင်းသည့် ကာလကုန်ဆုံးသည့် နေ့ရက်မတိုင်မီ ယင်းစက်မှုဒီဇိုင်းအား ထုတ်ပြန်ကြေညာခြင်း မပြုရ။

၂၈။ စက်မှုဒီဇိုင်းမှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူသည် ထုတ်ပြန်ကြေညာသည့် နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း အောက်ဖော်ပြပါအကြောင်းပြချက် တစ်ရပ်ရပ်ဖြင့် သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ ကန့်ကွက်လွှာတင်သွင်းနိုင်သည်-

(က) စက်မှုဒီဇိုင်းသည် ပုဒ်မ ၂ ပုဒ်မခွဲ (ဆ) တွင် ဖော်ပြထားသော အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် အကျုံးဝင်မှုမရှိခြင်း၊

(ခ) စက်မှုဒီဇိုင်းသည် အသစ်မဖြစ်ခြင်း၊

(ဂ) ပုဒ်မ ၁၃ ပါ အကာအကွယ်မရရှိနိုင်သော အချက်များဖြစ်ခြင်း၊

(ဃ) လျှောက်ထားသူသည် မှတ်ပုံတင်လျှောက်ထားခွင့်ရှိသူ မဟုတ်ကြောင်း ခိုင်လုံသော သက်သေခံအထောက်အထား ပေါ်ပေါက်လာခြင်း။

၂၉။ မှတ်ပုံတင်အရာရှိသည် ကန့်ကွက်လွှာကို လက်ခံရရှိပါက သတ်မှတ်သည့် အချိန်ကာလအတွင်း ကန့်ကွက်ချက်ကို ခုခံချေပနိုင်ရန် လျှောက်ထားသူထံ အကြောင်းကြားစာ ပေးပို့ရမည်။

၃၀။ မှတ်ပုံတင်အရာရှိသည် စက်မှုဒီဇိုင်းမှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ -

(က) အများပြည်သူ သိရှိစေရန် ထုတ်ပြန်ကြေညာသည့် နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း ကန့်ကွက်လွှာတင်သွင်းခြင်းမရှိပါက အဆိုပါ စက်မှုဒီဇိုင်းမှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကိုခွင့်ပြုနိုင်သည်။

(ခ) ကန့်ကွက်လွှာ တင်သွင်းလာပါက ကန့်ကွက်ချက်ကို စစ်ဆေးပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဂ) မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားရှိပြီး လျှောက်ထားသူထံအကြောင်းကြားရမည်။ ထို့အပြင် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

(ဃ) မှတ်ပုံတင်ခြင်းကို ခွင့်ပြုလျှင် စက်မှုဒီဇိုင်းမှတ်ပုံတင်လက်မှတ်ကို လျှောက်ထားသူသို့ ထုတ်ပေးရမည်။

၃၁။ စက်မှုဒီဇိုင်းပိုင်ရှင်သည် -

(က) စက်မှုဒီဇိုင်းမှတ်ပုံတင်လက်မှတ်မူရင်း ပျက်စီး သို့မဟုတ် ပျောက်ဆုံးပါက မိတ္တူမှန် ထပ်မံထုတ်ပေးရန် ဦးစီးဌာနသို့ သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(ခ) မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားသော စာအရေးအသား အမှားနှင့် ပြင်ဆင်ခွင့်ပြုနိုင်သည့် အခြားမှားယွင်းမှုများကိုလည်းကောင်း၊ နိုင်ငံသားနှင့် နေရပ် လိပ်စာများကိုလည်းကောင်း ပြင်ဆင်ပေးရန် သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၃၂။ မှတ်ပုံတင်အရာရှိသည် -

(က) ပုဒ်မ ၃၁ ပုဒ်မခွဲ (က) ပါ လျှောက်ထားချက်ကို စိစစ်ပြီး စက်မှုဒီဇိုင်းမှတ်ပုံတင်လက်မှတ် မိတ္တူမှန်ကို ထုတ်ပေးရမည်။

(ခ) ပုဒ်မ ၃၁ ပုဒ်မခွဲ (ခ) ပါ လျှောက်ထားချက်ကို စိစစ်ပြီး ပြင်ဆင်ခွင့်ပေးနိုင်သည်။

## အခန်း (၁၁)
## ထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းခြင်း

၃၃။ စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားသူသည် သတ်မှတ်သည့် နည်းလမ်းနှင့်အညီ စက်မှုဒီဇိုင်းထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းပေးရန်နှင့် ရွှေ့ဆိုင်းပေးစေလိုသည့်ကာလကို လျှောက်ထားချက်တွင်ဖော်ပြ၍ မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။ အဆိုပါ ရွှေ့ဆိုင်းပေးစေလိုသည့် ကာလသည် စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားသည့်နေ့ရက်မှ သို့မဟုတ် ဦးစားပေးအခွင့်အရေး တောင်းဆိုထားလျှင် ယင်းတောင်းဆိုသည့်နေ့ရက်မှ ၁၈ လထက် မပိုစေရ။

၃၄။ လျှောက်ထားသူသည် ပုဒ်မ ၃၃ အရ စက်မှုဒီဇိုင်းထုတ်ပြန်ကြေညာခြင်းကို ရွှေ့ဆိုင်းပေးရန် တောင်းဆိုထားပြီးဖြစ်သော်လည်း အဆိုပါကာလအတွင်း မည်သည့်အချိန်တွင်မဆို ထိုတောင်းဆိုချက်ကို ရုပ်သိမ်းပေးရန်နှင့် ထုတ်ပြန်ကြေညာပေးရန် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၃၅။ မှတ်ပုံတင်အရာရှိသည် စက်မှုဒီဇိုင်းထုတ်ပြန်ကြေညာခြင်းကို -

(က) ပုဒ်မ ၃၃ အရ ရွှေ့ဆိုင်းလျှင် မှတ်ပုံတင်စာရင်းတွင် ယင်းအချက်အား မှတ်တမ်းတင်ထားပြီး စက်မှုဒီဇိုင်းနှင့် သက်ဆိုင်သည့်စာတွဲကို လျှို့ဝှက်ထားရှိရမည်။

(ခ) ရွှေ့ဆိုင်းထားသည့် ကာလအတွင်း ထုတ်ပြန်ကြေညာခြင်းအား ရွှေ့ဆိုင်းထားကြောင်းနှင့် လျှောက်ထားသူမှာ မည်သူမည်ဝါဖြစ်ကြောင်း ဖော်ပြချက်၊ လျှောက်ထားချက်တင်သွင်းသည့် နေ့ရက်၊ တောင်းဆိုထားသည့်ကာလနှင့် အခြားသတ်မှတ်ထားသော အချက်အလက်များအား ထုတ်ပြန်ကြေညာရမည်။

(ဂ) ရွှေ့ဆိုင်းထားသည့် သတ်မှတ်ကာလကုန်ဆုံးလျှင် စက်မှုဒီဇိုင်းမှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို ထုတ်ပြန်ကြေညာရမည်။

## အခန်း(၁၂)
## ဦးစားပေးအခွင့်အရေး

၃၆။ ပါရီကွန်ဗင်းရှင်းနိုင်ငံ သို့မဟုတ် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံတစ်ခုခုတွင် စက်မှုဒီဇိုင်း မှတ်ပုံတင်လျှောက်ထားခဲ့သူ သို့မဟုတ် ထိုလျှောက်ထားသူ၏ လွှဲပြောင်းပေးခြင်းခံရသူသည် ပထမလျှောက်ထားခဲ့သည့် နေ့ရက်မှ ခြောက်လအတွင်း ဦးစီးဌာန၌ တူညီသောစက်မှုဒီဇိုင်းကို မှတ်ပုံတင်ပေးရန် လျှောက်ထားလျှင် ဦးစားပေးအခွင့်အရေးခံစားရမည်။

၃၇။ ပါရီကွန်ဗင်းရှင်းနိုင်ငံ သို့မဟုတ် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံတစ်ခုခုတွင် သက်ဆိုင်ရာနိုင်ငံအစိုးရက ကြီးမှူးကျင်းပသော သို့မဟုတ် အသိအမှတ်ပြုသော အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲ၌ ခင်းကျင်းပြသခဲ့သည့် စက်မှုဒီဇိုင်းအတွက် စတင်ခင်းကျင်းပြသခဲ့သည့် နေ့ရက်မှ ခြောက်လအတွင်း ဦးစီးဌာန၌ တူညီသော စက်မှုဒီဇိုင်းကို မှတ်ပုံတင်ပေးရန် လျှောက်ထားလျှင် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေး ခံစားရမည်။

၃၈။ ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးသည် ပုဒ်မ ၃၆ အရ လျှောက်ထားသည့် နေ့ရက်မှ စတင်ရရှိသည့် ဦးစားပေးအခွင့်အရေးကာလထက် မကျော်လွန်စေရ။

## အခန်း(၁၃)
## မှတ်ပုံတင်သက်တမ်းနှင့် မှတ်ပုံတင်သက်တမ်းတိုးခြင်း

၃၉။ မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်း၏ မှတ်ပုံတင်သက်တမ်းသည် စက်မှုဒီဇိုင်း မှတ်ပုံတင်လျှောက်ထားချက်တင်သွင်းသည့် နေ့ရက်မှစ၍ ငါးနှစ်ဖြစ်သည်။ တစ်ကြိမ်လျှင် ငါးနှစ်စီဖြင့် ၁၅ နှစ်အထိ သက်တမ်းတိုးနိုင်သည်။

၄၀။ စက်မှုဒီဇိုင်းပိုင်ရှင်သည် မှတ်ပုံတင်သက်တမ်းကာလကို တိုးလိုလျှင် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) မှတ်ပုံတင်သက်တမ်းကာလ ကုန်ဆုံးမည့်နေ့ရက် မတိုင်မီ ခြောက်လအတွင်း မှတ်ပုံတင်သက်တမ်းတိုးပေးရန် သတ်မှတ်သည့် အခကြေးငွေပေးသွင်း၍ လျှောက်ထားရမည်။

(ခ) မှတ်ပုံတင်သက်တမ်းကာလ ကုန်ဆုံးပြီးနောက် လျှောက်ထားခြင်းဖြစ်ပါက အထူးအခွင့်အရေးအဖြစ်ပေးသော ခြောက်လအတွင်း လျှောက်ထားခွင့်ရှိသည်။ ယင်းသို့ လျှောက်ထားသည့်အခါသတ်မှတ်သည့် မှတ်ပုံတင်ကြေးနှင့် ရက်လွန်ကြေးများကိုပေးသွင်းရမည်။

၄၁။ မှတ်ပုံတင်အရာရှိသည် -

(က) သတ်မှတ်ချက်နှင့်ညီညွတ်သော မှတ်ပုံတင်သက်တမ်းတိုးရန် လျှောက်ထားချက်ကို ခွင့်ပြုရမည်။ မှတ်ပုံတင်သက်တမ်းတိုးခြင်းသည် ယခင်မှတ်ပုံတင်သက်တမ်း ကုန်ဆုံးသည့်နေ့ရက်မှစ၍ အကျိုးသက်ရောက်မှုရှိရမည်။

(ခ) မှတ်ပုံတင်သက်တမ်းတိုးရန် လျှောက်ထားချက်ကို စစ်ဆေး၍ သတ်မှတ်ချက်နှင့် ညီညွတ်ပါက ငါးနှစ်သက်တမ်းတိုးပေးပြီး သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

(ဂ) မှတ်ပုံတင်သက်တမ်းတိုးခြင်းနှင့် အခကြေးငွေပေးသွင်းခြင်းတို့ကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ရမည်။

(ဃ) မှတ်ပုံတင်သက်တမ်းတိုးခြင်းအတွက် အခကြေးငွေကို အထူးအခွင့်အရေးအဖြစ်ပေးသော ခြောက်လအတွင်း စက်မှုဒီဇိုင်းပိုင်ရှင်က ပေးသွင်းခြင်းမရှိလျှင် မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းကို မှတ်ပုံတင်ခြင်းမှ ရုပ်စဲရမည်။

(င) ရုပ်စဲသွားသည့် မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းကို မှတ်ပုံတင်ခြင်းမှ ရုပ်စဲကြောင်း မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ပြီး သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

## အခန်း(၁၄)
## မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့် အခွင့်အရေးများ

၄၂။ စက်မှုဒီဇိုင်းပိုင်ရှင်သည် အခန်း (၁၃) ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ပါက မှတ်ပုံတင်သက်တမ်းကာလအတွင်း ဤအခန်းပါ မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့် အခွင့်အရေးများကို ခံစားခွင့်ရှိသည်။

၄၃။ စက်မှုဒီဇိုင်းပိုင်ရှင်သည် ပုဒ်မ ၄၆ နှင့် ပုဒ်မ ၄၇ တို့ပါ ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ -

(က) သီးသန့်အခွင့်အရေးအဖြစ် -

(၁) ဤဥပဒေနှင့်အညီ မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းကို မှုပွားထားသည့် သို့မဟုတ် မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်း၏ အဓိကအချက်များကို မှုပွားထားသည့် စက်မှုဒီဇိုင်းပါဝင်သော သို့မဟုတ် ရုပ်လုံးဖော်ထားသော ထုတ်ကုန်များအား စီးပွားရေးအလို့ငှာ အခြားသူတစ်ဦးဦးက ယင်း၏ သဘောတူညီချက်မပါဘဲ ပြုလုပ်ခြင်း၊ ရောင်းချခြင်း သို့မဟုတ် ပြည်တွင်းသို့ တင်သွင်းခြင်းတို့ကိုကာကွယ်တားဆီးခွင့်ရှိသည်။

(၂) မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့် အခွင့်အရေးများကို ထိပါးချိုးဖောက်သူအား တရားမကြောင်းဖြင့် တရားစွဲဆိုခွင့်ရှိသည်။

(ခ) အခန်း (၁၅) နှင့် အခန်း (၁၆) တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့်အခွင့်အရေးများကို အခြားသူတစ်ဦးဦးသို့ လွှဲပြောင်းခြင်း၊ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်း ပြုနိုင်သည်။

၄၄။ ပုဒ်မ ၁၆ ပုဒ်မခွဲ (ဃ) အရ အလုပ်သမားက မှတ်ပုံတင်လျှောက်ထားခွင့်ရှိသည့် စက်မှုဒီဇိုင်းအပေါ်တွင် အလုပ်ရှင်သည် တစ်ဦးတည်းပိုင်မဟုတ်သော ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းကို ရရှိစေရမည်။

၄၅။ စက်မှုဒီဇိုင်းကို တစ်ဦးထက်ပိုသူများက ပိုင်ဆိုင်ပြီး ယင်းတို့အချင်းချင်း တစ်နည်းနည်းဖြင့် သဘောတူညီထားခြင်းမရှိလျှင် -

(က) စက်မှုဒီဇိုင်းပိုင်ရှင်အသီးသီးသည် မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းနှင့်စပ်လျဉ်း၍ မခွဲဝေရသေးသည့် မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့် အခွင့်အရေးများကို အညီအမျှ ခံစားခွင့်ရှိသည်။

(ခ) စက်မှုဒီဇိုင်းပိုင်ရှင်အသီးသီးသည် ယင်း၏ မခွဲဝေရသေးသည့် မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့်အခွင့်အရေးများကို အခြားသူတစ်ဦးဦးကို လွှဲပြောင်းခြင်း၊ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်း ပြုနိုင်သည်။

(ဂ) စက်မှုဒီဇိုင်းပိုင်ရှင်အသီးသီးသည် မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့် အခွင့်အရေး ထိပါးချိုးဖောက်သူအား အခြားသော စက်မှုဒီဇိုင်းပူးတွဲပိုင်ရှင်များ၏ သဘောတူညီချက်ရယူရန်မလိုဘဲ တရားမကြောင်းဖြင့် တရားစွဲဆိုခွင့်ရှိသည်။

(ဃ) စက်မှုဒီဇိုင်းပိုင်ရှင်ထံမှ အခွင့်အရေးများအား တရားဝင်ဆက်ခံရရှိသော ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းသည် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မခွဲ (ဂ) တို့တွင် ဖော်ပြထားသော အခွင့်အရေးများကို ခံစားခွင့်ရှိသည်။

၄၆။ စက်မှုဒီဇိုင်းပိုင်ရှင်သည် အောက်ပါကိစ္စတစ်ရပ်ရပ်အတွက် ယင်း၏ မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့် အခွင့်အရေးများကို အသုံးမပြုရ-

(က) စီးပွားဖြစ်မဟုတ်သော ပုဂ္ဂလိကကိစ္စရပ်များအတွက် ဆောင်ရွက်မှုများ၊

(ခ) စမ်းသပ်လေ့လာသည့် ကိစ္စရပ်များ သို့မဟုတ် သုတေသနလုပ်ငန်းများအတွက် ဆောင်ရွက်မှုများ၊

(ဂ) ရည်ညွှန်းကိုးကားရန် သို့မဟုတ် သင်ကြားရန် ပြန်လည်ထုတ်လုပ်ဆောင်ရွက်မှုများ။

၄၇။ မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့် အခွင့်အရေးများသည် စက်မှုဒီဇိုင်းပိုင်ရှင်က ဖြစ်စေ၊ ယင်းပိုင်ရှင်၏ သဘောတူညီချက်ရရှိသူကဖြစ်စေ နိုင်ငံတော်တွင် တရားဝင်ရောင်းချပြီးသော သို့မဟုတ် တင်သွင်းပြီးသော မှတ်ပုံတင်စက်မှုဒီဇိုင်းပါရှိသည့် ထုတ်ကုန်များနှင့် သက်ဆိုင်ခြင်းမရှိစေရ။

## အခန်း(၁၅)
## စက်မှုဒီဇိုင်းအခွင့်အရေးများကို လွှဲပြောင်းခြင်း

၄၈။ (က) စက်မှုဒီဇိုင်းမှတ်ပုံတင်ပေးရန် လျှောက်ထားသူသည် ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းကိုဖြစ်စေ ယင်း၏စက်မှုဒီဇိုင်းမှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို သတ်မှတ်ချက်နှင့်အညီ လွှဲပြောင်းပေးရန် ဦးစီးဌာနသို့ လျှောက်ထားနိုင်သည်။

(ခ) စက်မှုဒီဇိုင်းပိုင်ရှင်သည် ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းကိုဖြစ်စေ ယင်း၏ မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းပိုင်ဆိုင်မှုကို သတ်မှတ်ချက်နှင့်အညီလွှဲပြောင်းခြင်းပြုနိုင်သည်။

၄၉။ မှတ်ပုံတင်အရာရှိသည် စက်မှုဒီဇိုင်းမှတ်ပုံတင်ပေးရန် လျှောက်ထားသူက ဖြစ်စေ၊ ပုဒ်မ ၄၈ ပုဒ်မခွဲ (က) အရ လွှဲပြောင်းခြင်းကို လက်ခံသူကဖြစ်စေ၊ စက်မှုဒီဇိုင်းပိုင်ရှင်ကဖြစ်စေ၊ ပုဒ်မ ၄၈ ပုဒ်မခွဲ (ခ) အရ လွှဲပြောင်းခြင်းကို လက်ခံသူကဖြစ်စေ သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး ပိုင်ဆိုင်မှုလွှဲပြောင်းကြောင်း မှတ်တမ်းတင်ပေးရန် တောင်းဆိုလျှင် ပိုင်ဆိုင်မှုလွှဲပြောင်းကြောင်း မှတ်တမ်းတင်၍ အများပြည်သူသိရှိစေရန် သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

**ဆက်လက်ဖော်ပြပါမည်။**

## အညာဒေသစကြာတောင်ဘုရားဗုဒ္ဓပူဇနီယပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမည်

**မိတ္ထီလာ ဇူလိုင် ၂၈**

မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် အညာဒေသကျေးရွာတစ်ခုဖြစ်သည့် ဘူးကိုင်းကျေးရွာအုပ်စု ခံစပ်ကုန်းကျေးရွာတွင်တည်ရှိသည့် စကြာတောင်ဘုရား ဗုဒ္ဓပူဇနီယပွဲတော်ကို ဇူလိုင် ၃၁ ရက်မှ ဩဂုတ် ၇ ရက် အထိ စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"အညာဒေသ စကြာတောင်ဘုရားပွဲတော်ကို ဝါခေါင်လဆန်း ၈ ရက်ကနေ ဝါခေါင်လပြည့်နေ့အထိ စည်ကားသိုက်မြိုက်စွာနဲ့ နှစ်စဉ်နှစ်တိုင်း ကျင်းပတာဖြစ်ပါတယ်။ ဘုရားပွဲတော်မှာ ဆိုင်ခန်းကြီးငယ် ၁၂၀၀ ကျော် ဈေးဆိုင်ခန်းတွေ ဖွင့်လှစ်ရောင်းချပြီး ချားရဟတ်၊ ပင်လယ်ဓားပြလှေ၊ ဇာတ်ပွဲတွေနဲ့ စည်စည်ကားကား ကျင်းပတာဖြစ်ပါတယ်။ စကြာတောင်ဘုရားဗုဒ္ဓပူဇနီယပွဲတော် နောက်ဆုံးရက်ဖြစ်တဲ့ ဝါခေါင်လပြည့်နေ့မှာ စကြာတောင်တက်ပွဲကျင်းပတယ်။ အဲဒီတောင်တက်ပွဲမှာ ခံစပ်ကုန်းကျေးရွာ (အရှေ့၊ အနောက် )နှစ်ရွာ၊ ကူကုန်း၊ ဘူးကိုင်း၊ နန္ဒင်းတော်ဘိုးတော်ရွာ၊ ခံစပ်ကုန်းနဲ့ ကပ်နေတဲ့ပျားရွာ၊ မြင်းခြံ၊ တောင်သာ၊ မိတ္ထီလာ၊ မန္တလေး၊ ကျောက်ဆည်၊ တောင်ကြီး၊ ဂန့်ဂေါ၊ စတဲ့အနယ်နယ်အရပ်ရပ်က ဘုရားဖူးပြည်သူတွေ ပါဝင်တက်ရောက်ကြပြီး တောင်ပေါ်ရောက်ရင် အနော်ရထာမင်းပြုပြင်တည်ထားကိုးကွယ်တဲ့ မြစည်းခုံစေတီတော်ကို ဆီမီး၊ ရေချမ်း၊ ပန်း ဆက်ကပ်လှူဒါန်းဖူးမြော်ကြတယ်" ဟု ဘူးကိုင်းကျေးရွာဒေသခံ ကိုဇော်လင်းက ပြောသည်။

စကြာတောင်ဘုရားပွဲတော်သည် အညာဒေသကျေးရွာများတွင် ကျင်းပသည့် အစည်ကားဆုံးဗုဒ္ဓပူဇနီယပွဲတော်များတွင် တစ်ခုအပါအဝင်ဖြစ်ပြီး အနယ်နယ်အရပ်ရပ်မှ ဆယ့်နှစ်ပွဲဈေးသည်များလည်း လာရောက်ရောင်းချပြီး ထူးခြားသည့်တောင်တက်ပွဲလည်းပါဝင်ခြင်းကြောင့် နှစ်စဉ် ဘုရားပွဲတော် လာရောက်လည်ပတ်သူများဖြင့် စည်ကားသိုက်မြိုက်ခြင်းဖြစ်ကြောင်းသိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

## မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဆေးရုံများ၌ ရာသီတုပ်ကွေးရောဂါ A(H1N1) ဖြင့် တက်ရောက်ကုသသူမရှိ

**မန္တလေး ဇူလိုင် ၂၈**

အွန်လိုင်းတွင် ပျံ့နှံ့နေသည့် မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးတွင် ရာသီတုပ်ကွေးရောဂါ A(H1N1) ဖြင့် လူနာတစ်ဦးတက်ရောက်နေသည့် သတင်းနှင့် ပတ်သက်၍ ၎င်းရောဂါဖြင့် တက်ရောက် ကုသသူမရှိကြောင်းနှင့် မန္တလေးတိုင်းအတွင်းရှိ ဆေးရုံအသီးသီးတွင်လည်း ယနေ့အထိ တက်ရောက်ကုသသူလူနာမရှိကြောင်း တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာဒေါ်သန်းသန်းမြင့်က အတည်ပြုပြောဆိုခဲ့သည်။

"ကျွန်မတို့ဌာနကို မြို့နယ် ၂၈ မြို့နယ်မှာရှိတဲ့ ဆေးရုံအကုန်လုံးကနေ ဒီ Case အတွက် နေ့စဉ် ဖုန်းဆက်ပြီး report တင်ရပါတယ်။ ပြီးရင် သုံးနာရီလောက်မှာ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနရုံးကို သတင်းပို့ရပါတယ်။ အွန်လိုင်းမှာ ပျံ့နေတဲ့သတင်းနဲ့ပတ်သက်ပြီး မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးကို မေးလိုက်တဲ့အခါမှာ report မလာဘူး။ ဒါကြောင့် ဒီနေ့မနက်အထိ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးမှာ H1N1 လူနာတက်ရောက်နေတာ မဟုတ်ပါဘူး"ဟု ၎င်းက ပြောသည်။

ထို့ပြင် အဆိုပါရောဂါနှင့် ပတ်သက်၍ ဆေးရုံများသို့ သံသယလူနာရောက်ရှိလာပါက သီးသန့်လူနာဆောင်တွင် ထားရှိကုသရမည်ဖြစ်ပြီး အချိန်နှင့် တစ်ပြေးညီ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ အကြောင်းကြားရန် ညွှန်ကြားထားကြောင်းနှင့် အဆိုပါလူနာတွင် ၎င်းရောဂါ ရှိ-မရှိ သိရှိနိုင်ရန် ရန်ကုန်မြို့ရှိ အမျိုးသားကျန်းမာရေးဓာတ်ခွဲဌာန၏ အတည်ပြုချက်ရယူရမည်ဖြစ်ကြောင်း သိရသည်။

"ဒီရောဂါနဲ့ ပတ်သက်ပြီး လမ်းညွှန်ထားတာရှိပါတယ်။ ဆေးရုံတွေက H1N1 သံသယလူနာရောက်တယ်ဆိုရင် စစ်ဆေးဖို့ ပြည်သူ့ကျန်းမာရေးဓာတ်ခွဲဌာနကတာဝန်ယူပြီး Transport Media နဲ့ ရန်ကုန်က အမျိုးသားကျန်းမာရေးဓာတ်ခွဲဌာနကို ပို့ရပါတယ်။ ဒီရောဂါက ဗိုင်းရပ်စ်ဖြစ်တဲ့အတွက် ရိုးရိုးသာမန်ဓာတ်ခွဲခန်းတွေကို ပို့လို့မရဘူး" ဟု ၎င်းက ဆက်လက်ပြောသည်။

လက်ရှိအခြေအနေတွင် အဆိုပါရောဂါဖြစ်ပွားလာပါက ကြပ်မတ်ကုသရမည့် ကျန်းမာရေးဝန်ထမ်းများအတွက် Personal Protective Equipment(PPE) ဝတ်စုံများကို မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးအတွက် အစုံ ၃၀နှင့် ကျန်သည့် ဗဟိုအဆင့်ဆေးရုံကြီးများကို ၁၀ စုံ၊ မြို့နယ် ၂၈ မြို့နယ်ရှိ ဆေးရုံများအတွက် ငါးစုံစီ စတင်ထုတ်ပေးလျက်ရှိပြီး N95 Mask များကို ဗဟိုအဆင့်ဆေးရုံကြီး ၁၀ရုံနှင့် ခရိုင်ဆေးရုံခြောက်ရုံအတွက် ၁၀၀၀ စီ၊ မြို့နယ် ၂၈ မြို့နယ်ရှိ ဆေးရုံများအတွက် ၃၀၀ စီ ဖြန့်ဝေထားကြောင်းနှင့် ယခုနှစ် တောင်ပြုန်းပွဲတော်တွင်လည်း ယခင်နှစ်များက ပြုလုပ်နေကျဖြစ်သည့် ခုခံအားကျဆင်းမှု ကာလသားရောဂါတိုက်ဖျက်ရေးလုပ်ငန်းများအပြင် အဆိုပါ H1N1 ရောဂါနှင့် ပတ်သက်ပြီး အသိပညာပေးလုပ်ငန်းများကိုလည်း ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ခန္တီးမြို့တွင် ကျောက်စိမ်းတူးဖော်ရေးကုမ္ပဏီများမှ မြေသားတာပေါင် တည်ဆောက်ပေးမှုကြောင့် ယခုနှစ်မြစ်ရေဝင်ရောက်မှုလျော့နည်း



**ခန္တီး ဇူလိုင် ၂၈**

ခန္တီးမြို့ ချင်းတွင်းမြစ်ဘေးတစ်လျှောက်တွင် ကျောက်စိမ်းတူးဖော်ရေးကုမ္ပဏီများမှ မြေသားတာပေါင် တည်ဆောက်ပေးမှုကြောင့် ယခုနှစ်တွင် မြို့ပေါ်ရပ်ကွက်များအတွင်းသို့ မြစ်ရေဝင်ရောက်မှု သိသာစွာလျော့နည်းသွားကြောင်း သိရသည်။

အဆိုပါ မြေသားတာပေါင်မှာ ချင်းတွင်းမြစ်ဘေးတစ်လျှောက် အရှည်ပေ ၁၃၃၀၀ နှင့် အမြင့် ၁၆၅၀ စင်တီမီတာရှိပြီး ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်မှစတင်၍ ခန္တီးမြို့ ကျောက်မျက်တူးဖော်ရေးကုမ္ပဏီများ၏ စက်ယန္တရားများထောက်ပံ့ကူညီမှုနှင့်အတူ ဒေသခံများ၏ စုပေါင်းလုပ်အားဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း တာပေါင်တည်ဆောက်ရေးကော်မတီဥက္ကဌ ခန္တီးမြို့ပေါ်မိုင်းရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမင်းဆွေက ပြောသည်။

"ကျွန်တော်တို့ ခန္တီးမြို့က နှစ်စဉ် မြစ်ရေဝင်ရောက်မှုကို ခံစားခဲ့ရပါတယ်။ ခန္တီးမြို့ရဲ့ စိုးရိမ်ရေမှတ်က ၁၃၆၀ စင်တီမီတာဖြစ်ပြီး လက်ရှိမှာ ချင်းတွင်းမြစ်ရေက ၁၅၂၉ စင်တီမီတာကို ရောက်ရှိနေပါတယ်။ လွန်ခဲ့တဲ့ ငါးနှစ်အတွင်းက အမြင့်ဆုံးရောက်ရှိခဲ့တဲ့ စိုးရိမ်ရေမှတ်က ၁၅၄၅ စင်တီမီတာအထိ ရှိခဲ့တဲ့အတွက် ဒီတာပေါင်ကို ၁၆၅၀ စင်တီမီတာ အမြင့်အထိတည်ဆောက်ထားပါတယ်။ ဒါကြောင့် ဒီနှစ်မှာ ရေဝင်ရောက်မှုသိသိသာသာကို လျော့နည်းသွားတဲ့အတွက် လူတွေသာမက တိရစ္ဆာန်တွေပါ ပြောင်းရွှေ့စရာမလိုတော့တဲ့အပြင် အဆက်အသွယ်မပြတ်ဘဲ ကားတွေ၊ ဆိုင်ကယ်တွေ သွားလာလျက်ရှိပါတယ်"ဟု ၎င်းက ပြောသည်။

ထို့အပြင် လက်ရှိရေဝင်ရောက်မှုမှာလည်း တာပေါင်တည်ဆောက်သည့် အပိုင်းနှစ်ပိုင်းချိတ်ဆက်ရန် ပေ ၃၀၀ ခန့်ကျန်ရှိနေသည့်အတွက် ၎င်းနေရာမှ ရေဝင်ရောက်မှုကြောင့်ဖြစ်ပြီး တာပေါင်ပြီးစီးသွားပါက လက်ရှိရောက်ရှိနေသည့် အမြင့်ဆုံး စိုးရိမ်ရေမှတ်ကြောင့် ရေဝင်ရောက်မှုအတွက် စိုးရိမ်စရာမလိုတော့ကြောင်း ၎င်းကဆက်လက်ပြောသည်။

ခန္တီးမြို့သည့် ချင်းတွင်းမြစ်ကမ်းနံဘေးတွင် တည်ရှိသဖြင့် နှစ်စဉ်မြစ်ရေဝင်ရောက်မှုကြောင့် မြို့ပေါ်ရပ်ကွက်များတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့မှုကြောင့် အဆိုပါဒေသရှိ ကျောက်မျက်ကုမ္ပဏီများမှ လိုအပ်သည့် ထောက်ပံ့ကူညီမှုများပေးခဲ့သော်လည်း ရေရှည်အကျိုးအတွက် ယခုကဲ့သို့ တာပေါင်တည်ဆောက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ မြေသားတာပေါင်အား ခန္တီးမြို့ရှိ ကျောက်မျက်တူးဖော်ရေးကုမ္ပဏီများမှ ဘက်ဟိုး (Backhoe) ယာဉ် စက်ယန္တရားကြီး ငါးစီး၊ ၁၂ ဘီးယာဉ် ငါးစီးတို့အပြင် ငွေကျပ် သိန်း ၂၅၀၀ အကုန်ကျခံ၍ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ ၉၀ ရာခိုင်နှုန်းကျော်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## မိတ္ထီလာမြို့နယ်အတွင်းရှိကျောင်းများနှင့် လူစည်ကားရာနေရာများတွင် မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် ပညာပေးဟောပြော

**မိတ္ထီလာ ဇူလိုင် ၂၈**

မှုခင်းလျော့နည်းကျဆင်းရေးအတွက် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် ပညာပေးဟောပြောမှုကို မိတ္ထီလာမြို့နယ်အတွင်းရှိ ကျောင်းများနှင့် လူစည်ကားရာနေရာများတွင် မှုခင်းပညာပေးပြခန်းယာဉ်များဖြင့် ပညာပေးဟောပြောခြင်းကို ဇူလိုင် ၂၇ ရက် နံနက် ၉ နာရီက အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်ခဲ့ကြောင်း မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမိုးညွန့်ထွန်းက "ကျောင်းသားကျောင်းသူများ မှုခင်းတွေနှင့် ပတ်သက်၍ အသိပညာ တိုးပွားစေရန် ရည်ရွယ်ကာ ပညာပေးယာဉ်ဖြင့် လှည့်လည်ပြသပြီး ကျောင်းသား၊ ကျောင်းသူများအား မူယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ လောင်းကစားခြင်းဥပဒေမှာပါဝင်တဲ့ သိမှတ်ဖွယ်ရာများနှင့် လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေးဆိုင်ရာများနှင့် သက်ငယ်မုဒိမ်းမှုဖြစ်ပွားမှုတွေကို အသိပညာပေးဟောပြောပါတယ်" ဟု ပြောကြားသည်။

အမှတ်(၉၆) ယာဉ်ထိန်းတပ်ဖွဲ့ရုံး (မိတ္ထီလာခရိုင်)မှ ဒု-ရဲမှူးမြင့်စိုး က ဆိုင်ကယ်စီးနင်းကြရာမှာ ယာဉ်စည်းကမ်း လမ်းစည်းကမ်းလိုက်နာပြီး ဦးထုပ်ဆောင်းကြရန်နှင့် မိတ္ထီလာခရိုင်အတွင်း ဖြစ်ပွားခဲ့သည့် ယာဉ်တိုက်သေဆုံးသွားတဲ့ အကြောင်းအရာများကို ဟောပြောပေးခဲ့ကြောင်း ပြောကြားသည်။

အဆိုပါ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် ပညာပေးဟောပြောမှုကို မိတ္ထီလာမြို့နယ်အတွင်းရှိ ကျောင်းများနှင့် လူစည်ကားရာနေရာများတွင် ဇူလိုင် ၂၇ ရက်မှ ၂၉ ရက်အထိ ပြသခြင်းနှင့် အသိပညာပေးဟောပြောခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## အပူပိုင်းဇုန်အတွင်းကျရောက်သော ခရိုင်လေးခုရှိမြို့နယ် (၁၇) မြို့နယ်တွင် အမျိုးအစား လေးခု ပါဝင်သောသစ်တောစိုက်ခင်း ဧက ၁၀၀၀ တည်ထောင်သွားမည်

**မုံရွာ ဇူလိုင် ၂၈**

အပူပိုင်းဇုန်အတွင်းသို့ ကျရောက်လျက်ရှိသော စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရွှေဘို၊ မုံရွာ၊ စစ်ကိုင်း၊ ယင်းမာပင်ခရိုင်များအတွင်းရှိ မြို့နယ် ၁၇ မြို့နယ်တို့တွင် စိမ်းလန်းလာစေရေးအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဧက ၁၀၀၀ ကို တည်ထောင်သွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ သိရသည်။

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တည်ထောင်စိုက်ပျိုးပေးမည့်ဧက ၁၀၀၀ တွင် သစ်တောသစ်ပင်များ ပြန်လည်စိမ်းလန်းလာစေရန်၊ စိုက်ပျိုးမြေများ၏မြေဆီ မြေလွှာများပျက်စီးဆုံးရှုံးမှုများမှ ကာကွယ်နိုင်ရန်အတွက် ကျေးရွာသုံးစိုက်ခင်းဧက ၆၀၀၊ ရေဝေရေလွှဲစိုက်ခင်းဧက ၁၃၀၊ တောင်တန်းစိုက်ခင်းဧက ၂၀၀၊ အခြားစိုက်ခင်းဧက ၇၀ တို့ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

"အပူပိုင်းဇုန်ထဲမှာ ကျရောက်နေတဲ့ မြို့နယ်တွေမှာ တစ်နှစ်ထက်တစ်နှစ်မိုးရွာသွန်းမှုက နည်းလာတယ်လို့ ပြောရမယ်။ ၂၀၁၆ ခုနှစ်မှာ မိုးရွာရက် ရှစ်ရက်ရှိပြီး မိုးရေချိန် ခုနစ်လက်မရှိခဲ့တဲ့ ကန့်ဘလူမြို့နယ်မှ ၂၀၁၇ ခုနှစ် ဇွန်လထဲမှာ မိုးရွာရက် လေးရက်မှာ မိုးရေချိန် သုံးလက်မခွဲပဲရတယ်။ ၂၀၁၆ ခုနှစ်မှာ မိုးရွာရက် ရှစ်ရက်မှာ မိုးရေချိန် လေးလက်မကျော်ရတဲ့ ဒီပဲယင်းမြို့နယ်နဲ့ မိုးရွာရက် ငါးရက်မှာ မိုရေချိန် သုည ဒသမ ၇ လက်မရတဲ့ ဘုတလင်မြို့နယ်တွေမှာ ၂၀၁၇ ခုနှစ်မှာ မိုးလုံးဝရွာသွန်းခဲ့ခြင်း မရှိပါဘူး။ အဲဒီလို အခြေအနေတွေမှာ သစ်တောသစ်ပင်တွေ ပျိုးထောင်ဖို့ဆိုတာ ဒေသခံပြည်သူတွေရဲ့ ပူးပေါင်းမှုပါဝင်အားက ပိုပြီးတော့အရေးကြီးပါတယ်။ ကျွန်တော်တို့ဌာနအနေနဲ့ တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ပြည်သူတွေ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိတရားများတိုးပွားလာစေဖို့ ပူးပေါင်းပါဝင်မှု အရှိန်မြင့်မားလာစေဖို့အတွက် အသိပညာပေးလုပ်ငန်းများကို လုပ်ဆောင်နေပါတယ်၊ ပြည်သူတွေကလည်း အခုအခြေအနေထက်ပိုပြီး ပူးပေါင်းပါဝင်ကြမယ်ဆိုရင် ပိုပြီးအောင်မြင်လာမှာပါ" ဟု တိုင်းဒေသကြီးအပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူးက ပြောသည်။

အပူပိုင်းဇုန်အတွင်းသို့ ကျရောက်လျက်ရှိသော စစ်ကိုင်းတိုင်းဒေသကြီးမှ စစ်ကိုင်းခရိုင်အတွင်းရှိ စစ်ကိုင်းမြို့၊ မြင်းမူနှင့် မြောင်မြို့နယ်တို့တွင် ကျေးရွာသုံးစိုက်ခင်းဧက ၅၀၊ ရေဝေရေလွှဲစိုက်ခင်းဧက ၅၀၊ အခြား စိုက်ခင်းဧက ၅၀ စုစုပေါင်း ဧက ၁၅၀ အားလည်းကောင်း၊ မုံရွာခရိုင်အတွင်းရှိ မုံရွာမြို့၊ ချောင်းဦး၊ ဘုတလင်နှင့် အရာတော်မြို့နယ်တို့တွင် ကျေးရွာသုံးစိုက်ခင်းဧက ၁၁၀၊ တောင်တန်းစိုက်ခင်းဧက ၂၀၀ စုစုပေါင်း ဧက ၃၁၀ ကို လည်းကောင်း၊ ရွှေဘိုခရိုင်အတွင်းရှိ ရွှေဘိုမြို့၊ ခင်ဦး၊ ဝက်လက်၊ ကန့်ဘလူ၊ ရေဦး၊ တန့်ဆည်နှင့် ဒီပဲယင်းမြို့နယ်များတွင် ကျေးရွာသုံးစိုက်ခင်းဧက ၃၇၀၊ ရေဝေရေလွှဲစိုက်ခင်းဧက ၈၀ စုစုပေါင်း ဧက ၄၅၀ ကို လည်းကောင်း၊ ယင်းမာပင်ခရိုင်အတွင်းရှိ ဆားလင်းကြီးမြို့၊ ယင်းမာပင်နှင့် ပုလဲမြို့နယ်တို့တွင် ကျေးရွာသုံးစိုက်ခင်းဧက ၇၀၊ အခြားစိုက်ခင်းဧက ၂၀ စုစုပေါင်း ဧက ၉၀ ကို လည်းကောင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနမှ စိုက်ပျိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# မကွေးတိုင်းဒေသကြီးအတွင်း H1N1ရောဂါဖြင့် သေဆုံးသည့်လူနာမရှိ

**မကွေး ဇူလိုင် ၂၈**

မကွေးတိုင်းဒေသကြီးအတွင်း သွေးလွန်တုပ်ကွေးဖျားကြသော်လည်း ယခုနှစ် ဇူလိုင်လအတွင်း မကွေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီးတွင် H1N1 ဖြင့် သေဆုံးသည့် လူနာလုံးဝမရှိကြောင်း မကွေးတိုင်း ဒေသကြီး ပြည်သူ့ဆေးရုံမှ ဆေးရုံအုပ်ကြီးဒေါက်တာပေါ်ထွန်းထံမှ သိရသည်။

"ဆေးရုံကြီးမှာ H1N1နဲ့ သေဆုံးတဲ့လူနာ မရှိပါဘူး။ တုပ်ကွေးတို့ နမိုးနီးယားရောဂါလက္ခဏာနဲ့ တက်ရောက်ကုသတဲ့ လူနာတော့ ရှိပါတယ်"ဟု ဆေးရုံအုပ်ကြီး ဒေါက်တာပေါ်ထွန်းက ပြောသည်။

ဇူလိုင်လ ၁ ရက်မှ ၂၃ ရက်အထိ သွေးလွန်တုပ်ကွေးရောဂါဖြင့် တက်ရောက်ကုသသည့် ကျားလူနာ ၄၁ ဦးနှင့် မ လူနာ ၃၇ ဦး စုစုပေါင်း ၇၈ ဦး တက်ရောက်၍ဆေးကုသမှုခံယူသည်ဟု မကွေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီး ဆေးကုသမှတ်တမ်းများအရ သိရသည်။

အကယ်၍ H1N1 ရောဂါရှင်ရှိလာပါကသီးသန့်ဆေးကုသပေးရန် အဆောင်၊ ရေကန်၊ အိမ်သာစသည့်တို့ စီစဉ်ထားသည်ဟုလည်းကောင်း၊ အခြားလူနာများကို ကူးစက်ခြင်းမဖြစ်အောင် ဆောင်ရွက်ထားသည်ဟုလည်းကောင်း၊ ကုသပေးမည့် ဆရာဝန်များအတွက်လည်း Safty Suit ဝတ်စုံ စီစဉ်ပေးထားသည်ဟုလည်းကောင်း မကွေးတိုင်းဒေသကြီးကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာပေါ်ထွန်းထံမှ သိရသည်။

"မကွေးမြို့ပေါ် ရပ်ကွက်တိုင်းရှိ တချို့မိသားစုတွေတော်တော်များများ တုပ်ကွေးဖြစ်ကြတယ်။ အသေအပျောက်ရှိတာတော့ မကြားဘူး။ အပြင်ဆေးခန်းတွေမှာ ကုသနေကြတော့ အများအပြားမြင်တွေ့ရတယ်" ဟု မကွေးမြို့ဒေသခံတစ်ဦးက ပြောသည်။

တုပ်ကွေးနှင့်နမိုးနီးယား ရောဂါလက္ခဏာတွေ့ရှိလျှင် သွေးများကို ဓာတ်ခွဲစစ်ဆေးပေးခြင်း မကွေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံမှတစ်ဆင့် ရန်ကုန်တိုင်းဒေသကြီး ဗဟိုအမျိုးသားဆေးရုံကြီးသို့ ပေးပို့စစ်ဆေးခြင်းနှင့် ရောဂါ Positive နဲ့ Negative အဖြေအရအထူးကြပ်မတ် ကုသပေးလျက်ရှိသည်ဟု ဆေးရုံအုပ်ကြီးက ဆက်လက်ပြောသည်။

အဆိုပါ H1N1 ရောဂါပိုးသည် ပြင်းထန်သည့် ရောဂါအမျိုးအစားဖြစ်ခြင်းကြောင့် ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအတွက် အသက်အန္တရာယ်ကို ထိခိုက်နိုင်၍ အထူးဂရုစိုက်ကြရန်လိုအပ်ပြီး ရောဂါကူးစက်ခြင်း မခံရစေရန် မိုးမမိအောင်နေထိုင်ခြင်း၊ လူအများစုရှိသည့် နေရာများကို ရှောင်ရှားရန်၊ စိုစွတ်သောရာသီဥတုတွင် လက်ကို မကြာခဏဆေးကြောခြင်းများ ဆောင်ရွက်သင့်သည်ဟု ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားပေးခြင်း၊ လက်ကမ်းစာဆောင်များ ဝေငှပေးခြင်းဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။

**ဟံသာလင်း**



## မဲဇာချောင်းကူးတံတား ချဉ်းကပ်လမ်း မြေနိမ့်ကျွံကျမှုများပြုပြင်

**အင်းတော် ဇူလိုင် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မဲဇာချောင်းကူးတံတား ချဉ်းကပ်လမ်းများတွင် မြေနိမ့်ကျွံကျမှုများ ဇူလိုင်၂၂ ရက်က ဖြစ်ပေါ်ခဲ့သောကြောင့် ပြုပြင်ရေးလုပ်ငန်းများကို မြို့နယ်လမ်းဦးစီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ဆီ သတင်းတက်လာတာက ဇူလိုင် ၂၂ ရက်ညကပါ ၂၃ ရက်မှာ ကျွန်တော်ရယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်း လမ်းဦးစီးဌာနတို့ပူးပေါင်းပြီး သွားရောက်စစ်ဆေးပါတယ်။ ချဉ်းကပ်မြေကျွံကျတာနဲ့ပတ်သက်လို့ လိုအပ်တဲ့ ပြုပြင်မှုတွေကိုတော့ လမ်းဦးစီးဌာနက ဆောင်ရွက်သွားမှာပါ" ဟု မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြတ်ကိုထွေးက ပြောသည်။

"ဒီတံတားက ဆောက်လုပ်ရေးကလုပ်ပါတယ်။ ကျွန်မတို့က ချဉ်းကပ်လမ်းပိုင်းတွေကို တာဝန်ယူလုပ်ဆောင်ရပါတယ်။ လက်ရှိအနေအထားမှာ တံတားချဉ်းကပ်လမ်း ကမ်းနှစ်ဖက်လုံးမှာ ယာယီရေထုတ်ပြွန် တစ်ဖက်လျှင် တစ်ခုစီကို ဇူလိုင် ၂၇ ရက်ကနေ စတင်လုပ်ဆောင်နေပါပြီ။ နောက်ပိုင်းမှာ ပေ ၄၀ အကျယ် ကွန်ကရစ်ရေထွက်ပေါက်လုပ်ဆောင်သွားမှာပါ။ ဒီရေထွက်ပေါက်တွေက ဒီလမ်းရယ် ချဉ်းကပ်ရယ် လယ်မြေတွေကို မိုးဒဏ်ရေဒဏ် ကာကွယ်ပေးနိုင်ရန် ရေထွက်ပေါက်တွေလုပ်ရမှာဖြစ်ပါတယ်။ ချဉ်းကပ်လမ်းမြေပြိုကျနေတာတွေကိုတော့ အောက်ခြေကနေ တိုင်တွေစိုက်ရပါမယ်။ ကတ္တရာပုံးခွန်တွေကိုစိုက်ပြီး တစ်ဆင့်ပြီးတစ်ဆင့် လုပ်ဆောင်မှုခိုင်ခံ့မှာဖြစ်ပါတယ်။ ပိုတုံးတွေနဲ့ ကတ္တရာပုံးခွန်တွေလည်း ခွဲပြီးသားတွေရရှိထားပါပြီ။ ယာယီပြွန်ပေါက်တွေလုပ်ဆောင်ပြီးတာနဲ့ ဆက်လက်လုပ်ဆောင်မှာပါ" ဟု အင်းတော်မြို့လမ်းဦးစီးဌာန မြို့ပြဦးစီးအရာရှိ ဒေါ်အေးအေးထွန်းက ပြောသည်။

အဆိုပါတံတားမှာ ဝန်းသို-အင်းတော်ကားလမ်းပေါ်တွင် မဲဇာချောင်းကိုဖြတ်ကာ တည်ဆောက်ထားသော ပေ ၇၀၀ အရှည်ရှိ သံပေါင်ရက်မတံတားအမျိုးအစားဖြစ်ကြောင်း သိရသည်။ မဲဇာတံတားကြီး၏ အရှေ့ဘက်ကမ်းတွင် လမ်းဘယ်ညာနှစ်ဖက်စလုံးတွင် မြေပြိုကျနေပြီး တံတား၏အနောက်ဘက်ကမ်းတွင် လမ်းညာဘက်အခြမ်း၌ မြေကျွံကျမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

**မောင်ချစ်လင်း (အင်းတော်)**

## ငါးသယံဇာတပေါကြွယ်ဝရေး ငါးမျိုးများစိုက်ထည့်

**ပွင့်ဖြူ ဇူလိုင် ၂၈**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ငါးသယံဇာတပေါကြွယ်ဝစေရေးနှင့် ငါးစားသုံးမှုဖူလုံစေရေးအတွက် ဆည်တမံများအတွင်း ငါးမျိုးစိုက်ထည့်ခြင်းကို ဇူလိုင် ၂၇ ရက် နံနက်ပိုင်းက စလင်းမြို့နယ်အတွင်းရှိ စလင်းတမံနှင့် တက်တူတမံတို့တွင် ငါးမျိုးစိုက်ထည့်ခဲ့သည်။

အဆိုပါတမံများအတွင်း ငါးမျိုးစိုက်ထည့်ခြင်းတွင် ပွင့်ဖြူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ပွင့်ဖြူမြို့ ငါးသားဖောက်စခန်းမှ တာဝန်ခံနှင့်ဝန်ထန်းများ၊ တမံတာဝန်ခံနှင့် ဝန်ထမ်းများ တက်ရောက်ပြီး ငါးမျိုးများ စိုက်ထည့်ပေးခဲ့ရာ စလင်းတမံတွင် ငါးမြစ်ချင်းသားပေါက်ကောင်ရေတစ်သိန်း၊ ငါးခုံးမကြီးသားပေါက်ကောင်ရေတစ်သိန်းနှင့် တက်တူတမံတွင် ငါးမြစ်ချင်းသားပေါက်ကောင်ရေ ငါးသောင်း၊ ငါးခုံးမကြီးသားပေါက် ကောင်ရေငါးသောင်း စုစုပေါင်း ငါးသားပေါက်ကောင်ရေ သုံးသိန်း ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**သူရထွန်း(ပွင့်ဖြူ)**

# ရှသမျိုးစုံပေးသည့် ကျောက်ဆည်မြို့ ဆင်ကြိမ်းအကမှာ ယနေ့တိုင်စိတ်ဝင်စားဖွယ်ဖြစ်

**ကျောက်ဆည် ဇူလိုင် ၂၈**

ကျောက်ဆည်မြို့သည် မြန်မာနိုင်ငံတွင် ဆင်မြို့တော်အဖြစ်ထင်ရှားသည်။ ကျောက်ဆည်မြို့ရှိ ဆင်အဖွဲ့များသည် လှပသေသပ်သောကကွက်များ ရင်သပ်ရှုမောဖွယ်ကကွက်များနှင့် ပရိသတ်ကို စွဲဆောင်နိုင်သည်။ ပြိုင်ပွဲဝင်ဆင်များ အလှပြဆင်များသည် ဆင်ပွဲနေ့တွင် ဆင်၏ ဦးခေါင်းကိုနှိမ့်ကာနှိမ့်ကာဖြင့် သာလျောင်းစေတီတော်မြတ်ကြီးအား ဦးတိုက်လေ့ရှိကြသည်။ ထို့နောက်တွင် မြူးကြွသည့်နတ်ဒိုးအကဖြင့် ဆင်နိုင်ဘုရင်ဥတေနမင်းနှင့် ရွာတော်ရှင်နတ်များကို ပူဇော်ပသကာ ပြိုင်ပွဲဝင်လေ့ရှိသည်။

ကျောက်ဆည်ဆင်အကသည် ကကွက်ဟန်မှာ ယဉ်ကျေးပြီး ထူးထွေဆန်းပြားသည်။ ဆင်ဖြင့် ပင်မင်းသားအက၊ မင်းသမီးအက၊ ယိမ်းအက၊ အပျိုတော်အက၊ ဘီလူးအက၊ မျောက်အက၊ ကိုကြီးကျော်အက၊ ပတပ်ရပ်အက၊ ဂွမ်းစိုက် (ကင်းမြီးကောက်ထောင်) အက၊ ကလပ်အကတို့သည် ပရိသတ်ကို မရိုးအောင် စွဲဆောင်လေ့ရှိသည်။ ထိုအကများနှင့် အတူပြိုင်ပွဲဝင်အကဖြစ်သည့် ဆင်ကြမ်းနှင့် လူစွမ်းတို့ ယှဉ်ပြိုင်ကြသည့် ဆင်ကြိမ်းသရုပ်ဖော်ကကွက်မှာထင်ရှားပြီး ရင်သပ်ရှုမောဖြစ်စေသည့်ကကွက်ပင်ဖြစ်သည်။

ပြိုင်ပွဲဝင်ဆင်အဖွဲ့တွင် ပါဝင်သည့်အဖွဲ့အားလုံးသည် ရိုးရာသဘာဝအလှအပများ ယဉ်ကျေးမှုအဝတ်အစားများကို ဝတ်ဆင်ကာ မြန်မာ့ရိုးရာတူရိယာဖြစ်သည့် ဒိုး၊ နှဲ၊ လင်းကွင်း၊ မောင်း၊ ဝါးလက်ခုပ် စုံလင်စွာဖြင့် စည်းလုံးညီညွတ်စွာ သာယာနာပျော်ဖွယ် တီးမှုတ်ကပြကြသည်။ ပြိုင်ပွဲဝင် ဆင်အက ကရာတွင် စားတော်တိုက်အကဖြင့် စတင်ကြသည်။ဆင်အကမြူးကြွသလို ဆင်ထိန်းကလည်း ကန်တော့ပွဲကို အထက်သို့မြှောက်ချီကာ ဆိုင်ရာပိုင်ရာပူဇော်ပသသည့်အကဖြင့် စတင်ပြိုင်ပွဲဝင်ကြသည်။ ပြိုင်ပွဲဝင် စားတော်တိုက်ရင်းမှ ဆင်သည်မုန်ရစ်ကာ အလွန်ကြမ်းတမ်း တော့မည့်အသွင်ဖြင့် ဆင်ကြိမ်းအက ခပ်ကြမ်းဖြင့် ကပြကြသည်။ ဆင်ထိန်းကလည်း ချွန်း၊ လှံတို့ဖြင့် ကိုင်တွယ်ကာ လေးခင်းအက ခပ်ကြမ်းကြမ်းကို ကပြကြသည်။

ဆင်ကရန်မူ၊ ဆင်ထိန်းကဖမ်း၊ ကြမ်းနေသောကကွက်သည့် လိုမ့်ကာ၊ ဂွမ်းပစ်ကာဖြင့် ဟန်ပါပါ ခပ်ကြမ်းကြမ်းကကြသည်။ နောက်ဆုံးတွင် လူစွမ်းကို ဆင်ကြမ်းက အရှုံးပေးရပြီး ခန္ဓာကိုယ်မှာ ယိုင်လဲပြီး ဦးခေါင်းထိုးစိုက်သွားချိန်တွင် ဆင်ထိန်းက ချွန်းဖြင့် ခုန်ပျံလွှားတက်ကာ ဆင်ဦးကင်းကို ချွန်းဖြင့် ထိုးစိုက်ကာ ဖမ်းဆီးလိုက်ပြီး မြူးကြွသည့်တေးသံဖြင့် ဆင်အရိုင်အကလေးဖြင့် ကပြကြသည်။ ပြိုင်ပွဲဝင်ဆင်များ ကကွက်ကဟန်မတူဘဲ ဇာတ်လမ်းဇာတ်ကွက်အမျိုးမျိုးကို ဆင်ကာကပြသည့်အတွက် တစ်နှစ်နှင့် တစ်နှစ် မရိုးဘဲစွဲဆောင်မှုကောင်းကာ ထင်ရှားသောအကဖြင့် ယနေ့တိုင်တည်ရှိနေလျက်ရှိသည်။ ယခုအခါ ကျောက်ဆည်မြို့ ဆင်ပွဲနီးနေသည့်အတွက် ကကွက်များကို လေ့ကျင့်လျက်ရှိကြောင်း မြို့ခံတစ်ဦးမှပြောပြ၍ သိရသည်။



**နွေနဒီ (မြစ်ငယ်)**

## လယ်ကွက်များအတွင်း ရွှေခရုများ ပေါများစွာ ရောက်ရှိနေခြင်းကြောင့် ကောက်ယူနှိမ်နင်း

**အင်းတော် ဇူလိုင် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်လက်ပံကုန်းကွင်း၊ ကွင်းအမှတ် (၁၀၃၃) ရှိလယ်ကွက်များအတွင်းရွှေခရုများကောက်ယူနှိမ်နင်းခြင်းကိုဇူလိုင်၂၇ ရက် နံနက် ၇ နာရီခွဲက ပြုလုပ်ခဲ့ကြောင်း သိရသည်။

"ခရုကောက်တဲ့လယ်တွေကတော့ ဒေါ်မြဝင်း၊ ဦးဖိုးတုတ် တို့ရဲ့လယ်ကွက်တွေဖြစ်ပြီး ခရုတွေက ဒီနှစ်မှာအများဆုံးရောက်ရှိလာတာပါ။ လယ်ထဲက ခရုတွေကို ကောက်လိုက် ပေါ်လာလိုက်နဲ့ တစ်နေ့တခြားပိုပိုပြီး ခရုတွေက နှိမ်နင်းလို့မရအောင်ဖြစ်ပေါ်နေတာကြောင့် ဌာနဆိုင်ရာတွေကိုအကူအညီတောင်းခံကြတာပါ" ဟု တောင်သူ ဦးဇော်ဝင်းက ပြောသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးရွှေက အဆိုပါရွှေခရုများကို စုပြုံနေစေရန် ဇူလိုင်၂၆ ရက်က ကြိုတင်၍ လယ်ကွင်းထဲနှင့်လယ်ကန်သင်းဘောင်များတွင် နာနတ်သီးအခွံများ၊ ပိန္နဲသီးအခွံများ၊ သဘော်ရွက်များကို များစွာအဖြစ်ကြိုတင်ချထားကြောင်း၊ ယခု ၁၀၃၃ ကွင်းမှာ ရွှေခရုအများဆုံးရောက်ရှိနေသောကွင်းဖြစ်ကြောင်း ပြောသည်။

"အင်းတော်အင်းဘေးမှာရှိတဲ့ လက်ပံကုန်းကွင်းအမှတ် ၁၀၃၃၊ ၁၀၃၈ နှင့် နတ်မဟုတ်ကလေးကွင်း ၁၀၂၉ တို့မှာလယ်ဧက ၁၀၀၀ ကျော်ရှိပါတယ်။အဲဒီလယ်ကွင်းတွေမှာလည်း ရွှေခရုတွေရှိပါတယ်။ ယခုစိုက်ပြီးဧက ၂၅ ဧကနှင့် မြေပြုပြင်ပြီးဧက ၂၀၀ ကျော်ဖြစ်ကြောင်း ခရုတွေက ဘဟက်နဲ့ အဆုပ်နဲ့ နှစ်မျိုး အသက်ရှူရှင်သန်နိုင်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ကသာခရိုင် သီးနှံကာကွယ်ရေးတာဝန်ခံဦးစီးအရာရှိ ဒေါ်စန်းမြင့်လွင်က "ဒီရွှေခရုတွေရဲ့ရန်မှကာကွယ်ရန်မှာ လယ်ကွင်းရှိ ရေသွင်းရေထုတ်ပေါက် (ကတွတ်ပေါက်)တွေကို ပိုက်ဆန်ခါတွေထောင်ထားမယ်။ ကန်သင်းရိုးပေါ်က ပေါင်းမြက်ပင်တွေကို ရှင်းလင်းရမယ်။ ခရုပေါ်တဲ့လယ်ကွက်ထဲက ရေတွေကို လျှော့ချပြီး ရေနည်းနည်းမှာ ထုံးဖြူးထားဖို့လိုပါတယ်။ ထုံးဖြူးတာက လယ်တစ်ဧကကို ထုံး ကိုးပိဿာပါတဲ့အိတ် ၁၆ အိတ်ဖြူးပေးဖို့လိုပါတယ်။ လူနဲ့ကောက်ယူပြီးပစ်တာက ၈၀ ရာခိုင်နှုန်းကာကွယ်နိုင်မှာဖြစ်ပါတယ်။ အခြားပိုးသတ်ဆေးတွေသုံးမယ်ဆိုရင်တော့ မလိုလားအပ်တဲ့ ဆိုးကျိုးတွေ ရရှိနိုင်ပါတယ်" ဟု ပြောပါတယ်။

အဆိုပါ ရွှေခရုကောက်ယူနှိမ်နင်းရာသို့ အင်းတော်မြို့နယ်စီ/ခန့်ဥက္ကဋ္ဌနှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကသာခရိုင် သီးနှံကာကွယ်ရေးတာဝန်ခံ ဦးစီးအရာရှိဒေါ်စန်းမြင့်လွင်နှင့် စိုက်ပျိုးရေးဝန်ထမ်းများ၊ လူငယ်ကွန်ရက်အဖွဲ့များနှင့် အဆိုပါကွင်းမှတောင်သူများ ပူးပေါင်းကာ ရွှေခရုကောက်ယူနှိမ်နင်းခဲ့ကြောင်းသိရသည်။

**မောင်ချစ်လင်း(အင်းတော်)**

# လူ့အခွင့်အရေးသမိုင်းကြောင်း

ဇခြည်ညိမ်း

လူ့အခွင့်အရေးဟူသော ယနေ့ခေတ်သုံးဝေါဟာရ တစ်ခု တွင်ကျယ်စွာအသုံးပြုလာသော်လည်း ယင်း ဝေါဟာရ၏ နက်ရှိုင်းသော နောက်ခံသမိုင်းကြောင်း ရှည်ကို သတိပြုမိသူနည်းပါးပါသည်။ ထို့ပြင်လူ့အခွင့် အရေးဟူသည့် အယူအဆတွင်လည်း ခေတ်ဟောင်း၊ ခေတ်သစ်ဟူ၍ နှစ်ပိုင်းခွဲခြားလေ့လာနိုင်သည်။

အစောဆုံးလူ့အခွင့်အရေးဟုဆိုနိုင်သည့် အယူအဆ များပါဝင်သည့် အထောက်အထားမှာ မက်ဆိုပိုတေး မီးယားလွင်ပြင်၊ ဘေဘီလုံမြို့ပျက်တွင် တူးဖော်တွေ့ ရှိရသော ဘီစီ ၆ ရာစု ခန့်က King Cyrus the Great ဘုရင်၏ Cyrus Cylinder စာလိပ်တွင်ဖြစ်သည်။ ယင်းစာလိပ်ကို ၁၈၇၉ ခုနှစ်က တူးဖော်ရရှိခဲ့ပြီး ဗြိတိသျှ ပြတိုက်တွင် ပြသထားသည်။ ယင်းတွင် ကျွန်စနစ်ဖျက် သိမ်းခြင်း၊ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်၊ အနည်းဆုံးလစာနှင့် ခိုလှုံခွင့်တို့ကို ဖော်ပြထားသည်။ ထို့ပြင် ဘုရင်က ၎င်း သြဇာခံနယ်မြေများကိုသူ၏ သြဇာကို မခံယူလိုပါက လွတ်လပ်စွာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိသည်ဟုလည်း ခွင့်ပြုထားကြောင်း ဆိုကြသည်။ ယင်းမှာ ယနေ့ခေတ် ပြောဆိုနေကြသည့် လူ့အခွင့်အရေးနှင့် သဘောသဘာဝ တူ အတွေးအခေါ်ဖြစ်သည် ဟုလက်ခံထားကြသည်။

**အတွေးအခေါ်အယူအဆ**

ထို့နောက်ပိုင်း ပေါ်ထွန်းခဲ့သောအယူအဆမှာ ရှေးဟောင်းဂရိအတွေးအခေါ်အယူအဆဖြစ်သည်။ ဂရိနိုင်ငံတွင် နတ်ဘုရားများကို ဆန့်ကျင်သော အယူ အဆအတွေးအခေါ်ပညာထွန်းကားလာပြီး ကမ္ဘာ လောကကို ပိုမိုကျိုးကြောင်းဆီလျော်သော တွေးခေါ်မှု ပုံစံဖြင့် ချဉ်းကပ်လာခဲ့ကြသည်။ ယင်းအတွေးအခေါ် များသည် နိုင်ငံရေး ၊ ကိုယ်ကျင့်တရား၊ သဘာဝပဓာန ဝါဒ၊ ဖြစ်တည်မှုဝါဒ၊ ကျိုးကြောင်းဆက်နွှယ်မှု၊ သတင်း အချက်အလက်လက်ဆင့်ကမ်းမှု၊ ရသစာပေစသည် များအပေါ် အခြေတည်ကြသည်။ ဘီစီ ၄ ရာစုမှစ၍ ပေါ်ထွန်းခဲ့ကြသော ပလေတို၊ အရစ္စတိုတယ်၊ ပိုလီဘီး ယပ်စ်နှင့် စစ်စဲယိုစသော တွေးခေါ်ပညာရှင်များက ပြည်သူ့သမ္မတနိုင်ငံတော်ဟူသည့် အယူအဆကို ဟောပြောခဲ့ကြသည်။ ယင်းအတွေးအခေါ်များသည် အနောက်တိုင်းဒဿနိကဗေဒအပေါ် များစွာလွှမ်းမိုးမှုရှိ သည်။

**သဘာဝအခွင့်အရေး**

သဘာဝအခွင့်အရေးဟူသည့် အတွေးအခေါ်ကို ပထမဆုံးစတင်ခဲ့သူမှာ ပြင်သစ်တွေးခေါ်ပညာရှင် Jean Gerson (၁၃၆၃ - ၁၄၂၉) ဖြစ်သည်။ သူ၏ 1402 Treaties De Vita Spirituali Animae သည် ပထမဆုံးသော ခေတ်သစ်သဘာဝအခွင့်အရေး သီအိုရီစာတမ်းဖြစ်သည်။ ၎င်းသည် Joan of Arc ဘက်မှ ခုခံကာကွယ်ရပ်တည်ခဲ့သော ပညာရှင် အနည်းငယ်များအနက် တစ်ဦးဖြစ်ပြီး သဘာဝလွန် စွမ်းအားကို ထောက်ခံခဲ့သူလည်းဖြစ်သည်။

၁၃ ရာစုကပေါ်ပေါက်ခဲ့သော မဂ္ဂနာကာတာ စာချုပ် (၁၂၁၅) တွင်လည်း လူ့အခွင့်အရေးတစ်စိတ်တစ်ဒေသ ဖြစ်သော တရားမျှတမှုနှင့် လွတ်လပ်ခွင့်ကို ရည်ညွှန်း ထားကြောင်း တွေ့ရသည်။

၁၄ ရာစုနှင့် ၁၅ ရာစုကာလတွင် အုပ်စိုးသူနှင့် အုပ်စိုးခံပြည်သူတို့အကြား အပြန်အလှန်ထိန်းညှိမှု စာချုပ် (Social Contract)၊ အပြုသဘောဆောင်သော ဥပဒေများနှင့် အစိုးရ၊ အစိုးရ၏ တရားဝင်မှုဆိုသည့် အချက်များကိုအခြေခံသည့် ဂန္တဝင်ပြည်သူ့သမ္မတဝါဒ (Classical Republicanism) ဆိုသည့် အတွေးအခေါ် ပြန်လည် ထွန်းကားလာသည်။

**မွေးရာပါအခွင့်အရေး**

ယင်းနောက်တွင် လူသား၏ သဘာဝအခွင့်အရေးများ နှင့် ဥပဒေအရအခွင့်အရေးများဆိုသည့် အတွေးအခေါ် ထွန်းကားလာပြီး ယင်းအတွေးအခေါ်သည် သက်ဦး ဆံပိုင်ဘုရင်စနစ်ကို မေးခွန်းထုတ်မှုများဖြစ်လာစေ သည်။

၁၇ ရာစုတွင် သဘာဝအခွင့်အရေး (Natural Rights) နှင့် ဥပဒေပါအခွင့်အရေး (Legal Rights) ဆိုသည့် အယူအဆများထွန်းကားလာသည်။ သဘာဝအခွင့် အရေးဆိုသည်မှာ မည်သည့်ဥပဒေ၊ အုပ်ချုပ်မှုပုံစံကမှ ခွင့်ပြုပေးစရာမလိုသော မွေးရာပါလူသားဖြစ်တည် ကတည်းက ရသင့်သော အခွင့်အရေးဟုဆိုကြပြီး ဥပဒေပါအခွင့်အရေးမှာမူ အုပ်ချုပ်သူအစိုးရ၊ မင်းတို့က ပြဋ္ဌာန်းခွင့်ပြုပေးထားသော အခွင့်အရေးများဖြစ်သည်။ ယင်းအတွေးအခေါ်အယူအဆသည် ကျယ်ကျယ်ပြန့်ပြန့် ထွန်းကားလာခဲ့သည်။ ယင်းအယူအဆ ပြန့်နှံ့လာမှု ကြောင့်ပင် ပြင်သစ်တော်လှန်ရေးကဲ့သို့သော သက်ဦး ဆံပိုင်ဘုရင်စနစ်ကို တော်လှန်မှုများ ပေါ်ပေါက် လာခဲ့သည်။ ယင်း အတွေး အခေါ်သည် ဘုရင်စနစ်ကို သာမက ဘုရားကျောင်းတော်များ၏ အာဏာအုပ်စိုးမှု ကိုပါ ပြန်လှန်မေးခွန်းထုတ်လာခဲ့သည်။ ၁၈ ရာစု နောက်ပိုင်းပေါ်ထွန်းလာသော လစ်ဘရယ်ဝါဒနှင့် နီယိုကလပ်စစ်ဇင် (ဂန္တဝင်အနုပညာ တစ်ကျော့ ပြန်ရှင်သန်ခြင်းဝါဒ)တို့သည် ယင်းအယူအဆမှ ဆင်းသက်လာကြခြင်းဖြစ်သည်။ ယင်းကာလအတွင်း အမေရိကနှင့် ဥရောပအကြား အတွေးအခေါ်နှင့် အနု ပညာအယူအဆများ ကူးလူးယှက်နွှယ်မှု ထင်ထင်ရှား ရှားဖြစ်ခဲ့သည်ကိုတွေ့ရသည်။

**လူသားဝါဒကို ဗဟိုပြုချဉ်းကပ်ထား**

အစောပိုင်းကာလတွင်ပေါ်ပေါက်ခဲ့သော လူ့အခွင့် အရေးဟူသည့်အယူအဆသည် ယခုမျက်မှောက်ခေတ် လူ့အခွင့်အရေးစံနှုန်းများနှင့် ကွဲပြားခြားနားမှုများရှိနေ သည်။ ရှေးခေတ်ကာလက အခွင့်အရေး (rights) ဟူသော စကားရပ်သည် တရားမျှတမှု၊ နိုင်ငံရေးအရ တရားဝင်မှု၊ ချမ်းသာကြွယ်ဝမှုတို့အပေါ်အခြေခံသော အမြင်အတွေးအခေါ်များသာဖြစ်သည်။

ယနေ့ခေတ် လူ့အခွင့်အရေးဟူသော အယူအဆမှာ အနောက်တိုင်းတွင် စတင်ပေါ်ပေါက်လာပြီး ရှေးဂရိ အတွေးအခေါ်အယူအဆများနှင့် ဆက်နွှယ်မှုရှိနေသော် လည်း ကွဲပြားခြားနားသော ပုံစံတစ်မျိုးဖြင့် ထွန်းကား လာခြင်းဖြစ်သည်။ ခေတ်သစ်လူ့အခွင့်အရေးဟူသော အတွေးအခေါ်သည် လူသားဝါဒကို ဗဟိုပြုချဉ်းကပ်ထား ခြင်းဖြစ်သည်။

**လူသား၏ မွေးရာပါ ရပိုင်ခွင့်**

ယနေ့ခေတ် လူ့အခွင့်အရေးဆိုသည့် အတွေးအခေါ် သည် ၁၆ ရာစုကပေါ်ထွန်းခဲ့သည့် သဘာဝဥပဒေ (Natural Law) ဆိုသည့် အယူအဆမှ ဆင်းသက်လာ ခြင်းဖြစ်သည်။ ၁၆၈၉ ခုနှစ် ဗြိတိန်နိုင်ငံတွင်ရေးဆွဲခဲ့သော လူ့အခွင့်အရေးပဋိညာဉ်စာချုပ် (Bill of Rights) က အုပ်ချုပ်သူအစိုးရ၏ ဖိနှိပ်ချုပ်ချယ်သည့် အမိန့်များသည် တရားဝင်ခြင်းမရှိဟု ထောက်ပြခဲ့သည်။ နောက်ပိုင်း အမေရိကန် တော်လှန်ရေးနှင့် ပြင်သစ်တော်လှန်ရေး တို့ပေါ်ပေါက်လာခဲ့ပြီး လူသားတို့၏ အခြေခံအခွင့် အရေးများကို တွင်ကျယ်စွာ စတင်ပြောလာခဲ့ကြသည်။

ထိုသို့ငြင်းခုန်ကြရာတွင် သဘာဝအရပေးအပ်ထားပြီး သော အခွင့်အရေးနှင့် ဥပဒေဖြင့် ကန့်သတ်သင့်သည့် အခွင့်အရေးဟု ခွဲခြားလာကြသည်။ အချို့ပညာရှင်များ ကမူ သဘာဝအခွင့်အရေးနှင့် ဥပဒေပါအခွင့်အရေးမှာ သီးခြားမဟုတ်ဘဲ ဆက်စပ်နေသည်ဟု ဆိုကြသည်။ သဘာဝအခွင့်အရေးဆိုသည်မှာ မည်သည့်အစိုးရ၊ အုပ်ချုပ်သူနှင့် နိုင်ငံတကာ အာဏာပိုင်များကမှ ပယ်ဖျက်၊ တားဆီး၊ ပိတ်ပင်ခွင့် မရှိသော၊ ရုပ်သိမ်းခွင့် မရှိသော လူသား၏ မွေးရာပါ ရပိုင်ခွင့်ဖြစ်သည်။ လူသားတို့၏ အသက်ရှင်သန်ခွင့်နှင့် လွတ်လပ်ခွင့်သည် အရေးအကြီးဆုံးသော အခြေခံအခွင့်အရေးဖြစ်သည်ဟု ဆိုလာကြသည်။ လွတ်လပ်သောရှင်သန်ခွင့်ဆိုသည့် စကားကို ထောက်ခံသောတွေးခေါ်ပညာရှင်များပေါ် ပေါက်လာကြသည်။ ထပ်ဆင့်၍ လွတ်လပ်သော ရှင်သန် ခွင့် သာမက၊ ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်လည်း ရှိသင့်သည် ဟု ဆိုကြသည်။ နောက်ပိုင်းတွင် ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ဟူ သော စကားရပ်အစား ပျော်ရွှင်စွာနေထိုင်ပိုင်ခွင့်ဟူသော စကားရပ်ဖြင့် အစားထိုးခဲ့သည်။

**လွတ်လပ်ရေးကြေညာစာတမ်း**

ထို့ကြောင့် အမေရိကန် လွတ်လပ်ရေးကြေညာစာတမ်း (၁၇၇၆)တွင် လူသားတို့ကို တန်းတူညီမျှစွာဖန်ဆင်းခဲ့ သည်။ ထို့ကြောင့် လူသားများသည် ဖန်ဆင်းရှင်ကပေး အပ်သော အခြေခံအခွင့်အရေးဖြစ်သည့် ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်နှင့် ပျော်ရွှင်စွာနေထိုင်ပိုင်ခွင့်တို့ရှိသည် ဟု ထည့်သွင်းခဲ့ကြသည်။

ထို့နောက် လူသားသည် မွေးဖွားစဉ်ကတည်းက တန်းတူညီမျှမှုရှိသည်ဟူသော အတွေးအခေါ်ထွန်းကား လာသည်။

၁၇ ရာစုတွင်အင်္ဂလိပ်တွေးခေါ်ပညာရှင် John Locke (၁၆၃၂ - ၁၇၀၄)က လူသားတို့၏အခြေခံရပိုင် ခွင့်ဖြစ်သည့် ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်နှင့် မြေယာပိုင် ဆိုင်ခွင့်တို့ကို အစိုးရတို့က အသိအမှတ်ပြု အာမခံချက် ပေးသင့်သည်ဟု ပြောဆိုလာခဲ့သည်။ ယင်းအယူအဆကို နောက်ပိုင်း တော်လှန်ရေးများတွင် ချေပချက်အဖြစ် သုံးစွဲခဲ့သည်။ ဗာဂျီးနီးယားလူ့အခွင့်အရေးကြေညာ စာတမ်း (၁၇၇၆) တွင် မသင့်တော်သည့် အစိုးရများကို ပြင်ဆင်ခွင့်၊ ဖြုတ်ချခွင့်ရှိသည်ဆိုသည်မှာ လူသားတို့၏ အခြေခံအခွင့်အရေးဖြစ်သည်ဟု ဂျော့ချ်မေဆင်က ထည့်သွင်းဖော်ပြခဲ့သည်။

သို့ရာတွင် ၁၇၂၅ ခုနှစ်တွင် Francis Hutcheson ဆိုသည့် အိုင်းရစ်တွေးခေါ်ပညာရှင်က သဘာဝအခွင့် အရေးရှိသကဲ့သို ကန့်သတ်အခွင့်အရေး (ဥပဒေအရခွင့် ပြုနိုင်သည့် အခွင့်အရေး) လည်းရှိသည်။ အများပြည်သူ အကျိုးစီးပွားကို ထိခိုက်စေနိုင်သော မည်သည့်အခွင့် အရေးကိုမျှ သဘာဝအခွင့်အရေးဟု အကြွင်းမဲ့ခံစားပိုင် ခွင့်၊ တောင်းဆိုပိုင်ခွင့်မရှိစေသင့်ဟုဆိုသည်။ ထို့ပြင် ၁၇၅၅ ခုနှစ်တွင်ရေးသားခဲ့သော သူ၏ A System of Moral Philosophy ဆိုသည့် စာအုပ်တွင် တွေးခေါ် ယုံကြည်ကိုးကွယ်မှုနှင့်ဆိုင်သည့် လွတ်လပ်ခွင့်ကို ထည့် သွင်း ဖော်ပြခဲ့သည်။ လူသားတစ်ဦးသည် ဘာသာတရား၊ ကျောင်းတော်တို့က မည်သို့ပင်ကန့်သတ်ထားစေကာမူ မိမိတစ်ကိုယ်တည်းတွေးခေါ်ယုံကြည်ခွင့်၊ ကိုးကွယ်ပိုင် ခွင့်ကို ပြုလုပ်ပိုင်ခွင့်ရှိသည်ဟုဆိုသည်။

လူသားသည် မွေးဖွားစဉ်ကတည်းက တန်းတူညီမျှမှု ရှိသည်ဆိုသည့် အတွေးအခေါ်မှတစ်ဆင့် ၁၉ ရာစု တွင် ကျွန်ပြုမှုကို ဆန့်ကျင်သော အတွေးအခေါ်များ ပေါ်ပေါက်လာကြသည်။ ဗြိတိသျှ အင်ပါယာတွင် ကျွန် ကုန်သွယ်မှုတားဆီးသည့် အက်ဥပဒေ (Slave Trade Act 1807) ကို ၁၈၀၇ တွင် ပြဋ္ဌာန်းနိုင်ခဲ့သည်။ ထို့နောက် ကျွန်ပြုမှုကို တိုက်ဖျက်ခြင်းအား ကျွန်ပြုမှုတိုက်ဖျက်ရေးအက်ဥပဒေ ၁၈၃၃ (Slavery Abolition Act 1833) အရ ဗြိတိသျှအလံတော်အောက် တွင်ရှိသော နိုင်ငံများတွင် ကျွန်စနစ်ပပျောက်ရေးကို တော်ဝင်ရေတပ်မတော်ကလည်းကောင်း၊ အခြား မိတ်ဖက်နိုင်ငံများတွင် ကျွန်စနစ်ပပျောက်ရန် နိုင်ငံ တကာစာချုပ်များချုပ်ဆိုခြင်းဖြင့်လည်းကောင်း လုပ် ဆောင်ခဲ့သည်။

၁၉ ရာစုအမေရိက ကျွန်စနစ်တော်လှန်ရေးကြီးဖြစ်လာ သည့်အခါ လူသားတို့သည် တန်းတူညီမျှမွေးဖွားလာ သည်။ လွတ်လပ်စွာရှင်သန်ခွင့် ဆိုသည်ကို အခြေခံ ဥပဒေအရခွင့်ပြုသင့်သော အခွင့်အရေးအဖြစ် ထည့် သွင်းသင့်သည်ဟု ပြောဆိုလာခဲ့ကြသည်။ ထို့နောက်တွင် ကမ္ဘာ့နေရာအနှံ့ကလေးအလုပ်သမား၊ အမျိုးသမီးအခွင့် အရေး လှုပ်ရှားမှုများ (အမျိုးသမီးများမဲပေးခွင့်ရရှိရေး လှုပ်ရှားမှု )၊ နိုင်ငံများတွင် လွတ်လပ်ရေး ကြိုးပမ်းမှုများ၊ ဖိနှိပ်ခံ လူနည်းစုအခွင့်အရေးကို တောင်းဆိုသည့် ပြည်သူ့အရေးလှုပ်ရှားမှုများ စသည်ပေါ်ပေါက်လာကြ သည်။ ၁၈၆၄ ဂျနီဗာကွန်ဗင်းရှင်းသည် နိုင်ငံတကာ လူ့သားဗဟိုပြုဥပဒေများပေါ်ပေါက်လာရေးအတွက် အုပ်မြစ်တစ်ခုဖြစ်သည်။

**နိုင်ငံပေါင်းချုပ်အသင်းကြီး**

ပထမကမ္ဘာစစ်ကြီးအပြီး ပျက်စီးဆုံးရှုံးခဲ့သည် သန်း နှင့်ချီသော အသက်များ၊ အိုးအိမ်စည်းစိမ်၊ တည်ငြိမ် အေးချမ်းမှုစသည်တို့ကြောင့် ကမ္ဘာကြီးတည်ငြိမ် အေးချမ်းရေးအတွက် လူ့အခွင့်အရေးကိုအလေးထားမှု များ လိုအပ်လာသည်ကို ကမ္ဘာ့ထိပ်သီးနိုင်ငံများသဘော ပေါက်လာကြသည်။ ပထမကမ္ဘာစစ်ပြေငြိမ်းသည့် ဗာဆိုင်းစာချုပ်ချုပ်ဆိုအပြီး နိုင်ငံပေါင်းချုပ်အသင်းကြီး (The League of Nation) ကို ၁၉၁၉ ခုနှစ်တွင် ထူထောင်ခဲ့သည်။ ကြီးကျယ်သော စစ်ပွဲကြီးများ ထပ်မံ ပေါ်ပေါက်မလာစေရန် ရည်ရွယ်ချက်ဖြင့် ထူထောင်ခဲ့ ခြင်းဖြစ်သော်လည်း ထိရောက်ခြင်းမရှိခဲ့ကြောင်းကို ဒုတိယကမ္ဘာစစ်ဖြစ်ပေါ်လာခြင်းက သက်သေပြခဲ့သည်။ ထို့ကြောင့် ၁၉၄၅ ခုနှစ်တွင် နိုင်ငံပေါင်းချုပ်အသင်းကြီး ကိုယ်စား ကုလသမဂ္ဂကိုဖွဲ့စည်းရန် မဟာမိတ်အဖွဲ့က ဆုံးဖြတ်အကောင်အထည်ဖော်ခဲ့သည်။ ကုလသမဂ္ဂ အဖွဲ့ကြီး ဖွဲ့စည်းပြီး ယင်း၏ ပဋိညာဉ်များ (Charter) ကို ရေးသား၍ အဖွဲ့ဝင်နိုင်ငံများက လက်မှတ်ရေးထိုး အတည်ပြုခဲ့သည်။ ယင်းပဋိညာဉ်တွင် ကုလသမဂ္ဂ၏ ရည်မှန်းချက်မှာ လူသားများအား စစ်ဘေးစစ်ဒဏ်တို့မှ အကာအကွယ်ပေးနိုင်ရေးအတွက် နိုင်ငံတကာ စီးပွား ရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် လူသားလက္ခဏာများ ကြောင့် အငြင်းပွားမှုများကို ဖြေရှင်းပေးရန်၊ ကျား/မ တန်းတူအခွင့်အရေးရရှိစေရန်၊ လူသား၏ ဂုဏ်သိက္ခာနှင့် အညီနေထိုင်နိုင်သည့် အခြေခံလူ့အခွင့် အရေးများကို လူမျိုး၊ လိင်၊ ဘာသာစကားနှင့် ကိုးကွယ် ယုံကြည်မှုမခွဲခြားဘဲ တန်းတူညီမျှ အကာအကွယ်ပေးရန် ဖြစ်သည်။ ထို့ပြင် အပိုဒ် (၅၅) တွင် ကုလသမဂ္ဂသည် (က) အဆင့်အတန်းမြင့်မားသော နေထိုင်မှု အဆင့် အတန်း၊ အလုပ်အကိုင်ရရှိရေး၊ လူမှုရေး၊ စီးပွားရေး တိုးတက်ဖွံ့ဖြိုးစေရန် (ခ) နိုင်ငံတကာ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် ဆက်စပ်နေသော ပြဿနာ များကို ဖြေရှင်းရန် (ဂ) နိုင်ငံတကာ ယဉ်ကျေးမှုနှင့် ပညာရေး ပူးပေါင်းလုပ်ဆောင်မှုတိုးမြှင့်ပေးရန် (ဃ) လူမျိုး၊ လိင်၊ ဘာသာစကား၊ ကိုးကွယ်ယုံကြည်မှုအပေါ် အခြေခံ၍ ခွဲခြားဆက်ဆံခံရခြင်းမှ ကင်းလွတ်၍ လူသားတို့၏ အခြေခံလူ့အခွင့်အရေးများ၊ လွတ်လပ်ခွင့် များရရှိစေရန် တိုးမြှင့်လုပ်ဆောင်ပေးမည်ဟု ဖော်ပြပါရှိ သည်။

**ဆက်လက်ဖော်ပြပါမည်။**

> ကုလသမဂ္ဂ၏ ရည်မှန်းချက်မှာ လူသားများအား စစ်ဘေးစစ်ဒဏ်တို့မှ အကာအကွယ်ပေးနိုင်ရေးအတွက် နိုင်ငံတကာ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် လူသား လက္ခဏာများကြောင့် အငြင်းပွားမှုများကို ဖြေရှင်းပေးရန်၊ ကျား/မ တန်းတူအခွင့်အရေးရရှိစေရန်၊ လူသား၏ ဂုဏ်သိက္ခာနှင့် အညီနေထိုင်နိုင်သည့် အခြေခံလူ့အခွင့်အရေး များကို လူမျိုး၊ လိင်၊ ဘာသာစကားနှင့် ကိုးကွယ်ယုံကြည်မှု မခွဲခြားဘဲ တန်းတူညီမျှ အကာအကွယ်ပေးရန် ဖြစ် . . .

# တစ်မူထူးခြားစွာ ရိုက်ကူးတင်ဆက်ထားသည့် "ည" ရုပ်ရှင်ဇာတ်ကားသစ် ရုံတင်ပြသ

ရန်ကုန် ဇူလိုင် ၂၈

**လူငယ်ဒါရိုက်တာ ထူးပိုင်ဇော်ဦး ရိုက်ကူးထားပြီး မျက်နှာသစ်သရုပ်ဆောင်တွေဖြစ်ကြတဲ့ ချမ်းမင်းရဲထွဋ်၊ အောင်ရဲထိုက်၊ ရပ်ဆဲလ်၊ ငြိမ်းသော်၊ နက်ရှိုင်းကို၊ နန်းထရေစီ၊ မိုးယသော်၊ မေဆူးမောင်၊ နန်းခေးမိုနဲ့ မြတ်နိုးအေးတို့ ပါဝင်သရုပ်ဆောင်ထားသော "ည"ရုပ်ရှင်ဇာတ်ကားသစ်ကို ဇူလိုင် ၂၈ ရက်က ရန်ကုန်မြို့အပါအဝင် အမြို့မြို့အနယ်နယ်ရှိ ရုပ်ရှင်ရုံကြီးများတွင် ရုံတင်ပြသခဲ့ပါတယ်။ ဇာတ်ကားတွင် ဒါရိုက်တာ၏ ဆန်းသစ်သော စိတ်ကူးဖန်တီးမှု၊ သရုပ်ဆောင်တွေရဲ့ ကြိုးစားအားထုတ်မှုနဲ့အတူ ဇာတ်လမ်းအလှည့်အပြောင်း လူငယ်တွေအချင်းချင်းစနောက်ရင်းကနေ မထင်မှတ်ဘဲဖြစ်သွားတဲ့ လူငယ်တစ်စု၊ ကားပေါ်မှာ အမှတ်မထင်မှားမိတဲ့အတွဲတစ်တွဲ၊ စိတ်ခံစားမှုတစ်ဖက်စွန်းရောက်နေတဲ့ ကောင်လေးနဲ့ကောင်မလေးတို့ရဲ့ ဆက်စပ်မှုတွေကို ပုံဖော်ဖန်တီးရိုက်ကူးထားတာဖြစ်ပြီး အဆိုပါဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားကြတဲ့ သရုပ်ဆောင်အချို့ရဲ့ စကားသံများကို ဖော်ပြပေးလိုက်ပါတယ်။**



သရုပ်ဆောင် မိုးယသော်



သရုပ်ဆောင် အောင်ရဲထိုက်



သရုပ်ဆောင် ငြိမ်းသော်

**သရုပ်ဆောင် မိုးယသော်**

ဒီကားထဲမှာ ညီမက ခပ်ဆိုးဆိုး ခပ်မာမာကောင်မလေးပေါ့။ ဘာကိုမှ သိပ်ဂရုမစိုက်တတ်တဲ့ပုံစံမျိုးနဲ့ သရုပ်ဆောင်ထားပါတယ်။ ဒီကားမှာ ထူးခြားမှုအနေနဲ့ကတော့ ဒါရိုက်တာရော၊ သရုပ်ဆောင်တွေရော မျက်နှာသစ်တွေချည်းပါပဲ။ ရိုက်ကူးမှုအပိုင်းအနေနဲ့ ထူးခြားဆန်းသစ်မှုတွေ ပါဝင်ပြီး သရုပ်ဆောင်တွေကိုလည်း တစ်နှစ်တိတိ ကြိုတင်လေ့ကျင့်ပြင်ဆင်မှုတွေပေးပါတယ်။ ကြည့်နေကျ ပုံစံမဟုတ်ဘဲ မြန်မာနိုင်ငံမှာ သိပ်ရိုက်လေ့မရှိတဲ့ Psycho Thriller ပုံစံမျိုးလေးပါ။ ညီမအနေနဲ့လည်း ဆက်လက်ပြီး သရုပ်ဆောင်အလုပ်ကို ဆက်လက်လုပ်ဆောင်သွားမှာပါ။ ညီမနဲ့လိုက်ဖက်မယ့် ဘယ်လိုဇာတ်ကောင် စရိုက်မျိုးပဲဖြစ်ဖြစ် ကမ်းလှမ်းလာရင် သရုပ်ဆောင်မှာပါ။ ပရိသတ်ကြီးကိုလည်း ဒီကားလေးကို လာရောက်ကြည့်ရှုကြပါလို့ ဖိတ်ခေါ်ချင်ပါတယ်။ လာရောက်ကြည့်ရှုမှလည်း ညီမတို့ ကြိုးစားရကျိုးနပ်ပြီး စိတ်ကျေနပ်မှုပေးနိုင်မယ့် ဇာတ်ကားလေးတစ်ကားလို့ ပြောချင်ပါတယ်။

**သရုပ်ဆောင် အောင်ရဲထိုက်**

ကျွန်တော်ပါဝင် သရုပ်ဆောင်ထားတဲ့ ကာရိုက်တာပိုင်းအနေနဲ့ ပိုက်ဆံကြောင့် ဘယ်သူ့ကိုမှ ပြန်မပြောရဲဘဲ အမြဲခေါင်းငုံ့ခံနေရတဲ့ ပေါ့ပေါ့နေပေါ့ပေါ့စား ချစ်သူကို အရမ်းချစ်တဲ့ကောင်လေးနေရာက သရုပ်ဆောင်ထားတာပါ။ ဇာတ်လမ်းထဲမှာလည်း april fool နေ့မှာ သူငယ်ချင်းအချင်းချင်း စရင်းနောက်ရင်းကနေ မထင်မှတ်ဘဲ ဖြစ်လာတဲ့ အကျိုးဆက်တွေရယ်၊ လူ့စိတ်သဘောကို ရိုက်ပြထားတဲ့ ပုံစံမျိုးတွေ ပါဝင်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီရုပ်ရှင်ကားကြီးရုံတင်ပြီးသွားရင်လည်း နောက်ထပ်ရုပ်ရှင်ကားတစ်ကားရိုက်ဖို့ အစီအစဉ်ရှိပါတယ်။ နောက်ပြီး ကြော်ငြာတွေ၊ MTV တွေလည်း ရိုက်ဖို့ရှိပါတယ်။ ဒီကားမှာ ဒါရိုက်တာ ထူးပိုင်ဇော်ဦးအပါအဝင် ကျွန်တော်တို့ သရုပ်ဆောင်သစ် ၁၀ ယောက်စလုံး အစွမ်းကုန်ကြိုးစားထားပါတယ်။ ဒီကားနဲ့ပတ်သက်ပြီးတော့ လက်ရှိ မြန်မာတစ်နိုင်ငံလုံးမှာ ရုံတင်ပြသနေပါပြီ။ ပရိသတ်တွေအနေနဲ့ လာရောက်ကြည့်ရှုအားပေးကြပါဦးလို့ ဖိတ်ခေါ်ချင်ပါတယ်။

**သရုပ်ဆောင် ငြိမ်းသော်**

ကျွန်တော်သရုပ်ဆောင်ထားတဲ့ အပိုင်းကတော့ သူငယ်ချင်းတွေကြားထဲမှာရော ကိုယ့်ရည်းစားကိုလည်း အကွက်ကျကျစီစဉ်ပြီး အရမ်းစနောက်တတ်တဲ့ ကောင်လေးတစ်ယောက်ပါ။ ဒီဇာတ်လမ်းမှာ ထူးခြားတဲ့ရိုက်ကွက်တွေ အများကြီးပါပါတယ်။ လူငယ်တွေကြားမှာ စိတ်ခံစားမှုတွေ ဘယ်လိုပြောင်းလဲသွားတယ်။ သူငယ်ချင်းအချင်းချင်းကို ဖြစ်ပျက်သွားတဲ့စိတ်တွေ တာဝန်ယူချင်တဲ့စိတ်တွေ မရှိကြဘူး။ တစ်ယောက်နဲ့တစ်ယောက် လွှဲချကြတယ်။ အဲလိုဖြစ်တတ်တဲ့သဘောကို message ပေးထားတာတွေလည်း ပါပါတယ်။ ဒီဇာတ်ကားထဲမှာ ကျွန်တော့်အနေနဲ့ အမှတ်တရကတော့ ပထမဆုံးရိုက်တဲ့အခန်းမှာ သုံးရက်လောက်ရိုက်ခဲ့ရပါတယ်။ ညဘက်ရိုက်တဲ့အခန်းတွေမှာလည်း ပစ်လှဲတဲ့အခန်းတွေဆို တစ်ညလုံး နှစ်ရက်လောက်ရိုက်ခဲ့ရပါတယ်။ ရှေ့ဆက်ပြီးတော့ အနုပညာအလုပ်တွေ ဆက်လုပ်သွားမှာပါ။ ရုပ်ရှင်ကားတစ်ကား ထပ်ရိုက်ဖို့လည်း ရှိပါတယ်။ ဗီဒီယိုကား၊ ကြော်ငြာ၊ မဂ္ဂဇင်း၊ MTV နဲ့ ရှိုးပွဲလျှောက်ဖို့တွေလည်း ရှိပါတယ်။ ဒီဇာတ်ကားနဲ့ ပတ်သက်ပြီး ပရိသတ်တွေ ပျင်းမသွားရဘဲ ကြည့်ရကျိုးနပ်မယ့် ဇာတ်ကားလေးဖြစ်အောင် ကြိုးစားထားတဲ့အတွက် လာရောက်ကြည့်ရှုအားပေးစေချင်ပါတယ်။



သတင်း- အေးမင်းသူ
ဓာတ်ပုံ- ပေါက်ကြီး



# ရုပ်ရှင်သစ်အတွက် စတန့်ပြကွက်တွေကို သရုပ်ဆောင်ခဲ့တဲ့ လီဂျွန်ဂီ

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်တဲ့ လီဂျွန်ဂီဟာ လတ်တလောမှာ သူ့ရဲ့ ရုပ်သံဇာတ်လမ်းတွဲသစ်ကို ရိုက်ကူးနေတာဖြစ်ပြီး ယင်းရုပ်ရှင်ဟာ တိုက်ခိုက်ရေးရုပ်ရှင်အမျိုးအစားဖြစ်တာကြောင့် ရုပ်ရှင်မှာ စတန့်ပြကွက်တွေပါဝင်နေရာ လီဂျွန်ဂီက ကိုယ်တိုင်သရုပ်ဆောင်ပေးခဲ့ကြောင်း အော့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။


လတ်တလောမှာ လီဂျွန်ဂီဟာ တောင်ကိုရီးယားရုပ်သံလိုင်းတစ်လိုင်းဖြစ်တဲ့ tvN မှ ရိုက်ကူးထုတ်လွှင့်သွားမယ့် ဇာတ်လမ်းတွဲရုပ်ရှင်သစ် "Criminal Minds" မှာ ခေါင်းဆောင်မင်းသားအဖြစ် ပါဝင်ထားတာဖြစ်ပြီး ယင်းရုပ်ရှင်မှာပါဝင်တဲ့ စတန့်ပြကွက်တစ်ကွက်ကို ရိုက်ကူးခဲ့ရာမှာတော့ လီဂျွန်ဂီဟာ အဆောက်အအုံတစ်ခုရဲ့ ခေါင်းမိုးထိပ်မှ ကိုယ်တိုင်ခုန်ချကာ သရုပ်ဆောင်ခဲ့ကြောင်းလည်း သိရပါတယ်။

လတ်တလောမှာ အသက် (၃၅)နှစ်အရွယ်ရှိပြီဖြစ်တဲ့ လီဂျွန်ဂီအနေနဲ့ ဒီလိုအမိုးပေါ်က ခုန်ချတဲ့အခန်းမှာ လူစားထိုးရိုက်ကူးခဲ့ခြင်းမပြုဘဲ ကိုယ်တိုင်သရုပ်ဆောင်ခဲ့တဲ့ ပုံရိပ်တွေကို ဗီဒီယိုရိုက်ကူးထားကာ ယင်းဗီဒီယိုဟာ လတ်တလောမှာတော့ အွန်လိုင်းမီဒီယာတွေအကြား ပျံ့နှံ့နေတာလည်း ဖြစ်ပါတယ်။ ယင်းဗီဒီယိုမှာတော့ လီဂျွန်ဂီဟာ ခေါင်မိုးပေါ်မှ ယုံကြည်မှုရှိရှိနဲ့ ခုန်ချခဲ့ပြီး အောက်မှာခံထားတဲ့ မွေ့ရာပေါ်ကို တည့်တည့်မတ်မတ် ပြုတ်ကျခဲ့တာကိုလည်း တွေ့ရပါတယ်။

အမေရိကန်ပြစ်မှုရုပ်ရှင် "Criminal Minds"ကို တောင်ကိုရီးယားနိုင်ငံမှာ ပြန်လည်ဆန်းသစ်ဖန်တီးထားတဲ့ ယင်းဇာတ်လမ်းတွဲရုပ်ရှင်ကိုတော့ ဒေသတွင်းမှာ ပြီးခဲ့တဲ့ ဇူလိုင် ၂၆ ရက်ကစတင်ပြီး စမ်းသပ်ထုတ်လွှင့်ပြသခဲ့တာဖြစ်ပါတယ်။ ယင်းရုပ်ရှင်မှာတော့ လီဂျွန်ကီဟာ လူဆိုးတစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ထားတာလည်းဖြစ်ပါတယ်။ "Criminal Minds" ဇာတ်လမ်းတွဲမှာပါဝင်ထားတဲ့ လီဂျွန်ဂီရဲ့ ဇာတ်ကောင်ဟာ ကမ်ဟွန်ဂျွန်လို့အမည်ရပြီး သူ့ရဲ့ ပုဂ္ဂိုလ်ရေးအချက်အလက်တွေကြောင့် လူဆိုးတစ်ဦးအဖြစ် အမြဲမှားယွင်းစွပ်စွဲခံရသူတစ်ဦးလည်း ဖြစ်ပါတယ်။ လီဂျွန်ဂီနဲ့အတူ အခြားသော တောင်ကိုရီးယားကြယ်ပွင့်တွေဖြစ်ကြတဲ့ ဆန်းဟွန်ဂျိူး၊ မွန်ချေဝန်၊ လီဆန်ဘင်းန်၊ ကမ်ရောင်ချိုတို့လည်း ပါဝင်ထားကြကြောင်း သိရပါတယ်။

အေးပြည့်-စုစည်းသည်

# ယခုနှစ်ရဲ့ MTV တေးဗီဒီယိုဆုပေးပွဲကို ကတ်တီပါရီ တင်ဆက်မည်



အမေရိကန်ရဲ့ တေးဂီတထူးချွန်ဆုပေးပွဲတွေအနက် ထင်ရှားတဲ့ ဆုပေးပွဲတစ်ခုဖြစ်တဲ့ MTV တေးဗီဒီယိုဆုပေးပွဲကြီးကို မကြာမီ ကျင်းပပေးသွားမှာဖြစ်ပြီး ယခုနှစ်အတွက် ရည်ရွယ်ပြုလုပ်တဲ့ အဆိုပါ ဆုပေးပွဲကြီးမှာတော့ အမေရိကန်ပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်တဲ့ ကတ်တီပါရီက အစီအစဉ်တင်ဆက်သူအဖြစ် ပါဝင်ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း အမ်တီဗီဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

လာမယ့် ဩဂုတ်လအတွင်း ကျင်းပသွားမယ့် ယင်းတေးဂီတထူးချွန်ဆုပေးပွဲကြီးမှာ "Fireworks" တေးသီချင်းရဲ့ တေးသံရှင် ကတ်တီပါရီက အစီအစဉ်တင်ဆက်သူအဖြစ် ပါဝင်ပေးသွားမှာဖြစ်တဲ့အပြင် ဖျော်ဖြေတင်ဆက်မယ့် ဂီတကြယ်ပွင့်တွေအနက်လည်း တစ်ယောက်အပါအဝင်ဖြစ်ကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်တယ်လို့ သိရပါတယ်။

ပေါ့ပ်ကြယ်ပွင့်က သူ့အနေနဲ့ ယခုလိုအစီအစဉ်တင်ဆက်သူအဖြစ် ပါဝင်သွားမှာဖြစ်ကြောင်းနဲ့ ပါဝင်ဖျော်ဖြေသွားမယ့်အကြောင်းကို လတ်တလောမှာ သူ့ရဲ့ လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။ ဒီလိုဖော်ပြရာမှာလည်း အမ်တီဗီရဲ့ အမှတ်အသားတစ်ခုဖြစ်တဲ့ လပေါ်ရောက်လူသားတစ်ဦးရဲ့ဝတ်စုံကိုဝတ်ဆင်ထားပြီး အာကာသထဲမှာ လွင့်မျောနေဟန်ရိုက်ကူးထားတဲ့ သူ့ရဲ့ဗီဒီယိုဖိုင်တစ်ခုကိုလည်း အတူဖော်ပြခဲ့တာတွေ့ရပါတယ်။ ဒ့ါအပြင် ကတ်တီပါရီက ဆုပေးပွဲကြီးကိုတော့ လာမယ့် ဩဂုတ် ၂၇ ရက်မှာ ကျင်းပသွားမှာဖြစ်ကြောင်းနဲ့ ယင်းနေ့မှာတော့ လပေါ်ကအမျိုးသမီးတစ်ဦးအဖြစ် သရုပ်ဆောင်သွားဖို့အတွက် လတ်တလောမှာတော့ ကမ္ဘာမြေကြီးရဲ့ ဆွဲအားနဲ့ ကင်းလွတ်နေတဲ့ဟန်ကို လေ့ကျင့်နေကြောင်းနဲ့ သူ့အနေနဲ့တော့ ဆုပေးပွဲအတွက် အဆင်သင့်ဖြစ်နေပြီဖြစ်တယ်လို့လည်း ရေးသားဖော်ပြခဲ့ပါတယ်။

လတ်တလောမှာ အသက် (၃၂)နှစ်အရွယ်ရှိပြီဖြစ်တဲ့ ကတ်တီပါရီဟာ ယခုနှစ်ရဲ့ MTV ဆုပေးပွဲကြီးမှာတော့ စုစုပေါင်း ဆုငါးဆုအတွက် အမည်စာရင်း တင်သွင်းဖော်ပြခြင်းခံထားရတာ ဖြစ်ပါတယ်။ ကတ်တီပါရီဟာ ယခုနှစ်ရဲ့ ဆုဆန်ခါတင်စာရင်းမှာ သူ့ရဲ့ နောက်ဆုံးထွက်ရှိထားတဲ့ တေးအယ်လ်ဘမ်မှာ ပါဝင်တဲ့တေးသီချင်းတွေဖြစ်ကြတဲ့ "Chained to the Rhythm"၊ "Bon Appetit" နဲ့ "Feels" တို့အတွက် ပါဝင်ခွင့်ရခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

ကတ်တီပါရီအနေနဲ့ တေးဗီဒီယိုဆုပေးပွဲတစ်ခုမှာ အစီအစဉ်တင်ဆက်သူအဖြစ် ပါဝင်လုပ်ဆောင်တာဟာ လာမယ့် MTV တေးဗီဒီယိုဆုပေးပွဲမှာမှ ပထမဆုံးအကြိမ် ဖြစ်လာမှာဖြစ်ကြောင်းလည်း သိရပါတယ်။

# ပြင်းထန်အဆုပ်ရောင်ရောဂါ A(H1N1)နှင့်ပတ်သက်သည့် အရေးပေါ်အစည်းအဝေး တိုင်းဒေသကြီးဝန်ကြီးချုပ်တက်ရောက်

**ပဲခူး ဇူလိုင် ၂၈**
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ ဇူလိုင် ၂၇ရက် မွန်းလွဲ ၂ နာရီခွဲက ပြင်းထန်အဆုပ်ရောင်ရောဂါA(H1N1)နှင့်ပတ်သက်သည့် အရေးပေါ်အစည်းအဝေးကျင်းပခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက မကြာမီကာလမှ ဖြစ်ပေါ်ခဲ့သည့် A(H1N1)ရောဂါပိုးသည် ပြည်နယ်/တိုင်းဒေသကြီးအချို့တွင် ဖြစ်ပွားခဲ့ကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းမှာလည်း ဖြစ်ပွားနေကြောင်း၊ ရောဂါဖြစ်ပွားမှုများနှင့်ပတ်သက်၍ မဖြစ်ပွားသေးသည့်ဒေသများ၊ မြို့များသို့ ပြန့်ပွားမှုမရှိစေရန်၊ ဖြစ်ပွားရာဒေသများကိုလည်း ထိန်းချုပ်ကာကွယ်သွားမည့် နည်းလမ်းများ၊ ရောဂါဖြစ်ပွားခဲ့သည့် ကျန်ရှိသူမိသားစုများကို စောင့်ကြည့်ခြင်းစသည့် ဆောင်ရွက်ချက်များကို အဖွဲ့စနစ်ဖြင့် ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်းနှင့် ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနတို့မှ လိုအပ်သည်များကို တင်ပြပေးရန် ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာသီဟကရာသီအလိုက် ဖြစ်ပွားတတ်သည့် ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးအဖွဲ့ ဖွဲ့စည်းထားရှိပြီး အရေးပေါ်ဌာနလည်း မြို့နယ်ဆေးရုံများ၊ ကျန်းမာရေးဌာနများတွင် ထားရှိပြီးဖြစ်ပါကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း ရောဂါစတင်ဖြစ်ပွားမှု အခြေအနေမှာ ရာသီအလိုက် တုပ်ကွေးရောဂါဖြစ်ပွားသူ ခြောက်ဦးရှိပြီး လေးဦးမှာ A(H1N1) ရောဂါဖြစ်ပွားသည့် ဆေးစစ်ချက်ရရှိခဲ့ကြောင်း၊ ပဲခူးမြို့နယ်မှ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက် ကုသနေစဉ် တစ်ဦးသေဆုံးခဲ့ပါကြောင်း၊ ပဲခူးအထွေထွေရောဂါကုဆေးရုံတွင် A(H1N1) ဆေးစစ်ချက် အတည်ပြုပြီးသူတစ်ဦး တက်ရောက်ကုသနေပြီး သီးသန့်ဆောင်တွင် အထူးကြပ်မတ်၍ ကျန်းမာရေး စောင့်ရှောက်မှု ပေးထားပါကြောင်း၊ အဓိကအားဖြင့် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိကြောင်း၊ A(H1N1) ရောဂါသည် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်ဖြစ်ပွားနိုင်ခြင်းကြောင့် လူတစ်ဦးတွင် တုပ်ကွေးရောဂါဖြစ်ပွားသည်ဟု သံသယရှိပါက နီးစပ်ရာကျန်းမာရေးဌာနနှင့် ဆက်သွယ်ဆောင်ရွက်သွားသင့်ကြောင်းနှင့် နှာချေတိုင်း၊ ချောင်းဆိုးတိုင်း လက်ကိုင်ပဝါဖြင့် အသုံးပြုရန်နှင့် လက်ကိုစင်ကြယ်အောင် ဆေးကြောသင့်ကြောင်း တင်ပြဆွေးနွေးခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် ဝန်ကြီးများက ပတ်ဝန်းကျင်သန့်ရှင်းရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် အမှိုက်စွန့်ပစ်စနစ်တို့သည် အရေးကြီးပါကြောင်း၊ အသက်ရှင်နေထိုင်ရေးသည် လူ့အခွင့်အရေး၏ အမြင့်ဆုံးလိုအပ်ချက်ဖြစ်ပါကြောင်း၊ တိရစ္ဆာန်မှတစ်ဆင့် လူသို့ ရောဂါကူးစက်မှု မကျရောက်စေရန် မွေးမြူရေးခြံများ၊ ငါးကန်များအား စနစ်တကျ စိစစ်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း တင်ပြဆွေးနွေးခဲ့သည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ထူးမောင်က မိမိတို့ဌာနအနေဖြင့် ခရိုင်/ မြို့နယ်/ ရပ်ကွက်ကျေးရွာများအထိ ပြည်သူ့ကျန်းမာရေး အသိပညာပေးခြင်း၊ ကြိုတင်ကာကွယ်ရေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ လူမှုရေးပရဟိတအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြဆွေးနွေးခဲ့သည်။

ဝန်ကြီးချုပ်က နိဂုံးချုပ် အမှာစကားပြောကြားရာတွင် A(H1N1)ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်ပြီး သတင်းအချက်အလက် တိကျမြန်ဆန်ရန်၊ ကုသရေးအပိုင်းအတွက် လိုအပ်ချက်များကိုလည်း အချိန်နှင့် တစ်ပြေးညီတင်ပြပေးရန်၊ မိမိတို့အစိုးရအဖွဲ့ကလည်း ပံ့ပိုးကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် လိုအပ်ပါက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့်လည်း ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသို့ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**



# ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆွေးနွေးပြီး ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးကြေးရုပ်တု ကြည့်ရှု

**တနင်္သာရီ ဇူလိုင် ၂၈**
တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်အဆင့်ဌာနဆိုင်ရာများလိုက်လျက် တနင်္သာရီမြို့နယ် တနင်္သာရီခန်းမ၌ ဇူလိုင်၂၇ ရက် မွန်းလွဲ ၂ နာရီခွဲက မြို့နယ်ဌာနဆိုင်ရာများ၊ ဒေသခံများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ သဘာဝရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ တွေ့ဆုံဆွေးနွေးခဲ့သည်။

ဝန်ကြီးချုပ်က သဘာဝဘေးဆိုတာ မည်သို့မျှကြိုတင်ခန့်မှန်းမျှော်မှန်း၍မရသဖြင့် ကြိုတင်ပြီး သတိရှိစွာနေရမည်ဖြစ်ကြောင်း၊ ရပ်မိရပ်ဖများက ပိုမိုသိရှိမည်ဖြစ်၍ ပျက်စီးဆုံးရှုံးမှု နည်းနိုင်သမျှ နည်းအောင်ဆောင်ရွက်ထားရှိဖို့ လိုအပ်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းမင်းနိုင်က သဘာဝမြစ်ရေကြီးမှုမှတ်တမ်းများနှင့်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ရေထိန်းတံခါးခိုင်ခံ့ မှုအားနည်းနေကြောင်း၊ မြို့နယ်အတွင်းမြေနိမ့်ပိုင်းရှိ ကျေးရွာ ခြောက်ရွာတို့မှ စာသင်ကျောင်းများအခြေအနေနှင့် ရေဘေးကယ်ဆယ်ရေးအထောက်အကူပြုပစ္စည်းများ ကြိုတင်ပံ့ပိုးပေးနိုင်မှုအခြေအနေ၊ မိုးစပါးများရေနစ်မြုပ်မှုအခြေအနေ၊ မော်တောင်မြို့ သဘာဝရေသန့်ဖြန့်ဝေပေးနိုင်ရေးကိစ္စများကို တင်ပြဆွေးနွေးသည်။

ဆက်လက်၍ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများက ရေထိန်းတံခါးခိုင်ခံ့ရေး၊ မြို့တွင်းရေပေးဝေရေးအတွက် အောက်ကင်းမြေသားလမ်းပြိုကျမှုကြောင့် ရေပိုက်ကွဲ၍ မြို့တွင်းနေပြည်သူများအတွက် သောက်ရေ/သုံးရေအခက်အခဲကြုံတွေ့နေရ၍ ကူညီပေးစေလိုကြောင်း တင်ပြဆွေးနွေးခဲ့ကြသည်။

တင်ပြဆွေးနွေးမှုများနှင့်ပတ်သက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တနင်္သာရီမြို့တည်နန်းတည်မော်ကွန်းဝင်မအောင်သာ နတ်နန်းနှင့်မြို့တွင်းလမ်းများအတိုင်း မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှု၍ နှစ်(၇၀) ပြည့်အာဇာနည်နေ့တွင် ဖွင့်လှစ်ခဲ့သည့်ဗိုလ်ချုပ်အောင်ဆန်းမြင်းစီးကြေးရုပ်တုကို ကြည့်ရှုခဲ့ကြောင်း သိရသည်။ **နန်းသာရီ-ထိန်ဝင်း(ပြန်ဆက်)**

# အသေးစားအရင်းအနှီးချေးငွေ၊ လယ်ယာမြေအဆင့်မြှင့်တင်ရေး ချေးငွေနှင့် လယ်ယာသုံးစက်ကိရိယာများပေးအပ်

**ပုသိမ် ဇူလိုင် ၂၈**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြို့တော်ခန်းမ၌ ဇူလိုင် ၂၈ နံနက် ၉ နာရီက ကျင်းပသည့် စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းများသို့ အသေးစားအရင်းအနှီးချေးငွေ၊လယ်ယာမြေအဆင့်မြှင့်တင်ခြင်းအတွက် ချေးငွေနှင့်လယ်ယာသုံးစက်ကိရိယာများပေးအပ်ပွဲကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် လွှတ်တော်ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌနှင့် တရားသူကြီးချုပ်၊ ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ သမဝါယမဦးစီးဌာန အသင်းစုချုပ်၊ မြို့နယ်သမအသင်းစုတို့မှ တာဝန်ရှိသူများ စုစုပေါင်း ၅၉၄ ဦး တက်ရောက်ကြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် မန်းဂျော်နီက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး မွေးမြူရေးသယံဇာတနှင့် ပတ်ဝန်းကျင်ထိမ်းသိမ်းရေးဝန်ကြီး ဦးဘဟိန်းက လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ အကျိုးသက်ရောက်မှုများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။



အခမ်းအနားသို့ တက်ရောက်လာကြသည့်ခရိုင်နှင့်မြို့နယ်များမှတာဝန်ရှိသူများအား အသေးစားချေးငွေများကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် လွှတ်တော်ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများကပေးအပ်ခဲ့ကြပြီး ဧရာဝတီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ စောအင်ဒရူးပန်းက လယ်ယာသုံးစက်ကိရိယာများပေးအပ်ရာ အသင်းဝင်တစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။ပုသိမ်မြို့တော်ခန်းမရှေ့၌ ကုမ္ပဏီများမှခင်းကျင်း ပြသထားသည့် လယ်ယာသုံးစက်ကိရိယာများကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **မြင့်ဟန်**(iprd)

# စွန့်ပစ်အမှိုက်များတွင် အသုံးပြုပြီးဆေးထိုးပိုက်နှင့် အပ်များ ပါဝင်နေခြင်းကိုသုံးသပ်ဝေဖန်မှုများရှိနေ

**ရေတာရှည် ဇူလိုင် ၂၈**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ကော်မတီဝင်များသည် ဆွာမြို့တောင်ဘက်အဝင် ဆိုင်းဘုတ် အနီးဝန်းကျင်တွင် မြို့တွင်းမှလာရောက်စွန့်ပစ်ထားသော အမှိုက်သရိုက်များကို စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြရာတွင် ဆေးရုံ၊ ဆေးခန်းများမှ အသုံးပြုပြီး ဆေးထိုးပိုက်နှင့် ဆေးထိုးအပ်များကိုတွေ့ရှိခဲ့ကြရာ လမ်းသွားလမ်းလာနှင့် ဒေသခံတောင်သူများက သုံးသပ်ဝေဖန်ပြောဆိုမှုများရှိနေကြောင်း သိရသည်။

"ဆေးရုံကပဲဖြစ်ဖြစ်၊ အပြင်ဆေးခန်းတွေကပဲဖြစ်ဖြစ် ရောဂါအမျိုးမျိုးကုသမှုမှာ အသုံးပြုခဲ့တဲ့ အခုလို ဆေးထိုးပိုက်နဲ့ ဆေးထိုးအပ်တွေကို စည်းမဲ့ကမ်းမဲ့မစွန့်ပစ်သင့်ပါဘူး။ စနစ်တကျ မီးရှို့ဖျက်ဆီးသင့်ပါတယ်။ လာရောက်စွန့်ပစ်တဲ့နေရာက အများသူငှာသွားလာနေတဲ့ ကားလမ်းဘေးဖြစ်သလို အနီးဝန်းကျင်မှာလည်း တောင်သူတွေ လယ်စိုက်နေကြတာဆိုတော့ ရေစီးရေလာနဲ့ မျောပါသွားရင် အားလုံးဒုက္ခရောက်နိုင်ပါတယ်"ဟု ဆွာမြို့ခံများက သုံးသပ်ပြောကြားမှုများရှိနေသည်။

**ကိုလွင်(ဆွာ)**

# မြို့နယ်အဆင့် သန်းခေါင်စာရင်း အချက်အလက်များ အသိပညာပေး အလုပ်ရုံဆွေးနွေး

**ကျောက်တန်း ဇူလိုင် ၂၈**
ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် အနောက်ပိုင်းရပ်ကွက် ရွှေမှော်ဝန်း သာသနာ့ဗိမာန်၌ မြို့နယ်အဆင့်သန်းခေါင်စာရင်းအချက်အလက်များ ပညာပေးခြင်းလုပ်ငန်း အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၂၇ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟန်ဝင်းထူးက အမှာစကားပြောကြားခဲ့သည်။ ထို့နောက် ခရိုင်သန်းခေါင်စာရင်းကြီးကြပ်မှု ကော်မတီအတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တောင်ပိုင်းခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးတိုးလင်းက သန်းခေါင်စာရင်းနှင့် ပတ်သက်သည့်အချက်အလက်များအား ရှင်းလင်းပြောကြားခဲ့ကြောင်းသိရသည်။

**အောင်ဆွေ(ရွှေတံတား)**

# ရေစီးရေလာကောင်းမွန်ရေးနှင့်ခြင်ခိုအောင်းနိုင်သည့် ချုံနွယ်များ ရှင်းလင်းသင့်

**ဥဿာမြို့သစ် ဇူလိုင် ၂၈**
ပဲခူးမြို့၏မြို့ပေါ်ရပ်ကွက်များအနက်အနောက်ဘက် ဥဿာမြို့သစ်အတွင်းရှိ ရပ်ကွက်(၁)မှ(၉) ကျွန်းသာယာ၊ မဇင်၊ အိုးလေးစု စသည့်ရပ်ကွက်များ၌ မိုးရာသီသွေးလွန်တုပ်ကွေးရောဂါနှင့် အခြားကူးစက်ရောဂါများ မဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်သည့်ခြင်ဆေးများ ရပ်ကွက်အတွင်းလိုက်လံပက်ဖျန်းခြင်း၊ ခြင်ခိုအောင်းနိုင်သော ချုံနွယ်အပင်ပေါင်းစုံနှင့် ရေမြောင်းတို့အား ဖော်ယူရှင်းလင်းခြင်းစသည့်တို့ကို သက်ဆိုင်ရာမှ ဆောင်ရွက်ပေးနိုင်ရေး ဒေသခံများမျှော်လင့်နေကြောင်း သိရသည်။

"မြို့ပေါ်ရပ်ကွက်ဖြစ်တဲ့ ကျွန်းသာယာရပ်ကွက်ထဲမှာဆို ရေလောင်းအိမ်သာတွေမရှိကြဘူး။ အမှိုက်တွေကလည်း ကြုံသလိုပစ်နေကြတဲ့ လမ်းတွေရှိတယ်။ မြောင်းမလုပ်ထားကြပါဘူး။ ဥဿာမြို့သစ်ထဲမှာဆိုရင်လည်း ချုံနွယ်အပင်ပေါင်းစုံကြီးထွားနေကြတယ်။ ဒီတော့ ခြင်တွေခိုအောင်းပေါက်ပွားပြီး ကျန်မာရေးအတွက် စိုးရိမ်နေရပါတယ်"ဟု ယင်းရပ်ကွက်ဒေသခံများမှ ပြောသည်။ **(၅၈၇)**

4TV Vol.2 No-29

# 4TV ၏ တစ်ပတ်စာ ကြည့်စရာ အစီအစဉ်ကောင်းများ
## (၂၉ - ၇ - ၂၀၁၇ မှ ၄ - ၈ - ၂၀၁၇ အထိ)

အပတ်စဉ် စနေနေ့တိုင်း TV Guide မှ စီစဉ်ထုတ်ဝေသည်။

4TV HD Receiver ကို ဝယ်ယူတပ်ဆင်ချင်တယ်ဆိုရင် 01- 230 6166 ကို ဖုန်းဆက် ...
01-230 6166










## fyi, Food Porn Season 2

ဇူလိုင် ၂၉ စနေနေ့ ညနေ ၄ နာရီ ၃၉ မိနစ်

## ANIMAL PLANET — DAVID ATTENBOROUGH'S wildCITY

ဇူလိုင် ၃၁ တနင်္လာနေ့ ည ၇ နာရီ မိနစ် ၃၀






## Discovery CHANNEL — What Could Possibly Go Wrong?

ဩဂုတ် ၂ ဗုဒ္ဓဟူးနေ့ ည ၈ နာရီ ၂၅ မိနစ်





## 5 SERIES

ကမ္ဘာချောက်ချားအတွဲ(၄)



## NAT GEO WILD HD — Dr. K's Exotic Animal ER S2







## 5 MOVIES

The Salvation

2-8-2017 (8:05) PM

## 5 ကာတွန်း

Norm Of The North

29.7.17 (Sat) 8:00 AM



4tv Facebook page www.facebook.com/4tvmyanmar ကို လိုက်လုပ်ထားခြင်းဖြင့် 4tv အစီအစဉ်ကောင်းများကို စဉ်ဆက်မပြတ် သိရှိနိုင်ပါသည်။

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန
# အောင်ဘာလေသိန်းဆုဌာနခွဲ
# ကြေညာချက်
## (၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်)

၁။ ၂၀၁၇ခုနှစ်၊ ဩဂုတ်လ ၁ရက်တွင် ကျင်းပမည့်(၅)ကြိမ်မြောက် ကျပ်၅၀၀တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် “က”အက္ခရာမှ “အ” အက္ခရာ၊ “ကက” အက္ခရာမှ “ကထ” အက္ခရာထိ စုစုပေါင်း အက္ခရာလုံးရေ (၅၀)၊ ထီစာအုပ်ပေါင်း (၄၀၉၀၉၀၀)အုပ်အား ရောင်းချခဲ့ပါသည်။

၂။ ထီစာအုပ်(၁၄၁၂၅၀)အုပ်မှာ ရောင်းမကုန်ထီလက်မှတ်များဖြစ်ပေါ်ခဲ့သဖြင့် အဆိုပါရောင်းမကုန်ထီလက်မှတ်စာရင်းအား ၂၀၁၇ခုနှစ်၊ ဇူလိုင်လ ၂၈ရက်တွင် ကြေညာခဲ့ပြီးဖြစ်ပါသည်။

၃။ (၅)ကြိမ်မြောက် ကျပ် ၅၀၀ တန်အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ရောင်းချသည့် အက္ခရာမှာ (၄၈. ၂၇)လုံး၊ ထီစာအုပ်ပေါင်း (၃၉၄၉၆၅၀) အုပ်ဖြစ်ပြီး ထီလက်မှတ်စောင်ရေပေါင်း (၄၃၄၄၆၁၅၀)စောင် ဖြစ်ပါသည်။

၄။ ထီလက်မှတ်စာအုပ်ရောင်းရငွေပေါင်းမှာ ကျပ်သန်းပေါင်း(၁၉၇၄၈. ၂၅)ဖြစ်ပြီး၊ ၆၀%ထီဆုငွေအဖြစ် ခွဲဝေပေးမည့် ငွေပေါင်းမှာ ကျပ်သန်းပေါင်း (၁၁၈၄၈. ၉၅) ဖြစ်ပါသည်။

၅။ ထီဆုငွေများကို အောက်ပါအတိုင်း ခွဲဝေချီးမြှင့်ပေးသွားမည်ဖြစ်ပါသည်-

အထူးဆုကြီးစနစ်မှ ကျပ်သိန်းတစ်သောင်း(၁)ဆု၊ ကျပ်သိန်းငါးထောင်(၂)ဆု၊ ကျပ်သိန်းသုံးထောင်(၄)ဆု၊ ကျပ်သိန်းတစ်ထောင်(၈)ဆုနှင့် ဆုတစ်ဆုချင်းစနစ်မှ ကျပ်သိန်းငါးရာ၊ ကျပ်သိန်းသုံးရာ ၊ ကျပ်သိန်းတစ်ရာ၊ ကျပ်သိန်းငါးဆယ်၊ ကျပ်သိန်းသုံးဆယ်နှင့် ဝေဝေဆာဆာပဒေသာဆုမဲများဖြစ်သည့် ကျပ်(၃)သိန်း၊ ကျပ်(၂)သိန်း၊ ကျပ်(၁)သိန်းနှင့် ကျပ်ငါးသောင်းဆုမဲများကို ဖွင့်လှစ်ပေးသွားပါမည်။

၆။ ထီဖွင့်ပွဲတွင် ဆုကြီးစနစ်နှင့် ဆုတစ်ဆုချင်းစနစ်မှ ရောင်းမကုန်ထီလက်မှတ်နံပါတ်ပေါ်ထွက်လာပါက ပြန်လည်ဖွင့်လှစ်ပေးမည်ဖြစ်ပြီး၊ ဝေဝေဆာဆာဆုမဲစနစ်တွင် ရောင်းမကုန်ထီလက်မှတ်နံပါတ်မှ ဆုမဲပေါ်ထွက်လာပါက အဆိုပါဆုတန်ဖိုးများအား စုပေါင်းပြီး အခြားသင့်လျော်သော ဆုမဲများအား အစားထိုးပြန်လည်ဖွင့်လှစ်ပေးပါမည်။


၇။ (၅)ကြိမ်မြောက် ကျပ်၅၀၀တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို ၁-၈-၂၀၁၇ရက် (အင်္ဂါနေ့) နံနက်စနာရီတွင် အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် ၃၇လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ ထီဖွင့်ပွဲခန်းမ၌ ကျင်းပပေးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**အောင်ဘာလေသိန်းဆုဌာနခွဲ**















သစ် တော နဲ့ သစ် ပင် ချစ် ခင် တဲ့ လူ မျိုး သစ် ပင် ကို နှစ် စဉ် စိုက် ရွှေ တိုက် ကို စိုး

ကြော်ငြာ


နိုင်ငံတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုထောက်ခံသောအားဖြင့်
ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူး၍
MRTV, FOREVER GROUP နှင့် ရွှေသံလွင်မီဒီယာ SKYNET တို့မှ ပူးပေါင်းတင်ဆက်သည့်

ငြိမ်းချမ်းရေး ဂီတပွဲတော် ၂၀၁၇

Peace Music Festival 2017 Level-1 LASHIO
@peacemusicfestival

LIVE on MRTV

Stage Rehearsal
Level 1 Live

mitv MRTV-4 Channel 7 myanmar



သဲနုံးရာသီ ပွဲဒါန်

မီဘအမည်မှန်

**CNG TAXI ငှားမည်**

နံနက် ၆ ည ၈ နာရီ
စပေါ်(သုံးသိမ်း)၊ အုံနာခ ၁၃၀၀၀ိ/-
ပုဇွန်တောင်မြို့နယ်
**ဖုန်း-၀၉-၉၆၅၅၀၃၁၄၁**


**သမိုင်းဝင်ဖောင်တော်ချက်မစေတီတော်မြတ်ကြီးဂေါပကအဖွဲ့၊**
**နေပြည်တော်၊ လယ်ဝေးမြို့ အသိပေးနှိုးဆော်ခြင်း**

၁။ နေပြည်တော်၊ လယ်ဝေးမြို့၊ သမိုင်းဝင် ဖောင်တော်ချက်မစေတီတော်မြတ်ကြီး၏ မဂ်လာကန်တော်မြောက်ဘက် မြေထိန်းနံရံ(၁၆၂)ပေနှင့် တောင်ဘက်မြေထိန်းနံရံ (၂၃၇)ပေတို့မှာ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပြိုကျပျက်စီးသွားခဲ့ရပါသည်။

၂။ ပြိုကျပျက်စီးသွားသော မဂ်လာကန်တော်မြေထိန်းနံရံများအား ပြန်လည်ပြုပြင်မွမ်းမံရန် အတွက် စေတနာရှင်၊ အလှူရှင် လုပ်သားပြည်သူများအနေဖြင့် ကျောက်စီနံရံ ၁ ပေလျှင် (၆၀၀၀၀ိ/-) (ကျပ်ခြောက်သောင်း) နှုန်းဖြင့် စေတနာသဒ္ဓါတရားစွမ်းအားရှိသမျှ ထည့်ဝင်လှူဒါန်းကြပါရန် အသိပေးနှိုးဆော်ကြေညာအပ်ပါသည်။

၃။ အလှူတော်ငွေများကို နေပြည်တော်လယ်ဝေးမြို့၊ ဖောင်တော်ချက်မစေတီတော်မြတ်ကြီး၏ ဂေါပက ရုံးခန်းတွင် ဖြစ်စေ၊ လယ်ဝေးမြို့ ရောဝတီဘဏ်၊ ဦးသန်းအေး၊ ဦးလှဝင်း၊ ဦးညဏ်ထွန်း၊ အကောင့်နံပါတ် (၀၁၀၃၂၂၄၀၁၀၀၀၀၇၀၃) သို့ဖြစ်စေ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း ထပ်လောင်းနှိုးဆော်ကြေညာအပ်ပါသည်။

**ဖောင်တော်ချက်မ စေတီတော်မြတ်ကြီး**
**ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့**
**ဖုန်း(၀၆၇-၃၀၈၅၀)**


GLOBAL PHOENIX
အိမ်ခြံမြေ အကျိုးဆောင်
အဆင့်မြင့် လုံးချင်းအိမ်များ၊ ကွန်ဒိုခန်းများကို ငှားလိုသော နိုင်ငံခြားသား ဧည့်သည်များ ရှိနေပါသဖြင့် အိမ်ပိုင်ရှင်များ အမြန်ဆုံး ဆက်သွယ်ပေးပါ။
09-260 2600 29 / 59


**အခြေခံယာဉ်မောင်းသင်တန်း**

ကုန်းလမ်းပို့ဆောင်ရေး၊ အခြေစိုက်အလုပ်ရုံ အမှတ်(၂)၊ မြောက်ဒဂုံမှ ဖွင့်လှစ်သော အခြေခံယာဉ်မောင်း သင်တန်းများကို လစဉ် လဆန်းရက်တိုင်း ပုံမှန်ဖွင့်လှစ်လျက်ရှိပါသည်။ (Auto နှင့် Manual) နှစ်မျိုးလုံး သင်ကြားပေးပါသည်။

ဩဂုတ်လ ရုံးဖွင့်ရက်သင်တန်း (၁-၈-၂၀၁၇) ရက် ဖွင့်မည်။
ဩဂုတ်လ ရုံးပိတ်ရက်သင်တန်း (၅-၈-၂၀၁၇) ရက် ဖွင့်မည်။
ဆက်သွယ်ရန်ဖုန်း - ၀၉ ၄၅၁၁၆၉၈၂၀၊ ၀၉- ၂၅၂၂၅၇၇၀၉
လိပ်စာ - (၁- ၉) ၊ မြဝတီမင်းကြီးလမ်း၊ (၅၁)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်။ YBS ၁၂ ဂိတ်အနီး။

နယ်မှသင်တန်းသားများ အဆောင် အခမဲ့ စီစဉ်ပေးမည်။
(လူဦးရေကန့်သတ်ထားသည်။)


နန်းထိုက်အောင်
09 3128 2593
09 3128 2594
09 3128 2595

"Better English For a Smarter Life"
ဦးရဲကျော်လတ်
M.A(UFL),MBA(UTTC)
APPLIED GRAMMAR & SPOKEN ENGLISH
SPECIAL ENGLISH COURSES
Basic 4 Skills
Intermediate 4 Skills
Advanced 4 Skills
August
09-73175231, 09-5057138

PUN HLAING SILOAM HOSPITALS
မြန်မာနိုင်ငံနှင့်စင်ကာပူနိုင်ငံမှဆရာဝန်ကြီးများပူးပေါင်းကုသမှု
"နိုင်ငံခြားသို့သွားရောက်ကုသရန် မလိုတော့ပါ"
facebook
Pun Hlaing Siloam Hospitals
အရိုးရောဂါဆိုင်ရာစစ်ဆေးကုသမှုအမျိုးမျိုးတို့ကို
- မှန်ပြောင်းအသုံးပြု၍ ဒူးဆစ်အတွင်းရောဂါရှာဖွေကုသခြင်း (Arthroscopy)
- အရိုးအကြော၊ တင်ပါးဆုံဆစ်နှင့်ဒူးဆစ်ပိုင်းဆိုင်ရာအစားထိုးခွဲစိတ်ကုသခြင်း
- Ilizarov နည်းပညာသစ်ဖြင့် အရိုးရှည်အောင်ခွဲစိတ်ကုသခြင်း
- အခြားအရိုးရောဂါများကိုကုသခြင်း
ဩဂုတ်လ | ၅ | ရက်နေ့မှ | ၉ | ရက်နေ့အထိ
ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၃၆၈၄ ၃၂၃၊ ၃၆၈၄ ၃၂၅၊ ၃၆၈၄ ၃၃၆၊ (၀၉) ၄၂၀ ၀၄၂ ၆၇၉၊ (၀၉) ၂၅၄ ၉၅၀ ၈၀၇ / မန္တလေး (၀၉) ၄၃၂ ၀၇၇၈၀
www.punhlaingsiloamhospitals.com

Certificate ရ
(USA-2012) နှင့် Certificate ရ
Certificate ရ
Certificate ရ
ဖျံ-၅-ကောင်
သွေးချို-ဆီးချိုကျဆေးနှင့်
သွေးတိုးကျဆေး
ဒေါက်တာနှင်းမြင့်အောင်(ဝိသမ်း) Ph.D (Alternative Medicines)

မှန်ချီ
Ph.D(Alternative Medicine) (India)
☎ ၀၁-၃၈၃၄၆၅၁၃၇၅၀၃၃၃၈၇၄၃


**အများသိစေရန် ကြေညာခြင်း**

Strand Condominium
Ph : ၀၉-၇၃၀၇၁၃၄၄၁၊ ၀၉-၄၃၀၈၆၁၀၄၁၊ ၀၉- ၂၅၄၂၀၂၂၂


ထိပ်တန်း
အခြေခံ စက်ပြင်ယာဉ်မောင်းသင်တန်း
Manual/Auto


ကန့်ကွက်နိုင်ကြောင်းကြော်ငြာ


SONY
SONY MID YEAR PROMOTION
21st JULY- 31st AUGUST, 2017
LATEST PRODUCTS
GREAT BIG SALE
SPECIAL PRICE
SPECIAL ITEM !!!
BRAVIA
KD-55X9300D
KD-65X9300D
(4K HDR Android TV™)
FREE
BDV-N9200W
3,690,000 KS (55")
5,900,000 KS (65")
KD-55X9000E
KD-65X9000E
KD-65X9300E
(4K HDR Android TV™)
FREE
BDV-E3100
MDR-100ABN
"X9000E Series"
3,590,000 KS (55")
5,990,000 KS (65")
"X9300E Series"
6,290,000 KS (65")
KDL-32R324E
(Power Bank TV)
FREE
SONY BACK BAG
359,000 KS
အနည်းဆုံး 16,000mAh ရှိသော Power Bank နှင့် တွဲဖက်အသုံးပြုပါက (၈)နာရီကြာ ကြည့်ရှုနိုင်ပါသည်။
"ချက်ချင်းဝယ် ချက်ခြင်းပြန်ရမည့် Discount အစီအစဉ်"
KDL-48W650D
(Full HD Internet TV)
729,000 KS
KDL-43W750E
(Full HD Internet TV)
679,000 KS
KDL-43W800C
(Full HD Android TV™)
849,000 KS
KD-43X8000E
(4K HDR Android TV™)
1,090,000 KS
KD-43X7000E
(4K HDR Internet TV)
949,000 KS
အထက်ပါ SONY BRAVIA TV (၁)လုံး ဝယ်ယူပါက
ငွေကျပ် သုံးသောင်း တန် Discount Coupon ရရှိမည်ဖြစ်ပြီး
ထိုကူပွန်ဖြင့် နောက်ထပ် Sony Electronics ပစ္စည်းထပ်မံဝယ်ယူနိုင်ပါသည်။
HOME AUDIO & VIDEO
GTK-XB7
FREE
USB FAN + DISCO LIGHT + UMBRELLA
489,000 KS
CUH-2006AB01
FREE
CUH-ZCT2G
599,000 KS
HEADPHONES & WIRELESS SPEAKER
MDR-EX15AP
MDR-ZX110AP
MDR-ZX310AP
FREE
Sony T-Shirt
29,900 KS
31,500 KS
41,500 KS
SRS-XB10
FREE
Soft Pouch
82,000 KS
COMPACT DIGITAL CAMERA
ILCE-7M2 BODY + KIT Lens
(28-70mm Zoom Lens)
FREE
Battery NP-FW50 + 16GB Sony SD Card + Pillow
2,690,000 KS
HDR-PJ410E
FREE
Soft Carrying Case + Umbrella
519,000 KS
XPERIA™ SMARTPHONE
XPERIA™ XZ Premium
FREE
999,000 KS
XPERIA™ XZs
899,000 KS
FREE
XPERIA™ XA1
369,000 KS
XPERIA™ XA1 Ultra
529,000 KS
FREE
1st Prize
Japan Trip
2nd Prize
75" Sony LED TV
3rd Prize
Sony PlayStation®4
SONY SHOWROOM
Official Warranty by: TMW Enterprise Limited
အမြဲတမ်း အနယ်နယ်ရှိ Wai Yan Electronics နှင့် Dealer ဆိုင်ကြီးများတွင်လည်း Official Warranty ဖြင့် ဝယ်ယူရရှိနိုင်ပါသည်။
Like Us On http://www.facebook.com/tmwmm Sony Showroom By TMW Enterprise Limited
Buy Smart, Be Assured!
Insist an Official Warranty, it makes a difference!

# ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင်

ရွှေချစ်သူများအတွက် ကံစမ်းရန်မလိုပါ။ ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင် မှ
မိုးရာသီ Promotion အထူးအစီအစဉ် (1.7.2017 မှ 31.8.2017) အတွင်း
ကြိုက်နှစ်သက်သော ရွှေထည်ပစ္စည်း (၂)မျိုးဝယ်ယူအားပေးသော မိတ်ဟောင်း ၊ မိတ်သစ်
Customer များကို အားထိုးရွှေကလေစ် (၁)ခု မေတ္တာလက်ဆောင်ပေးသွားပါမည်။
အမှတ်(၅၉)၊ လှည်းတန်းလမ်းမ၊ လှည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၊ ၀၁-၅၃၄၆၁၀၀၀၊ ၅၃၉၁၅၀၂ ၅၂၃၀၀၀
PH; ၀၉-၄၄၃၀၀၂၆၉၇၊ ၀၉- ၂၅၄၂၀၀၀၂

## Gakken Classroom has come to Mandalay

**Franchise Opportunity Avaialable Now!**

If you are passionate about education and eager to contribute to your community, please contact us

***No.1** market share in the Japanese after-school learning industry where children learn primary maths*

Since 1947, Gakken has been pioneering new educational publications. With the hopes of helping children to have confidence and to experience the joy of learning, we have started Gakken Classroom in 1980 and successfully introduced across Japan and Asian countries with more than 420,000 members and 15,000 centres.




7 centres in Myanmar

**Orientation**

**30th** (Sun) July in Mandalay
10:00 AM sharp (2hours) MICT PARK Mandalay

**6th** (Sun) August in Yangon
13:00 PM sharp (2hours) #406, Hledan Centre

Note : Please arrive at the venue 25-30 minutes earlier. The number of participants will be strictly limited and if you would like to join the orientation, please contact us.

Call us now! **01-2307803 / 09-979682785**

## စိတ်ကူးချိုချိုစာအုပ်တိုက် ၁၈နှစ်ပြည့်အမှတ်တရ

# ဈေးလျှော့နှုန်း စာအုပ်ရောင်းပွဲ

တစ်ဦးချင်း ၂၀% ၊ ကြည်တိုက်နှင့်ကိုယ်စားလှယ် ၃၀%

၁.၈.၂၀၁၇(အင်္ဂါ)မှ ၁၃.၈.၂၀၁၇(တနင်္ဂနွေထိ)၊ နံနက် ၉နာရီမှ ညနေ ၅နာရီအထိ။

အထူးဝယ်ယူရန်၊ ကြားတောရလမ်းနှင့် ရန်ကုန်မန္တလေးစိတ်ကူးချိုချိုဆိုင်များ

လက်ဆောင်များ၊ အမှတ်တရများနှင့် အထူးထုတ်စာအုပ်များ

ဆက်သွယ်ရန် www.skccmyanmarbook.com နှင့် facebook

**CEO** ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ထွက်ပြီ။

- တရုတ်နိုင်ငံ၏ အကြီးဆုံးငွေကြေးနည်းပညာကုမ္ပဏီ Ant Financial
- ဆိုက်ဘာလုံခြုံရေးနှင့် နည်းပညာသားကောင်များ
- စိတ်ဓာတ်မှုနှင့် ကမ္ဘာ့အဆောင်ဖြစ်ဆုံး ဖုန့်ကိုလ် ၁၀ ဦး
- ကမ္ဘာ့စီးပွားရေးပုံစံအသစ်များ

တန်ဖိုး ၂,၅၀၀ ကျပ်

တွေဒေးစာအုပ်တိုက်က ထုတ်ဝေသည်။

ကြည်လင်လန်းဆန်း သွက်လက်ပေါ့ပါးစေတဲ့ ...

# မြင့်မြတ် အမှုးပြေသောက်ဆေး

ခေါင်းမူးခြင်း ခေါင်းကိုက်ခြင်း ခေါင်းအုံခြင်း သွေးတိုး သွေးတက်၍ နားထင်ကြောများ
တိုခြင်း မူးဝေနောက်ကျိခြင်း နောက်ကျောတက်ကြောဆွဲခြင်းနှင့်
အဆုံကြောအနည်ခြင်းများအတွက် သုံးစွဲနိုင်ပါသည်။

## HEAVY DUTY PALLET RACKING
THE ONLY WAY TO CREATE PERFECT BUSINESS

## HIGH QUALITY PLASTIC PALLETS
PP & HPDE MATERIALS / 2 WAYS & 4 WAYS






**MODERN TECH**
BUILDING MATERIALS & WAREHOUSE SOLUTIONS
01-522 489, 522 691, 522 692, 9660 679, 09 502 8456, 503 9441, 504 9860
E-mail : moderntech@decolandgroup.com Web: http://www.decolandgroup.com




ONE TEA နို့ဆီချောင်း

ကျပ်သိန်း (၅၀၀) တန်ဖိုးရှိ OKs ခဲခြစ်ကဲစမ်းမဲများ ပါရှိသည်။

တစ်ချောင်း ၅၀ ကျပ်

09 5178737 CGMFandB



POLAR FROST® Pain Relieving Cold Gel

Polar Frost Pain Relieving Gel




5g နှင့် 500ml pump ဘူးများကို ဖုန်း - ၀၉-၅၁၀၀၈၀၈ တွင် ရောင်းချပေးပါသည်။

MM Reg No. 1809AA6180

MADE IN FINLAND

- City Mart ဆိုင်ခွဲများ၊ စိန်ဂေဟာဆိုင်ခွဲများ၊ CAPITAL hypermarket၊ Gandamar Wholesale၊ RUBY MART၊

HYUNDAI

HYUNDAI MANDALAY

Grand Opening Promotion

Save Money or only Pay 20% First

1st ~ 31st July, 2017



**H-1**
- 2.5 CRDi Engine
- 6-Speed A/T
- 12 seaters

**SONATA**
- 2.0 MPi Gasoline
- 6-Speed A/T
- 6 Airbags

**H-100**
- 2.6L Diesel (Natural Aspiration)
- 5-Speed M/T



Mandalay Showroom : 3-F Myo Ma Oo Yin x 74th Street, Taung Myint Quarter, Pyi Gyi Ta Gon Tsp, MITC.

Hot Line : 09-253 151 970, 09-4539 555 60

Service Center : 09-421 888 220

www.hyundaimotor.com.mm

www.facebook.com/hyundaimm

3 YEARS WARRANTY

ENGLISH Conversation Practice

Great Wall

TAMWE - 540714, 09 5183636

09 420230133



09-43334111
09-73077711
09-43334222
09-33307222
01-682844
01-682928
01-682944
02-78594

LCCI - EDI (UK)

LCCI Level 1+2 & 3

AutoCount Computerised Accounting

2017 December Series (August)

09-5118647-73009869-73013432-73028433

အောင်ချမ်းသာ

ကားအပြောင်း/အရွှေ့ ဝန်ဆောင်မှုလုပ်ငန်း

DYNA 14',16'

09 43182828

09 73140091

09 5037847

09-6809893

09-5120620



လူကြီးမင်း CELL PHONE VILLA

July 1 → August 31

နာမည်အကြီးဆုံး Brand တွေရဲ့ တန်ဖိုးအကြီးဆုံး

Handset များကို အပတ်စဉ် ကံထူးနိုင်မည့် အခွင့်အရေး

HOTLINE NUMBER : 09 4533 44800

# မြန်မာလက်ရွေးစင်နှင့် မလေးရှားလက်ရွေးစင်အသင်းတို့ ဩဂုတ် ၂၉ ရက်တွင် ခြေစမ်းပွဲကစားမည်



မြန်မာလက်ရွေးစင်အသင်းနှင့် မလေးရှားလက်ရွေးစင်အသင်းတို့ ပြီးခဲ့သည့်နှစ် ဆူဇူကီးဖလားပြိုင်ပွဲတွင် တွေ့ဆုံခဲ့စဉ်။

**ရန်ကုန် ဇူလိုင် ၂၈**

၂၀၁၉ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲဝင်ရောက်ယှဉ်ပြိုင်နေသည့် မြန်မာလက်ရွေးစင်အသင်းသည် ကာဂျစ္စတန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည့် အုပ်စုတတိယပွဲစဉ်မတိုင်မီ မလေးရှားလက်ရွေးစင်အသင်းနှင့် ဩဂုတ် ၂၉ ရက်တွင် သုဝဏ္ဏကွင်း၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာအသင်းနှင့် မလေးရှားအသင်းသည် ပြီးခဲ့သည့်နှစ်တွင် နှစ်ကြိမ်တွေ့ဆုံခဲ့ဖူးပြီး ယင်းနှစ်ပွဲစလုံးကို သုဝဏ္ဏကွင်း၌သာ ကစားခဲ့ကာ ပထမအကြိမ် ခြေစမ်းပွဲတွင် ဂိုးမရှိသရေကျခဲ့ပြီး ဒုတိယအကြိမ် ဆူဇူကီးဖလားပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲတွေ့ဆုံရာတွင် မြန်မာအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မြန်မာလက်ရွေးစင်အသင်းသည် ယင်းပွဲအတွက် ဇူလိုင် ၂၂ ရက်မှစ၍ လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသော်လည်း လက်ရွေးစင်အသင်းနည်းပြချုပ် ဂတ်ဖရိုင်းဒရစ်အပါအဝင် နည်းပြအဖွဲ့ဝင်များ၊ ကစားသမားအများစုမှာ ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၂ အသင်းတွင် ရွေးချယ်ခံထားရသောကြောင့် လူစုံလေ့ကျင့်နိုင်ခြင်းမရှိသေးဘဲ ယာယီနည်းပြအဖွဲ့က တာဝန်ယူလေ့ကျင့်ပေးလျက်ရှိသည်။ မြန်မာလက်ရွေးစင်အသင်းကို ယာယီနည်းပြများဖြစ်သည့် ဦးကျော်လွင်၊ ဦးစိုးမြတ်မင်း၊ ဦးစိုင်းမောင်မောင်ဦး (ဂိုး) တို့က တာဝန်ယူလေ့ကျင့်ပေးလျက်ရှိပြီး ပဏာမကစားသမား ၁၉ ဦး ရွေးချယ်ထားသည်။ မြန်မာလက်ရွေးစင်အသင်း၏ ပဏာမလူစာရင်းတွင် ဝါရင့်ကစားသမား ရန်ပိုင် ပြန်လည်ပါဝင်လာပြီး လက်ရွေးစင်အသင်းနှင့် ကာလတစ်ခုကြာ ဝေးကွာနေသည့် ကစားသမားအချို့လည်း ပြန်လည်ရွေးချယ်ခံခဲ့ရသည်။

လက်ရှိဖွဲ့စည်းထားသည့် မြန်မာလက်ရွေးစင်အသင်းတွင် နည်းပြ-ဦးကျော်လွင်၊ ဦးစိုးမြတ်မင်း၊ ဂိုးနည်းပြ-ဦးစိုင်းမောင်မောင်ဦး၊ ဂိုး - သီဟစည်သူ(ရှမ်းယူနိုက်တက်)၊ ကျော်ဇင်ထက်

**စာမျက်နှာ ၁၂ ကော်လံ ၁ သို့** ❖

# ကျောင်းကုန်းမြို့တွင် ဒါးကမြစ်ရေကြီးမှုကြောင့် မိုးစပါးဧက နှစ်သောင်းနီးပါး ရေနစ်မြုပ်

**ကျောင်းကုန်း ဇူလိုင် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်တွင် စိုးရိမ်ရေမှတ် ၁၇ ပေအထက် တစ်ပေကျော်လွန်ကာ ၁၈ ပေသို့ ရောက်ရှိနေပြီး ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၃၃ အုပ်စုမှ အိမ်ခြေနှင့် အိမ်ထောင်စု ၆၉၄ စု လူဦးရေ ၂၃၅၇ ဦးတို့သည် ဇူလိုင် ၂၈ ရက် နေ့လယ်ပိုင်းတွင် ဘေးလွတ်ရာ ယာယီခိုလှုံရေးစခန်းများဖြစ်သော ဘုန်းတော်ကြီးကျောင်းများ၊ ကားလမ်းမဘေးနှင့် မီးရထားလမ်းဘေးများသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိပြီး ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားရှိ ဆောင်ရွက်ခြင်းမရှိသေးကြောင်းနှင့် ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ပျက်စီးသွားသော မိုးစပါးစိုက်ဧကမှာ ယနေ့အထိ

**စာမျက်နှာ ၁၂ ကော်လံ ၁ သို့** ✪



စစ်တောင်း၊ ဝေနှ၊ တိုး

# မြစ်ရေကြီးမှုအခြေအနေ

နေပြည်တော် ဇူလိုင် ၂၈

**စစ်တောင်းမြစ်** - ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း တစ်ပေခွဲခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ဝေနှမြစ်** - ဝေနှမြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် နှစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

အလားတူ သာပေါင်းမြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း သာပေါင်းမြို့တွင် တစ်ပေခန့်ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**တိုးမြစ်** - တိုးမြစ်ရေသည် မအူပင်မြို့တွင် နှစ်လက်မခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနက ထုတ်ပြန်ထားသည်။ **(ကြေးမုံ)**

